
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# သစ္စာပြင့်သာစီရင်စေ

(အချစ်မေတ္တာအဖွဲ့ လုံးချင်းသန့်သန့်)

(ဇာတ်သိမ်းပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၀၃၀၇၀၂၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၃၅၂၀၃၀၈

**ထုတ်ဝေခြင်း**

၂၀၀၈ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

**ထုတ်ဝေသူ**

ဦးအောင်ကြည်(ခ)ဦးသစ်လွင်

ဂန့်ဂေါ်မြိုင်စာပေ (၀၉၄၈)

အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း၊ ဖ-ရပ်ကွက်၊

သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (မြ-၀၁၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ** - ကိုအောင်လွင် (CONQUEROR)

**ကွန်ပျူတာ** - ပန်းအိစံ

**ပြင်ပဆက်သွယ်ရေးမှူး** - ခင်မာဆွေ

**ဖြန့်ချိရေး** - မြတ်မာမာမင်း၊ ရန်နိုင်

**အတွင်းဖလင်** - ကိုသောင်းမြင့်

**စာအုပ်ချုပ်** - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Center မှ

တာဝန်ယူစီစဉ်ပါသည်။



"အဲဒီကိစ္စ မင်းလက်လျှော့လိုက်စမ်း မိမိ၊ ခုကြည့်စမ်း... ဘယ်လောက်ရှက်ဖို့ကောင်းသလဲ၊ ဒီကိစ္စတွေ ငါက ဦးဆောင်နေတယ်လို့များ ထင်သွားရင် ဘယ်လောက်... ဟာကွာ... ပြောရင်း စိတ်တိုလာပြန်ပြီ"

လင်ဖြစ်သူကို ဒေါ်မိမိ မကျေမနပ်ဘဲ ကြည့်နေမိသည်။ ဘာလုပ်လုပ် သူ့ပဲ ကာဆီး ကာဆီး...

"မင်း စဉ်းစားကြည့်စမ်း"

"စဉ်းစားပြီးမှလုပ်တာပဲ အစ်ကိုကြီး၊ ခုဆို 'ပိုင်' ဂေဟာမှာ ဘာတွေဖြစ်နေပြီလဲ၊ အိမ်ထောင်ဦးစီးဖြစ်တဲ့ အစ်ကိုကြီးက ပိုသိမှာပါ"

သစ္စာမွန်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ မင်းဆုတ်မပြောနဲ့ မိမိ၊ ဒီဆိုးကျိုးတွေဖြစ်လာဘာ စီးပွားရေးနဲ့လည်း မဆိုင်ဘူး၊ အိမ်ထောင်ဦးစီးဆိုတာနဲ့လည်း မဆိုင်ဘူး၊ မင်းကြောင့်... မင်းနဲ့ပဲ ဆိုင်တယ်"

"ဘယ်လို... ဘယ်လို"

"မင်းက မသိချင်ယောင်ဆောင်နေပြန်ပြီ မိမိ"

ဦးသက်ထက်ပိုင်က လေသံကို လျှော့ချလိုက်ကာ

"မမဦးတို့နဲ့ မင်းရှုံးသွားတာ ဘယ်လောက်လဲ"

ဒေါ်မိမိသွင် ခေါင်းငုံ့သွားသည်။

"အရောင်းအဝယ်ကိစ္စဆိုပြီး သွားရှုံးပစ်တာကော ဘယ်လောက်လဲ၊ နောက်ထပ်ပြီး အကြိမ်ပေါင်းများစွာတွေကို တန်းစီတွက်ပြရဦးမလား"

"ဒါကတော့ ကိုယ့်စီးပွားရေးအတွက် တစ်တပ်တစ်အား ဖြစ်လာမယောလို့ လုပ်တာပဲ"

"ဟ...အဲဒါ စီးပွားရေးလုပ်တာနဲ့ မတူတော့ဘူးလေ၊ စီးပွားရေးသမားဆိုတာ.."

"အရှုံးနဲ့အမြတ် ဒီနှစ်ခုပဲ အစ်ကိုကြီး၊ တစ်ခုမဟုတ် တစ်ခု ဖြစ်လာမှာပဲ"

"မှန်တယ်လေ၊ ဒါပေမယ့် အလုပ်တစ်ခုကို လုပ်ကြည့်၊ တစ်ခါနှစ်ခါ သုံးခါထိကွာ၊ အဲဒါမဟန်ဘူးဆိုရင် နောက်နည်းနည်းပြန်ဆုတ်၊ အကိုးအလျှော့ ပေးထားပြီးလှုပ်ရှားရတယ်၊ ဖြစ်ချင်ရာ





ဖြစ်လာမှာပဲ ဆိုတဲ့ အသိဟာ စီးပွားရေးအသိမှ မဟုတ်တာ၊ မင်းဟာ ငါ ငွေလိုသလောက်ထုတ်ရင် နိုင်တယ်ဆိုတဲ့ လူကြားတွေ လူကြောင်တွေရဲ့ ခပ်ပေါပေါအလုပ်ကို လုပ်လိုက်တာ၊ ဒီကြားထဲ ဖဲကလည်း ကစားလိုက်တော့ ဝက်ဝက်ကွဲ"

"အစ်ကိုကြီး..ဒါ အစ်ကိုကြီးရဲ့ မယားတစ်ယောက်လုံးကို ချီးမွမ်းခန်းဖွင့်တဲ့နည်းလား"

ဦးသက်ထက်ပိုင်က ခပ်မွဲမွဲပြုံး၍ တစ်ဖက်ကိုလှည့်သွားသည်။

"မိမိ...မိမိ မင်းဟာ...ရောင့်ရဲနိုင်ခြင်းမရှိတဲ့မိန်းမပဲ၊ လောဘကြောင့် နှစ်ခါသေတယ်ကွ၊ အဲဒါ မင်းနားလည်လား၊ ပထမလောဘကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကိုယ်စိတ်နှလုံး ချုံးချုံးကျပြီး လူသေတစ်ယောက်လို ဖြစ်မယ်၊ နောက်တစ်ခါ အဲဒီစိတ်ကြောင့်ပဲ ရုပ်ကြီးပါ မြေကျကြွေရတာပဲကွ"

ထုံးစံအတိုင်း ဒေါ်မိမိသွင် မျက်ရည်ပေါက်ပေါက်ကျပြန်ပါသည်။

"ဒီမှာ မိမိ...ဘို့ စီးပွားရေးဟာ အကြောင်းအမျိုးမျိုးကြောင့် အခြေနေပြီဆိုတာ ထားပါဦး၊ ဒီတံခွန်ဆိုတဲ့ကောင်ကို မင်း ဒီလောက်ထိ လောဘတွက်နေတာ အရမ်းကို သိက္ခာမဲ့နေတယ်"

"အို...ဒါကတော့ တံခွန်ဆိုတာ ဘယ်လိုအစွမ်းအစရှိတယ်၊ ဘယ်လိုထက်မြက်တယ်ဆိုတာ သိထားတဲ့ သမီးရှင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မိမိလိုပဲ ဖြစ်နေကြတာ အကိုကြီး အသိပဲ၊ မိန်းကလေးရှင်ဖြစ်ပြီး ကိုယ်တိုင် သမီးစေ့စပ်တဲ့လူတွေကျတော့ရော အဲဒါပြောဦးလေ"

"ဘာပဲဖြစ်ဖြစ် ဒီကောင်ဟာ ဆက်ပိုင်ရဲ့ သွေးတွေ စီးမျောနေတဲ့ကောင်၊ သွေးရင်းသားရင်းဖြစ်တဲ့ကောင်တောင် 'ပိုင်' မာမျှ ဆိုတာ ဘယ်လိုစိမ်းပြတ်ခဲ့သလဲ၊ ရှေ့ဆက်တွေးကြည့်ရင် ခင်းသိမှာပဲ"

"ဘာပဲဖြစ်ဖြစ် သူဟာ ဘယ်လောက်အပြောရှိင်းရှိင်း ကျူးရှူးသိတတ်တဲ့ တစ်ချက်နဲ့ပဲ သူ့ရဲ့စိတ်ဓာတ်ကို တိုင်းကြည့်လို့ ရတယ်၊ ဆက်ပိုင်ဆိုသူဟာ ခုချိန်ထိ အနားမှာရှိနေသလို ရိုကျိုးလေးစားတဲ့သူ၊ မေဆိုလည်း ဆက်ပိုင် ဆက်ဆံသလိုပဲ၊ သူ့ထက်လေးစား အရေးတယူ ဆက်ဆံတာ မိမိတို့ဘက်မှာ နိုင်ကွက်ရှိနေတာပဲ"

"အဲဒီနိုင်ကွက်ဆိုတာက မင်းတို့ ဖန်တီးနေတာမို့လား"

"အစ်ကိုကြီးသမီးအတွက် အစ်ကိုကြီး သဝန်တိုနေလား"

"ဘာမှမဆိုင်ဘူး"

"ဒါဆို မိ တစ်ခုပြောမယ်"

"ဘာလဲ"

"အစ်ကိုကြီးသမီးကို 'အမေ့ရင်ခွင်' ထဲက ဆွဲထုတ်ပေးလေ"

"ဘယ်လိုကွ"





ကြားရတာတွေ အမိပွာယ်တွေ ရှုပ်ယှက်ခတ်ကုန်ပြီ။

ဦးသက်ထက်ပိုင် မျက်လုံးပြူးနှင့်ငုံ့ကြည့်လာသည်။

"အမေ့ရင်ခွင်ဆိုတာ အစ်ကိုကြီး နားရှုပ်သွားလား၊ အဲဒါဟာ ကလေးထိန်းသိမ်းရေးသက်သက် မဟုတ်တဲ့ စာသင်ကျောင်းတစ်ခုပဲ၊ ယမာ အဲဒီမှာ နေပြီးအလုပ်လုပ်နေတယ့်"

"အဲဒီတော့..."

"ခက်နေတာက အဲဒီ 'အမေ့ရင်ခွင်' ဟာ တံခွန်ကိုယ်ပိုင် ဖြစ်နေလို့"

တိုက်ဆိုင်ခြင်း...

အို.. တမင်ဖန်တီးယူလို့မရတဲ့အကြောင်းမျိုးတွေဟာ တစ်ခါတစ်ရံ လွန်မင်းတိုက်ဆိုင်စွာ ဖြစ်တတ်လေသည်ပဲ။

ဦးသက်ထက်ပိုင် ပါးစပ်ကြီးအဟောင်းသားပွင့်လျက်ပင်..

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



"ဟလို…ပြောပါ"

"သားလား…အန်တီမေပါကွယ်"

"သြော်..ဟုတ်ကဲ့.. ပြောပါအန်တီမေ"

"…သားရယ်.. ဟိုတစ်နေ့က သားကိုခေါ်နိုင်းမိတာ စိတ်မကောင်းပါဘူး"

"ကျွန်တော် ဖြတ်ပြောပါရစေ အန်တီမေ… အဲဒီအတွက် ကျွန်တော့်ကိုနားလည်ပေးပါ။ အန်တီမေ့ကို စော်ကားသလိုဖြစ်သွားပါတယ်"

"…နားလည်ပါတယ်ကွယ်၊ အန်တီမေလေ.. သားကို ပြောစရာရှိတယ်"

"ပြောပါ..ကျွန်တော်လည်း သိချင်ပါတယ်"

"ကိစ္စကတော့ မင်္ဂလာကိစ္စပဲကွယ်"





"ဗျာ…"

တံခွန် ဖုန်းလက်ကိုင်ကို တင်းတင်းဆုပ်လျက် နားဖျား၌ ဖိကပ်ထားလိုက်သည်။

မထင်မှတ်ထားသောစကား…

တစ်ဖက်က တော်တော်နှင့် အသံထွက်မလာ။

"သား…"

"ဗျာ"

"မောင်လေးဆက်ပိုင် ရှိတုန်းလေ တို့သုံးယောက်ဆိုင်ပြီး ပြောထားခဲ့ဖူးတဲ့ကိစ္စလေ"

ဘယ်အရာကိုမှ ခပ်ပေါ့ပေါ့ မေ့မထားတတ်တဲ့သူပါ။

တံခွန် မှတ်မိနေပါသည်။

ဒါပေမယ့် အဲဒီကိစ္စကို လေးလေးဆက်က စိတ်ကူးကို ပြောပြပုံမျိုးပဲ။ အခိုင်အမာ စီမံခဲ့တာလည်းမဟုတ်။

အမှတ်ထင်ထင်ရှိနေသည်က မျက်နှာငယ်ရှာတဲ့မိန်းကလေးတဲ့။

မမနဲ့ ကျွန်တော်တို့လက်ထဲမှာပဲ ဒီကလေးဘဝ ရှင်သန်ရမှာပဲ ဆိုတာပင်…

သူ့ စိတ်မဝင်စားသလို ဘာမှလည်း ဝင်မစပ်စုမိခဲ့တာ အမှန်။

လေးလေးဆက်ကလည်း သူသိစေချင်၍ သူသိသင့်၍



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြော သိစေတာမျိုးမှ မဟုတ်ခဲ့ပေပဲ။

မောင်နှမနှစ်ယောက် စီစဉ်လိုသည့်ဆန္ဒကို ဖွင့်ပြောနေကြပုံမျိုး။

သူသာ အနားမှာ ရှိမနေခဲ့လျှင် ဒီကိစ္စ သိနေစရာပင်မရှိ။

ခုလိုတွေ တွေဝေခက်ခဲစရာ အကြောင်းလည်းမရှိ။

ရုတ်တရက်ကြီး ဆုံးသွားရသည့် လေးလေးဆက်သည် ဒီကိစ္စကို အရေးမကြီး၍လား...

မေ့ပစ်လိုက်၍လား...

သူ့ကိုဘာမှ ထပ်သိစေခဲ့ခြင်း မရှိပါချေ။

"မောင်တံခွန်"

"ပြောပါ အန်တီမေ"

"အဲဒီကိစ္စ သားဘက်က အဆင်သင့်ရှိနေတယ်ဆိုရင် စီစဉ်ချင်တယ်ကွယ်"

"မိန်းကလေးက ဘယ်သူလဲ အန်တီဓေ"

"မူမူပါ"

တံခွန် နှုတ်ဆိတ်သွားသည်။

သူ တစ်ခါကြားခဲ့ဖူးတာ ဒီနာမည်မျိုးမဟုတ်သလိုပါပဲ။

"သူက ပိုင်ဂေဟာနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ကိုထက်ရဲ့ သမီးကြီးပဲ"

"ဟာ...မဖြစ်နိုင်တာ"

သစ္စာမွန်စာပေ



ကြိုတင်စီစဉ်ခြင်းမရှိသော ငြင်းချက်က ဖျတ်ခနဲ ခုန်ထွက်သွားသည်။ သူနှင့်ပေးစားလိုပါသည့် မိန်းကလေးသည် ဦးသက်ထက်ပိုင်၏ သမီးဖြစ်ခဲ့ပါလျှင် လေးလေးဆက် ဒီလိုစီစဉ်ခဲ့ပါ့မလား။

မူမူဆိုတာ...

လီလီဆိုသည့် ကောင်မလေး၏အစ်မဆိုတာပဲ မို့လား။

မူမူသွင်ဆိုတာပဲ...

သနားစရာ မျက်နှာငယ်ရာသည်ဆိုသော မိန်းကလေးသည် မိစုံ ဖစုံနှင့် ချမ်းသာကြွယ်ဝပြည့်စုံစွာ နေနိုင်သည့် မူမူသွင်လိုမျိုးလား။

ဒီလိုတွေဖြစ်လာမယ်မှန်းသိခဲ့ပါလျှင် သူ အစက မဆိုင်သလို- နေခဲ့မိမည်မဟုတ်။

ဂဃ နဏ မေးလိုက်မိမည်။

တကယ်ဖြစ်လာမယ်ဆို လေးလေးဆက်ကိုယ်တိုင် ဆန္ဒရှိစွာ သေချာကြပ်မတ် ထိမ်းမြားပေးခဲ့တာမျိုးဆိုမှ အဓိပ္ပာယ်ရှိမည်။

ခုတော့... သူ့ကိုယ်သူ မကျေနပ်။

ဘာကိုမှန်းမသိသော မကျေနပ်ချက်သည် တရိပ်ရိပ်တက်လာ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဒွေး... ညှိသည်ရောက်နေတယ် ခင်ဗျ"

"ဘယ်သူ့တဲ့လဲ"

"ဦးတက်လှုတဲ့"

"ဟော... အေး လွှတ်လိုက်"

ဦးသက်ထက်ပိုင် ပျာပျာသလဲ ထရပ်လိုက်လျက် ချက်ချင်း ပြန်နိုင်းသည်မို့ ရုံးစောင့်ကလည်း ခပ်သုတ်သုတ်ပဲ ပြန်ထွက်သွားသည်။

"လာဗျာ... ကိုတက်လှု၊ ကျုပ်ဖြင့် စာရင်းတွေသာ စစ်နေရတယ်၊ တမျှော်မျှော်နဲ့ လည်ပင်းတောင် ရှည်နေပြီထင်ရဲ့"

"မရှည်ပါဘူးဗျာ၊ နဂိုအတိုင်းပါပဲ"

"ဟား ဟား..."

နှစ်ယောက်သား ရယ်ဖြစ်ကြပေမယ့် ခပ်တွေတွေရယ်ပါ။

"ရောက်မဆိုက်ပဲ၊ ပြောစမ်းပါဦးဗျာ... ကိစ္စ အဆင်ပြေရဲ့လား"





"ဟူး"

လေပူလုံးကြီး ရှည်လျားစွာ မှုတ်ထုတ်လျက် စားပွဲရှေ့ ကုလားထိုင်မှာ ဦးတက်လှု ဝင်ထိုင်သည်။

"မပြေဘူး ကိုထက်ပိုင်၊ ခင်ဗျားလူက မယ်ထွေးလို ချင် အမှတ်လျှော့ပါဦးလုပ်လို့ ရမယ့်မြွေမင်းသားလည်းမဟုတ်တော့ ခက်တယ်ဗျာ"

ဦးသက်ထက်ပိုင် မျက်နှာပျက်သွားသည်။

ရုတ်တရက် စကားပင် မဆိုနိုင်ပါလေတော့။

"ခင်ဗျားတို့ သေသေချာချာ ပြန်ညှိကြည့်ပါဦးလားဗျာ"

ဦးတက်လှု စကားမပြန်ဘဲ ငိုင်တွေနေသည်။

"ကျုပ်တို့ သူ့ကို ရှယ်ယာသွင်းမိတာကိုက မှားတာ"

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်တို့အတွက်ကလည်း အင်အားတောင့်တဲ့သူကို ရုံချင်တာကိုး"

"အခုရှယ်ယာငါးပုံ သုံးပုံဟာ သူပိုင်ဖြစ်နေပြီဆိုတော့ နဂိုကတည်းက အားနည်းနေတဲ့ ကျုပ်တို့အုပ်စုကို ဒီကောင် အနိုင်နဲ့ ပိုင်းတော့မှာ"

"ဖျှန်း"

စားပွဲပေါ် လက်ဝါးတစ်ဖက် ဖြန်းခနဲကျသည်။

ဦးသက်ထက်ပိုင်မျက်နှာ ဒေါသကြောင့် သုန်မှုန်နေသည်။

"ဒီကိစ္စ ကျုပ်ဝင်မှဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်လွှမ်းအကြည့်က "ဟုတ်ရဲ့လား" ဆိုသောအမေးတွေနှင့်။

“ဘာ့ခွန့်ဆိုတဲ့ကောင်ကို ခင်ဗျားပါဝါနဲ့ ရပ့်မလား”

ဦးသက်ထက်ပိုင် တစ်ချက် တွေခနဲဖြစ်သွားသည်။

“ဘာပဲဖြစ်ဖြစ် ကျုပ်တို့အုပ်စုနဲ့ ခြောက်မယ်ဗျာ”

“ဟား ဟား ဟား…”

ဒီလိုပဲဖြစ်ရမှာပေါ့ဆိုသည့် ရယ်သံတွေလား…

မလှမ်းမကမ်း ဦးသက်ထက်ပိုင် ဒေါသဖြစ်ရပြီ။

“သူဌေး… ဧည့်သည်ရောက်နေပါတယ်”

“ဘာ…”

ရုံးစောင့်၏မျက်နှာပေါ်မှာ ဦးတည်ချက်မဲ့နေသည့် ဒေါသလုံးကြီး ပစ်ဆောင့်ပေါက်ကွဲသွားပါ၏။

“ဒါ ရုံးပိတ်ရက်လေ၊ မင်းအမေ့လင်မို့ မသိရှာလား”

“ဟုတ်ပါတယ် သူဌေး၊ ဧည့်သည်က ဇွတ်တွေ့ခွင့်တောင်းနေပါတယ်”

“နားရက်မှန်းသိလျက်နဲ့ လာတယ်ဆိုတော့ အကြောင်းရှိလို့များလား၊ တွေ့ခွင့်ပြုလိုက်ပါ ကိုထက်ပိုင်၊ ကျုပ် ရှောင်ပေးရမလား”

“နေ… နေ… ရတယ်၊ ဟော့… လွှတ်လိုက်တော့”

မကြာပါ။ အမျိုးသမီးတစ်ယောက် ဝင်လာသည်။

မကြည်ကြည့်နှင့် ဦးသက်ထက်ပိုင်မျက်နှာကို သူမက





ပြုံးပြလိုက်သေး…

“စိတ်တော့မရှိပါနဲ့ရှင်၊ ကျွန်မက အေးအေးဆေးဆေး လူသူရှင်းတဲ့နေရာမှာ တွေ့ချင်လို့ တမင် အချိန်စောင့်ပြီးလာခဲ့တာပါ၊ ခုလို ဧည့်သည်ရှိနေတော့လည်း စိတ်မကောင်းပါဘူး”

“ကဲ… ခင်ဗျားလာတဲ့ကိစ္စကို ပြောပါ၊ ဒီနေ့ ရုံးပိတ်ထားပါတယ်၊ အရေးတကြီးအကြောင်းရှိလို့ ဒီနေ့ ဒီနေရာမှာ ကျုပ်ရှိနေခြင်းပါပဲ၊ ကဲ… ကျုပ်ကိစ္စကို ခဏဖယ်ထားမယ်၊ ပြောပါ”

“ဟုတ်ကဲ့… ဒီလိုပါ”

ဘယ်သူမှမထိုင်ခိုင်းသေးပေမယ့် သူမဘာသာပဲ ဝင်ထိုင်သည်။

“ဘာပဲဖြစ်ဖြစ် သမီးလေးတွေချည်း မွေးထားတဲ့ မိဘတွေအဖို့မှာ စီးပွားရေးကိုချည်း အာရုံစိုက်နေရင် သားသမီးအုပ်ထိန်းမှုဘက်မှာ အားနည်းသွားတတ်တယ်လေ၊ ကျွန်မဆိုလိုချင်တာကတော့ ဦးသက်ထက်ပိုင်တို့ဇနီးမောင်နှံ သမီးလေးတွေကို ပြန်ကြပ်မတ်စေချင်တယ်”

“ဘာပြောတယ်”

ဦးသက်ထက်ပိုင် မျက်နှာကြီးနီမြန်းနေပြီ။

“ခင်ဗျား ဘာစကားပြောလိုက်တာလဲ၊ ကျုပ်သမီးတွေ အခု ဘာဖြစ်နေလို့လဲ”

“ကျွန်မမှာ သမီးမရှိပေမယ့် ကိုယ်ချင်းစာတတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထက်ပိုင်၊ အားလုံးအတွက် အကျိုးထူးလာမှာမဟုတ်တဲ့ အတွက် ညှိသည်လည်းရှိနေတဲ့အတွက် ဒီမေးခွန်းကို မဖြေသင့်ဘူးလေ၊ ရှင်တို့ ကျွန်မတို့ ရှေ့ဆက်လုပ်ရမှာက ကိုယ့်သားသမီးကို ကိုယ် ဂရုစိုက်စောင့်ကြည့်ဖို့၊ ဆုံးမသွန်သင်ဖို့ပဲ''

လေသံကို တစ်ချက်မှမတိမ်းဘဲ အမျိုးသမီးက မျက်နှာ တည်နှင့် ပြောနေသည်။

''ဒါပါပဲ ဦးသက်ထက်ပိုင်၊ အားလုံးပဲ ခွင့်ပြုပါဦး''

သွားပါပြီ။ ဒါ သမီးနဲ့ပတ်သက်တဲ့ သားရှင်တစ်ယောက် များလား။ တစ်ပူပေါ် နှစ်ပူဆင့်။ အပူတစ်ပူတောင် မငြိမ်းနိုင်သေး၊ နောက်ထပ် ပူရပြန်ပြီ။ ရှက်လွန်း၍ ဟန်မဆောင်နိုင်စွာဘဲ မျက်နှာကို စားပွဲပေါ် မှောက်ချလိုက်မိသည်။ ကိုယ်စိတ်နှင့်ဲ ချုံးချုံးကျလျက် ကမ္ဘာကြီးတစ်ခုလုံးမမြင်အောင် အဝေးကြီးရဲ့ကြားလေး တစ်နေရာမှာ သွားပုန်းနေချင်သည်။

''သိပ်လည်း စိတ်ညစ်မနေပါနဲ့ ကိုထက်ပိုင်ရာ၊ အဆင်မပြေ ဖြစ်ချင်လာရင် ဒီလိုပဲ၊ အားလုံးတိုက်ဆိုင် စုပြုံပြီး ခေါင်းခဲရတာဗျ။ ကိုယ်က သမီးလေးတွေ မွေးထားတော့မှ သူပြောသွားသလိုပဲ ကြပ်မတ်ပေးရုံပေါ့''

ဖြည်းဖြည်းချင်းမော့လာသည့် ဦးသက်ထက်ပိုင်ခမျာ အံတင်းတင်းကြိတ်ထားလျက်...

✻✻✻

သစ္စာမွန်စာပေ



''ခြေလှမ်းတွေများလှချေလား လီလီ၊ ဒါက ဘယ်ကိုလဲ''

''အန်တီချစ်တို့ဆိုင်ကိုလေ မာမီရဲ့၊ အထည်အသစ်တွေ၊ ဒီဇိုင်းအသစ်တွေနဲ့ အရမ်းဆန်းတာပဲတဲ့၊ မနေ့ကတည်းက မှာထားတာ''

ဒေါ်မိမိသွင် မျက်နှာမဲ့သွားသည်။

''ပိုက်ဆံရော ဘယ်ကရလို့လဲ၊ ဘယ်လောက်ပါလဲ''

လီလီသွင် ဖိနပ်ချွတ်စင်မှာ စိတ်ကြိုက်ရွေးနေရင်း ဟင့်ခနဲ ရယ်သည်။

''မာမီကလည်း အပိုတွေပြောနေပြန်ပြီ၊ ခါကြိုင်းလည်း လီတို့ဝယ်တာတွေ မာမီ နောက်ကလိုက်ရှင်းနေတာပဲမဟာ၊ ခုလည်း ပြီးတော့ မာမီသွားရှင်းပေါ့''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ချာခနဲ လှည့်လာသည်။

ညို့မှုတ်နေသည့် မာမီ့မျက်နှာကို ခပ်ဖွဖွ နမ်းပစ်လိုက်၏။

"ဘာလဲ... ကိုယ့်အိမ်အကြောင်း ကိုယ်သိ၊ အနေအထိုင် ဆင်ခြင်၊ အသုံးအစွဲလျှော့၊ ဒါပဲပြောဦးမလို့လား"

"ဟဲ့... မပြောလို့ဖြစ်မလား၊ ခုဆို ယမားပစ္စည်းတွေ ဆဲ့ည်း ကုန်ပြီ"

"အရင်လိုပဲ ပိုင်စိုးလို့ခေါ်စမ်းပါ မာမီရာ၊ ဒီဟာမကို မာမီကပဲ ရောကြောက်နေပြန်ပြီ"

"ကြောက်လို့မဟုတ်ဘူးဟေ့၊ ဒီနေရာမှာ ဒင်းမာနကြီးတာတော့ သိပ်ကောင်းပဲ၊ ပိုင်စိုးကို သူ့သဘောနဲ့သူဖြုတ်ပြီး ယမားပိုင်စိုးကနေ ယမားဖြစ်သွားတာ ပိုင်ဂေဟာနဲ့ တစ်ခါတည်း တီခနဲ ဖြတ်ပစ်လိုက်တာထက် ထိရောက်တယ်၊ ဒါကြောင့် သူ့စကားအတိုင်း ရောပြီး ယမားလို့ပဲခေါ်တာ"

လီလီသွင့်မျက်နှာ မကြည်လင်ပါ။

"ခုနစကား ပြန်ဆက်ရဦးမယ်၊ အိမ်မှာဆို အတွင်းပစ္စည်း ဆိုလို့ လက်တစ်ဆုပ်စာတောင် ရှိတော့လို့လား၊ ညည်းတို့ဖအေ ရှယ်ယာဝင်ထားတဲ့ လုပ်ငန်းတွေလည်း တစ်ခုပြီးတစ်ခု မိုင်းနပ်စ်မှာ ပြနေပြီ၊ ခုချိန်မှာ မိသားစု စည်းစည်းလုံးလုံး နေထိုင်ပြီး ကျစ်ကျစ် လစ်လစ် သုံးရမယ်၊ တိုင်ပင်သင့်တာ တိုင်ပင်ပြီး လုပ်သင့်တာ လုပ်ရမယ်"





"လာပြန်ပြီ၊ ဘာလဲ... ဟို တံခွန်ဆိုတဲ့ သေနာကျနဲ့ မမကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ပေးနိုင်ဖို့၊ ဒါပဲလား"

"အေး... ဒါလည်းပါတယ်၊ တံခွန်ဆိုတဲ့ကောင်ဟာ ဘာထိထိ သူ့လက်နဲ့ထိရင် ရွှေဖြစ်နေတာ၊ ချမ်းသာလိုက်တာလည်း ကျိုကျိုတက်၊ ဘယ်မီဘ၊ ဘယ်မောင်နှမမှလည်း မရှိဘူး၊ တစ်ကောင် ကြွက်"

"အလကား ဆွေမသန့် မျိုးမသန့်ကောင်"

သူမက လက်တွေ့ဆက်ဆံလာခဲ့ရပြီမို့ မကျေနပ်ချက် အပြည့်နှင့် နှင့်နှင့်သီးသီး ဆိုနေမိတာ။

အစက အထင်ကြီးခြင်းရှိပေမယ့် ခုတော့ မုန်းတီးနေပြီ။

"ဆွေမျိုးသန့်လွန်းလို့မှ သန့်သန့်တောင် မြည်နေသေးတယ် ဆရာမရေ၊ ဆက်ပိုင်က ဘာလုပ်လုပ် သိပ်ဇွတ်စပ်တာ၊ ဒီကလေးရဲ့ နောက်ကြောင်းဇာစ်မြစ်ကို အားလုံးစုံစမ်းကျေနပ်မှ အိမ်ပေါ်တင်လိုက်တာ၊ သူကျေနပ်လက်ခံမှ အမွေစား အမွေခံ မွေးလိုက်တာ၊ ကြည့်စမ်း... ဘယ်လောက်တော်လိုက်လဲ၊ ကျေးဇူးတရားလည်း သိမှသိ၊ အပြောရိုင်းတာကတော့ သူက သူ့ခံစားချက်နဲ့ပဲ"

"သူလည်း လူကြီးလူကောင်းတွေနဲ့ ဆက်ဆံနေတာပဲ မာမီရ၊ ဒီလောက် ဆက်ဆံရေးညံ့ဖျင်းရလား"

"အဲဒါ ညည်းသွားပြောပါလား"

"အမလေး... တော်စမ်းပါ၊ ဒင်းမျက်ခွက်ကိုသာ မြင်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဆပ်မြင်ရရင် ထပြီးကျတ်ဖွဲ့ ဆွဲဆုပ်ဖစ်ချင်တဲ့စိတ် ဘယ်လိုမှ ထိန်းမရှာမဟုတ်တော့ဘူး၊ သွားမယ် မာမီရာ၊ လီ နည်းနည်းပဲဝယ် မှာပါ၊ မပူနဲ့နော်''

မတ်တပ်မှပဲ မာမီ့ကို ခြေဖျားလေးထောက်လျှက် နောက်ဘင်ကြိမ်နမ်းလိုက်ပြီး လှေခါးထစ်ကလေးတွေတလျှောက် ပြေးဆင်းသွားတော့သည်။

ပြောနေတဲ့စကား ပြီးပြီး မပြီးပြီး ပါးစပ်ပိတ်လိုက်ရပြန်ပြီ။ သူမ···

※※※

သစ္စာမွန်စာပေ



''အားလုံးအတွက် ပြေလည်အောင်စဉ်းစားပါ တံခွန်၊ သိပ်လှတဲ့ ပန်းကလေးတစ်ပွင့်ကို နှစ်ယောက်လုံးက လိုချင်နေတာမျိုး ဖြစ်နေပြီ၊ နောက်ဆုံး ဘယ်သူ့မှာမှ အကျိုးအမြတ်မရှိဘဲ အဝါကာဒ်ပြသွားရမှာပဲ''

တံခွန်က သူ့ပုံစံအတိုင်း ပတ်ဝန်းကျင်စကား မကြားသည့်နှယ် လန်ဒန်တစ်လိပ် ထုတ်သောက်သည်။

'ယုဇန' ဟိုတယ်၏ အကောင်းဆုံးသီးသန့်ခန်း···

သူတို့ချိန်းတဲ့နေရာ တံခွန် လာခဲ့တာ။

မျက်နှာလေးခု၏ သုန်မှုန်ဟန်တင်းလျှက် ပြုံးမြဲမြဲအသွင်လုပ်ယူထားနေကြတာတွေလည်း သိနေသည်။

တင်းစမ်းပါ။

ဒါမျိုးတွေ သူ့အတွက် အဆန်းမဟုတ်တော့။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံး သူ့ဆီမှာ အကြည့်တွေ စူးနစ်မျှော်လင့်နေကြတာလည်း ဂရုမစိုက်။ စကားတစ်လုံးကို သူ လေးနက်စွာ ပြောသည်။ ပြောသည့် စကားတစ်လုံးသည် အသက်ထက်မြဲရမည်။

ရှေ့စကားကို နောက်စကားနှင့် ထေလိုက်ရတာမျိုး သူ့တစ်သက်မှာ မရှိခဲ့သေး။ သူ့ခံယူချက်က ချမှတ်ဆုံးဖြတ်သည့် အကြောင်းအရာ တစ်ခုကို ယုံကြည်မြဲမြံစွာ သူဆိုဖြစ်ခဲ့တာချည်း။

"တံခွန်"

"ပြောပါ ဦးမျိုးခန့်"

"တို့အားလုံးဟာ တစ်သဘောတည်းပါပဲ၊ မောင်မင်းရဲ့ တုံ့ပြန်ချက်ကို စောင့်နေပါတယ်"

နှုတ်ခမ်းဝမှ စီးကရက်ခိုးတို့ကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်လျက် တံခွန် မတ်မတ်ပြင်ထိုင်လိုက်သည်။ လက်ထဲက ကိုင်ထားဆဲ ဂက်စ်မီးခြစ်ကလေးကိုမူ ဆုပ်ကိုင်ထားမြဲ...

"ကျွန်တော့်ဘက်က တုံ့ပြန်ချက်က အရင်အတိုင်းပါပဲ၊ အားလုံးသဘောမကျနိုင်ဘူးဆိုရင် ကျွန်တော် ရှယ်ယာက ထွက်ပါတယ်"

"ဒီလိုအဖြစ်မျိုးကို မရောက်စေချင်လို့ ညှိနေတာပဲ မောင်တံခွန်"

ဒေါသကို မမျိုသိပ်နိုင်စွာ စားပွဲကို ဖြန်းခနဲပုတ်လျက် မျက်နှာကို ရှေ့သို့တိုးကာ မျက်လုံးပြူးပြူးနှင့် ဝင်ပြောသူက





ပိုင်ဂေဟာသခင် ဦးသက်ထက်ပိုင်။

တံခွန် တစ်ချက်မှလှည့်မကြည့်ဘဲ ခပ်ပြုံးပြုံးပဲနေသည်။

"မင်းဘက်က ဒါတွေ ဒီလိုတင်းလာပြီဆိုရင် ကျုပ်တို့ကလည်း ပြောရဦးမယ်"

"ပြောပါ"

ဦးမျိုးခန့်၊ ဦးသာလွန်၊ ဦးခက်ထွန်း၊ ဦးသက်ထက်ပိုင်... မျက်ဝန်းလေးစုံ စက္ကန့်ပေါင်းများစွာ ဆုံသွားသည်။

ပြိုင်တူပဲ မျက်ဝန်းတွေ ပြန်ခွာသည်။

လွန်စွာခံပြင်း ဒေါသဖြစ်လှသည့် မျက်ဝန်းတို့သည် တံခွန်ဆိုသည့် လူသားတစ်ဦးထံသို့...

ခန့်ထည်သားနားစွာ ပြင်ဆင်ထားသည့် စားသောက်ဖွယ်များက သွားရည်ယိုလောက်ဖွယ် အငွေ့တထောင်းထောင်း...

ရနံ့တသင်းသင်း...သို့သော် စားသောက်မည့်သူမရှိ။

အားလုံး၏ရင်ထဲမှ ခံစားချက်အခိုးတို့သည်လည်း စားသောက်ဖွယ်တို့ အငွေ့ထောင်းထောင်းထနေသလို အလျှံတညီးညီးဝင်...

လူလေးဦးကြားမှာ မလှုပ်မယှက် တည်တင်းစွာ ထိုင်နေသည့် လူသားသည် တံခွန်ဖြစ်နေသည်မို့ ရင်ထဲရှိသလောက် ပြော၍ရ။ စိတ်နောက်ကိုယ်ပါ ဘာမှမပြုရဲ။

"နောက်ဆုံးစဉ်းစားလိုက်ပါဦး တံခွန်၊ ငါတို့လုပ်ငန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိကျနေတယ်ဆိုတာလည်း မင်းအသိ၊ နိုက်ကလပ်ရှိတဲ့ စားသောက်ဆိုင်တွေ ဟိုတယ်တွေဟာ ဘာကိုအားပြုထားတာလဲ''

''အဲဒါကိုပဲ လုံးဝသဘောမကျတာ၊ မြန်မာနိုင်ငံနဲ့ နိုက်ကလပ်ဟာ ဘာမှမဆိုင်ဘူး၊ နိုက်ကလပ်မှာ ဒန့်စ်လုပ်ကြတာ မြန်မာမိန်းကလေးတွေ ဘယ်လောက်ပျက်စီးသလဲ၊ ဘယ်လောက်နစ်နာသလဲ''

''အဲဒီမိန်းကလေးတွေကို ဘယ်သူမှ ကြိုးနဲ့တုပ်ခေါ်လာတာ မဟုတ်ဘူးကွ''

''တုပ်တာပေါ့ ဦးသာလွန်၊ အဲဒီကြိုးဟာ နိုက်ကလပ်ဆိုတာကြီးပဲ''

''အဲဒီအတွက် တို့ဟိုတယ် နိုက်ကလပ်ကို ဖျက်ပစ်လိုက်တော့ရော နှမ်းတစ်လုံးနဲ့ ဆီဖြစ်လာရောလား''

''အရေအတွက်တိုင်းဟာ တစ်ကစမှရတာ၊ တစ်မရှိရင် အရေအတွက်ဆိုတာ ဖြစ်လာမှာမဟုတ်ဘူး၊ အဲဒါ ခင်ဗျား သဘောပေါက်မှာပါ''

''သိပြီ၊ ငါ သဘောပေါက်ပြီ''

ဦးသာလွန်နေရာက ဝုန်းခနဲ ထရပ်သည်။

အနီးကပ် ဦးသက်ထက်ပိုင်က လက်မောင်းကို ဆွဲထားလျက် ပြန်ထိုင်ခိုင်းသည်။





တံခွန် မျက်နှာတင်းသွားသည်။

လက်ထဲက ဂက်စ်မီးခြစ်ကို စားပွဲပေါ်ကို လက်ဝါးနှင့်ကပ်လျက် ဖျတ်ခနဲအုပ်ချလိုက်သည်။

''ဒီမှာ ဦးသာလွန်၊ ဒါဟာ ဆွေးနွေးပွဲပါ၊ အရပ်ထဲက အမူးသမားတွေလို ဣန္ဒြေပျက်ပျက်နဲ့ ပေါ်ကြာ်ရန်ဖြစ်ဖို့ မဟုတ်ဘူး''

''ဟုတ်ပါတယ်ဗျာ၊ ကိုသာလွန်ကလည်း အေးအေးဆေးဆေးပေါ့ဗျာ၊ ထိုင်စမ်းပါ''

ဦးသာလွန် တံတွေးကို မျိုချလျက် အံကြိတ်သည်။

''ခင်ဗျားဝန်ကြီးက ဘာကိုမျှော်လင့်နေသေးလဲ၊ သူ ကျုပ်တို့ လုပ်ငန်းထဲဝင်လို့ရအောင် ဘာလို့ကြိုးစားတာလဲဆိုတာ ရှင်းနေပြီ၊ ဘာမှဆက်ဆွေးနွေးဖို့ ကြိုးစားမနေနဲ့တော့၊ ဘာဆက်လုပ်မလဲဆိုတာ စဉ်းစား''

''စဉ်းစားတာ၊ ဆုံးဖြတ်တာ ခင်ဗျားတို့အပိုင်းပဲ၊ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ပြောပြီးပြီ၊ ကျုပ် သွားမယ်''

''ခဏနေပါဦး မောင်တံခွန်''

ဦးသက်ထက်ပိုင် ထရပ်လိုက်သည်။

''နိုက်ကလပ်ကို ဖျက်ပေးရင် မင်းကျေနပ်ပြီလား''

''ဖျော်ဖြေရေး အစီအစဉ်လည်း ပြောင်းရမှာပဲ၊ မပေါ့တပေါ် အဝတ်အစားတွေနဲ့ ဆိုတာ ခုန်တာ သိပ်သရုပ်ပျက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ အားလုံးကို မြန်မာအဆို၊ အတီးစစ်စစ်ပဲ ဖြစ်ရမယ်"

ရှယ်ယာ ငါးပုံမှာ သုံးပုံထိ ပိုင်ထားပြီးသည့် တံခွန့်အပေါ် သူတို့ ကြိုက်မနိုင်ခဲမရ ဖြစ်ရရုံမှတစ်ပါး အခြားမရှိပါပြီ။

တံခွန်···

သူ့မှာ ခံစားချက်တွေ၊ နာကြည်းချက်တွေနှင့် အားလုံးကို ဆန့်ကျင်လျက် မျက်လုံးစိမ်းနှင့်ကြည့်တတ်သူ။ တယူသန်သမား···

လူသာငယ်သော်လည်း ရည်ရွယ်ချက်က ကြီးမားလွန်းသည်။ ချမ်းသာသမျှ သူ့ရည်ရွယ်ချက်တွေအတွက် ရက်ရောစွာ အသုံးချနေသူ။ ရမှာပေါ့။ နှုတ်ခမ်းကို တင်းနေအောင်စေ့လိုက်သည်။

ပြီးတော့ ကျွတ်ခနဲမြည်အောင် နှုတ်ခမ်းကို ပြန်ဖွင့်လျက်···

"နံပါတ်တစ် - နိုက်ကလပ်ကိုဖျက်ပစ်မယ်၊ နံပါတ်နှစ်-အနောက်တိုင်းတေးဂီတ အစီအစဉ်ကို ဖျက်မယ်၊ နံပါတ်သုံး-အဲဒီလုပ်ငန်းနှစ်ခုကို ကျုပ်ဖြစ်အောင်လုပ်မှာ အတိအကျပဲ၊ အားလုံးကြိုက်သလိုဆုံးဖြတ်ပါ"

ရိုင်းပြီဆို တံခွန်ဆိုသည့်ကောင်က အဲဒီလောက်ထိ ရိုင်းတတ်သည်။ ဘယ်သူ့ကိုမှ နှုတ်မဆက်။

ဂရုတစိုက် အကဲခတ်မနေ···

ကုလားထိုင်ကို လက်နှင့် ခပ်ပြင်းပြင်းရွှေ့ဖယ်၍ ချာခနဲ လှည့်ထွက်ခဲ့သည်။

သစ္စာမွန်စာပေ



မှန်တံခါး၏တစ်ဖက်ရောက်သည်အထိ အခန်းတွင်းမှ တိတ်ဆိတ်မှုက ကပ်ပါလာသည်။

သူတို့ ဘယ်လောက်ထိ ဒေါမနသတွေ ဖြစ်နေကြမလဲ။

ဖြစ်စမ်း··· ငါသည် ဘာပဲလုပ်လုပ် 'ရဲရမည်'···

ယုံကြည်မှုအပြည့်နှင့် ဆုံးဖြတ်ခြင်းသည် မှန်ရမည်။

ငါမှတပါး အားကိုးဖွယ်မရှိ။

တံခွန့်ရင်ထဲက ယုံကြည်ချက်များက အခိုင်အမာ ခုလို ပြောခဲ့တာ။ လုပ်ခဲ့တာရော···

ရိုင်းတယ်လို့ ပြောကြမလား။

တကယ်ရိုင်းနေတာ ဘယ်သူလဲ···

သူတို့ သူတို့တွေမှာ အရွယ်ရောက်ပြီးသော သားတွေ သမီးတွေနှင့်ပါ။ တကယ်ဆို ရေလိုက်လွဲနေသော ဒီအနောက်တိုင်း ယဉ်ကျေးမှုဆိုတာကြီးက အဘယ်မျှ ရှုံရှာစက်ဆုပ်ဖွယ်ကောင်းသလဲ။

သူတို့ ပိုသိသင့်တာ··· ရှောင်သင့်တာ···

ကိုယ်ကျိုးတစ်ခုတည်းကိုကြည့်လျက် တစ်ကိုယ်ကောင်း ဆန်လှစွာ အတောမသတ်နိုင်သည့် လောဘသည် ကြောက်စရာ ကောင်းလှပါဘိ။

ဒီလောက်လူတွေ မက်မောလွန်းနေသည့် ငွေ···

***

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ… အဲဒီငွေကို အထပ်လိုက်ပုံပြီး လောဘသား ဖော့ရှေ့မှာ မီးပုံရှို့ပစ်မယ်"

တံခွန့်စကားကြောင့် တင်ထွဋ်က ခေါင်းမော့လျက် တဟားဟား ရယ်သည်။

"မလုပ်ပါနဲ့ တံခွန်ရာ၊ လူတွေ မီးပုံထဲခုန်ချကုန်ကြပါဦးမယ်"

"သေကြပစေ၊ အဲဒါကို မသနားဘူး၊ လှလှပပကြီး ထိုင်ကြည့်နေမယ်"

ခံရခက်လှန်းစွာဆိုသော တံခွန့်မျက်နှာကို လှမ်းအကဲခတ်၍ တင်ထွဋ်မျက်နှာတည်တည်ဖြစ်သည်။

သက်ပြင်းချ၏။

"ပြီးခဲ့တာတွေလည်း ပြီးပြီပဲ တံခွန်ရာ၊ မင်းခံစားချက်တွေကို လျှော့ဖို့သင့်ပြီ"

သစ္စာမွန်စာပေ



"မင်း ဘာကိုပြောတာလဲ တင်ထွဋ်"

တင်ထွဋ်က ကိုယ်ကို ဆိုဖာမှလျှောချလျက် နောက်မှီထက်မှာ မျက်နှာမော့တင်းထားလိုက်သည်။

ညှို့ခန်းမျက်နှာကျက်ဆီက ထီးအုပ်ဆောင်းလှလှကြီးပေါ်မှာ အကြည့်ဖွေ ရှုနှစ်ထား၏။

"မင်းလုပ်နေတာတွေကို ငါ မဝေဖန်ပါဘူး၊ မျက်နှာမလိုက်တမ်းပဲ ငါထောက်ခံရဲတယ်၊ လုပ်သင့်လုပ်ထိုက်တာတွေ မင်းလုပ်နေတာ အားလုံးမှန်တယ်၊ ဒါပေမယ့်…"

"အင်း… ဆက်ပြော"

"အဲဒီလိုလုပ်နေရင် မင်းရဲ့တမြေ့မြေ့ခံစား နာကျင်နေရမှာတွေကိုလည်း ငါသိနေတယ်၊ ပိုက်ဆံချမ်းသာတဲ့လူတိုင်း လူတိုင်းမှာ မထားနိုင်တဲ့စိတ်ဓာတ် မရှိရဲတဲ့သတ္တိမျိုးတွေ မင်းမှာရှိတယ်၊ တစ်ဖက်သက်ရောက်မသွားအောင် အကျိုးနဲ့အကြောင်းမျှတ ဆုံးဖြတ်တတ်တဲ့ ဉာဉ်ကောင်းလေးလည်း မင်းမှာရှိတယ်၊ အဲ… ဒါပေမယ့်"

"ဒါပေမယ့်တွေ သိပ်များနေပြီ"

သူတို့အတွက် ကော်ဖီနှစ်ခွက်နှင့် မုန့်ကို ဒေါ်ထွေးက တရိုတသေ လာချပေးသွားသည်။

"ဒေါ်ထွေး… ထမင်းပွဲပြင်မလားနဲ့ဦး"

"အေး အေး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထွေးထွက်သွားတော့မှ တံခွန်က တင်ထွဋ်ဘက် ပြန်လှည့်သည်။

"ဆက်ပြောကွာ"

"အဆိုးချည်းမရှိနိုင်သလို အကောင်းချည်းလည်း မရှိနိုင်ဘူးကွ"

"ဟုတ်တယ် ဆက်ပြော"

"မင်းရဲ့ခံစားချက်တွေက ပေးထားတဲ့ရလဒ်ကြောင့် မင်းဟာ သိပ်ကို စိတ်တို စိတ်ဆတ်တဲ့ ပေါင်းသင်းရကြပ်တဲ့ မာန်ကြီးကြီး သူဌေးတစ်ယောက်ဖြစ်လာခဲ့တယ်"

"နေပါဦး၊ နိုင်ငံခြားမှာ ပညာတော်သင်သွားတာ ဟုတ်မှ ဟုတ်ရဲ့လား"

"ဟ… နိုင်ငံခြားမှာနေတိုင်း မြန်မာနိုင်ငံကအကြောင်း မသိရတော့ဘူးလား"

"နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ်တွေ ငါမလုပ်တော့ဘူး"

"မလုပ်ပေမယ့် တံခွန်ဆိုတဲ့နာမည်က ကျန်နေခဲ့တယ်၊ စတားကဒ်ခေါ် ရွှေချန်ထွန်းကို မင်းသိလား၊ မေ့သွားပြီလား"

"မပြောနဲ့တော့၊ သိလည်း မသိချင်ဘူး"

"အဲဒါပြောတာပေါ့၊ မင်းက ဒီလိုလူတန်းစားတွေကို မျက်လုံးစိမ်းနဲ့ချည်း ကြည့်တတ်တာကိုး၊ အမှန်တော့ သူ စကားတစ်ခွန်းမှားသွားတာပါတဲ့၊ အဲဒါကို ရှင်းပြခွင့်၊ တောင်းပန်ခွင့်တောင်





မပေးတော့ဘဲ သိန်းပေါင်းများစွာနဲ့ ရင်းနှီးမြှုပ်နှံထားတာတွေကို အလွယ်တကူပဲ ကလေးကစားသလို ရုပ်စဲသွားတာ သူ အင်မတန်နာမြောတဲ့အကြောင်း မင်းကို လေးစားစိတ်ရင်းရှိနေတဲ့အတွက် အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း…"

"တော်စမ်းပါကွာ၊ မင်း ငါ့အကြောင်းသိသားနဲ့၊ ဒါတွေ ဘာမှထပ်မပြောနဲ့"

"ဘာပဲဖြစ်ဖြစ် နိုင်ငံခြားမှာ ကုမ္ပဏီတွေ ဘာတွေ ဖက်စပ်ရှိထားတယ်ဆိုရင် လူတော်တော်များများ သွားရည်ယိုကြမှာပဲ၊ မင်းကျမှ"

"အဲဒီလူတော်တော်များများ အထင်ကြီးတာ၊ သေးတာ ငါ့အလုပ်မဟုတ်ဘူးကွ၊ ငါ ငွေရှာနေတာဟာ သူတို့အထင်ကြီးခံရအောင် မဟုတ်ဘူး၊ ငါဖြစ်ချင်တာ၊ ငါလုပ်ချင်တာ အားလုံး… အားလုံးဖြစ်လာဖို့ ငွေဟာ ရှိကိုရှိမှဖြစ်နေလို့၊ ဂုဏ်အတွက်လည်း မဟုတ်ဘူး၊ လောဘကြောင့်လည်း မဟုတ်ဘူး၊ ဘဝတစ်လျှောက်လုံး၊ ဘဝမျိုးစုံလာခဲ့ရပြီ၊ ဒီလိုတွေဖြစ်ရဖို့ ငါ့ဘဝ ကျွန်တစ်ယောက်လို လည်း စတေးခဲ့ရတယ်၊ သူခိုးတေလေတစ်ယောက်လိုလည်း အနှိမ်ခံခဲ့ရတယ်၊ လူတွေဟာ ငွေမျက်နှာ ဘယ်လောက်ကြည့်သလဲ၊ မင်း တွေးကြည့်စမ်း"

တင်ထွဋ် မျက်နှာမကောင်းဘဲ ရှိနေသည်။

"သူဌေးကို သမက်တော်ရဖို့အရေး သမီးအလှ ရှေ့တန်း



www.burmeseclassic.com

www.burmeseclassic.com



ဘင်ပြီး သမက်လာတောင်းတဲ့လူက ရှိသေး၊ အဲဒါ တံခွန်ဆိုတဲ့ ကောင်ကို လိုချင်တာမဟုတ်ဘူး၊ သူဌေးဆိုတဲ့ ဂုဏ်ကိုမက်တာ၊ မက်မောမှုဟာ သမီးရှင်ဖြစ်တဲ့အကြောင်းတွေ၊ မြန်မာလူမျိုး ထုံးတမ်းစဉ်လာတွေ ဘာမှမတွက်တော့တဲ့အထိ ရှက်ရမှန်းမသိတော့တဲ့အထိ”

“အေး... ငါကြားတယ်၊ ခင်မမတို့သားအမိ မင်းဆီလာကြတယ်ဆို”

“ဘယ်ကမလဲ၊ ငါနဲ့ ရှယ်ယာလုပ်ခဲ့ဖူးတဲ့ ဦးကျောက်မှန်ကလည်း သူ့သမီးနဲ့ ဆွေစပ်ချင်သတဲ့၊ ဟင်း...”

အဲဒီမိန်းကလေးများ အားလုံး ပညာတတ်တတ်နှင့် ရုပ်ရည်အားဖြင့် မဆိုးလှသူလေးတွေပါ။

တင်ထွဋ်က သူငယ်ချင်းမျက်နှာကို ချစ်စနိုးနှင့် ပြုံးကြည့်နေသည်။

“တစ်လောကလုံးမှာ ကောင်းခြင်းတွေအားလုံး မင်းတစ်ယောက်တည်းအတွက်ပဲ ဖြစ်နေရော့လားကွာ၊ ဒါတောင် မင်းမှာ ဒေါသတွေ ဗလပွနဲ့”

“ဟုတ်တယ်၊ အားလုံးအားကျလောက်တဲ့ ငါ့ဘဝဟာ ငါ့အတွက်တော့ အဆိုးရွားဆုံး ရွက်လွှင့်ရခြင်း ခရီးရှည်တစ်ခုလိုပဲ၊ သိပ်ကို ပူလောင်တယ်၊ လူတွေကို ငါ မုန်းတယ်ကွာ၊ လူတွေနဲ့ မပတ်သက်ချင်ဘူး၊ မြန်မာနိုင်ငံမှာ ပြောင်းလဲကျင့်ကြံနေကြတာတွေ၊





ငါ အမြင်မတော်တာတွေ အားလုံးကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ်နဲ့ ငါတတ်နိုင်သရွေ့ အားလုံးကို လမ်းကြောင်းပေါ်ဆွဲတင်မယ်၊ ငါ့ရည်ရွယ်ချက်တွေ၊ ငါလုပ်ချင်တာတွေ စိတ်ကျေနပ်လောက်အောင် ဖြစ်လာမယ်ဆိုရင် ဒီငွေတွေကြားထဲ ပူလောင်ခဲ့ရသမျှ ငါ သေပျော်ပြီ”

“ခုလည်း မင်းလုပ်သမျှ အောင်မြင်ခဲ့တာချည်းပဲဟာ၊ ကိုယ့်စိတ်ကိုလည်း အနားပေးဦးပေါ့ကွာ၊ လူတစ်ယောက်ရဲ့ ကျန်းမာရေးဟာ စိတ်က အရေးပါဆုံးဆိုတာလည်း မင်းသိသားနဲ့”

“ငါ့ရည်ရွယ်ချက်တွေ မပြီးဆုံးသေးသရွေ့ ငါမသေသေးပါဘူး”

“အေး... မသေသေးဘူးဆိုလည်း မနက်ဖြန် ငါပြန်ရောက်တဲ့ အထိမ်းအမှတ်ရယ်၊ မာမီ့မွေးနေ့ရယ် မပျက်မကွက် လာရမယ်၊ ဘယ်အလုပ်တွေပဲ ဘယ်လောက်ရှုပ်ရှုပ် လာကိုလာရမယ်”

တံခွန် ပြုံးနေလျက် ကော်ဖီပန်းကန်ကို သူကိုယ်တိုင် ယူပေးသည်။

“အေးတောင်ကုန်ပြီ”

ဘာရယ်မဟုတ်ဘဲ နှစ်ယောက်သား ရယ်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသန်းမြင့်"

"ခင်ဗျာ"

တာဝန်ခံ ကိုသန်းမြင့် သူ့အခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာသည်။

"ကျော်ကျော် ပြန်မရောက်သေးဘူး၊ ကျွန်တော့်အိမ်က ခွေးလေးနှစ်ကောင် ဒီမှာထားဖို့ ခေါ်လာတယ်၊ နည်းနည်းဆိုးတယ်၊ ကလေးတွေနဲ့ခင်သွားအောင် လုပ်ပေးထားရမယ်၊ သူတို့ ဆော့လို့ရတာပေါ့"

"ဟုတ်ကဲ့"

"အရင်ခြံပေါင်းထဲမှာပဲ ထားလိုက်ဦး၊ ကလေးတွေနဲ့ ရင်းနှီးသွားမှ အပြင်မှာ ပေးထွက်နိုင်း၊ အခု ကားထဲမှာ"

"ကျွန်တော် ကျောင်းတံခါးဖွင့်ထားရမှာလား သူဌေး"





"ဟုတ်တယ်၊ ညရှစ်နာရီလောက် ကျွန်တော် ညွှန်ခဲ့ပွဲက အပြန်ဝင်လာခဲ့ဦးမယ်၊ ကျော်ကျော်ကို အနောက်ဖက်ဆောင်က မြူးစ်မပြင်ထားနဲ့ဦးလို့လည်း ပြောလိုက်ပါဦး"

"ကောင်းပါပြီ"

"လာ…"

သူတို့ အပြင်ထွက်ဖို့ ခြေဦးအလှည့်…။

"အား…"

"ဝုတ်… ဝုတ်…"

"ဟာ…"

ကားပေါ်ကခွေးတွေ ဆင်းကုန်ပြီ ထင်တယ်။

တံခွန် ခြံထဲ သွားခနဲ ပြေးဆင်းသည်။

အသံလာရာ နောက်ဖေးဘက်သို့ လှည့်အဝင်…

"အင့် …."

နွေးအိနေသော ကိုယ်လုံးလေး ရင်ခွင်ထဲ ပစ်ကျလာသည်။

ဘွားခနဲဆို ဝင်တိုက်မိတာဖြစ်ပေမယ့် သူ့ကို အတင်းအကျပ် ဖက်တွယ်ထားလျက် တစ်ကိုယ်လုံး တုန်နေရှာသည် မိန်းကလေးတစ်ယောက်…

နောက်က အတင်းကပ်လိုက်လာသည့် ခွေးနီလေးနှစ်ကောင်က အမွေးရှည်ရှည်… နားရွက်ဖားဖားနှင့်…

"ဟိတ်… နီတာ၊ နီရွှေ ရပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော၊ အနားရောက်လာသည့် နီတာ့နှုတ်သီးများကို ခပ်ဆတ်ဆတ်ကလေး လှမ်းကန့်ပစ်လိုက်သည်။

မကာန့်လို့လည်း မရတော့။ သူ့တားတာက နောက်၊ မိန်းကလေး ခြေသလုံးကို လှမ်းခဲဖို့ နှုတ်သီးက ထိုးလာနေပြီ။

အခုနဲ့အော်လျက် နီတာ လည်ထွက်သွားသည်။

နီရှေက သူ့ကိုမော့ကြည့်ကာ နောက်မှာ တုံ့ခနဲရပ်နေသည်။ လူအဝင်အထွက်နည်းလှသည့် အိမ်မှာ နေနေကျမို့ လူစိမ်းကို ဒီနှစ်ကောင် လွန်စွာရန်လိုတတ်ကြတာ သူအသိ။

ကားပေါ်မှာ ပေါ့လျော့စွာ ထားခဲ့မိတာ သူ့အပြစ်ပါ။

"ဟိတ်... သွားကြလေ၊ သွား..."

နှစ်ကောင်သား ချာခနဲ လှည့်ပြေးသွားသည်။

သို့သော် ဝေးဝေးမသွားကြဘဲ ခပ်လှမ်းလှမ်းမှာ ရပ်နေကြသည်။ အကြောက်မပြေသေးစွာရှိနေသည့် မိန်းကလေးကိုယ်လုံးမှာ အေးစက်လျက်ရှိနေဆဲ...

"ဆောရီးပဲဗျာ.. ခင်ဗျားကို ကိုက်လိုက်သေးလား"

"ဟင်... ရှင်"

သူ့အသံကြားသည်နှင့် ဟင်ခနဲဆိုလျက် မော့လာသည့် မျက်နှာလေးတစ်ခု... မျက်နှာနှစ်ခု နီးကပ်စွာ ဆိုင်မိသွားသည်။

"ဟောဗျာ"

"ရှင်... ရှင်"





တိုက်ဆိုင်မှုတွေကို တဒင်္ဂ အံ့ဩမှင်သက်စွာ ငေးစိုက်ကြည့်ရင်း ကြောင်နေမိကြသည်။

နှစ်ယောက်သား မွှေ့ဖက်လျက် ငြိမ်သက်နေကြသည့် မြင်ကွင်းကြောင့် ဦးသန်းမြင့် တိုက်ထဲသို့ ခပ်သွက်သွက် ပြန်လှည့်ဝင်သွားသည်။

ပြေးလာကြသည့် ခြံစောင့်ကြီးနှင့် မာလီ ကိုမျိုးတို့ ခြေလှမ်းတွေ နောက်ပြန်လှည့်ပြေးကုန်ကြတာလည်း သူတို့မသိလိုက်။

"မင်း... မင်းက ဒီခြံထဲ ဘယ်လိုလုပ်ရောက်နေတာလဲ"

"အဲဒါ ရှင်သိဖို့မလိုဘူး၊ လွှတ်စမ်းပါ"

အံ့ဩစိတ်နှင့် ခပ်တင်းတင်း ပွေ့လိုက်မိလျက်... မေးခွန်းများပင် ထုတ်လိုက်မိသေးသည့် သူ့အဖြစ်သူ သတိရကာ ကယောင်ကတန်းပဲ လွှတ်ပေးလိုက်မိသည်။

မျက်ရည်စက်လက်နှင့် တုန်တုန်ရီရီ မိန်းမလှလေး၏ အကြောက်တရားတို့သည် ဘယ်ပျောက်ကုန်သည် မသိ။

သူမကိုယ်သူမ ပြုပြင်သပ်ယပ်စေလျက် ရန်လိုရူးရဲစွာ သူ့ကို မော့ကြည့်သည်။

ကျေးတစ်ရာယောပုဆိုးနှင့် တိုက်ပုံဝတ်ထားသည့် သူ့ခန္ဓာက ဆံပင်ဂုတ်အောက် ဘုတ်သိုက်ရှည်ကြီးနှင့် ထော်လော်ကန့်လန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလား။ သိသိသာသာ နှာခေါင်းရှုံ့မဲ့ချလိုက်တော့ မလုံမလဲနှင့် အနေရခက်မိတာ အမှန်။

"ရှင့်ခွေးတွေလား"

"ဟုတ်တယ်"

"သခင်နဲ့ သိပ်တူတာပဲ၊ လူမြင်တာနဲ့ ကိုက်ချင်နေတာ၊ ဘယ်နေ့ သူများလက်ချက်နဲ့ စန့်နေမလဲ မသိဘူး"

သွားပြီ။

ပထမဆုံးသော ဆွံ့အခြင်းဖြင့် တံခွန် တုံ့ပြန်စကား မဆိုနိုင်။ ဒီမိန်းကလေး ခပ်ရိုင်းရိုင်းပြောတာကို ဒေါသထွက်ချင်ပေမယ့် ဘာစကားနှင့် ချေပရမှန်းမသိ။

"တီချယ်"

"ဆရာမ"

"တီချယ်"

ကျောင်းသားလေး ငါးယောက် ပြေးထွက်လာကြလျက် သူမလက်ကို ပြေးဆွဲကြသည်။

"သားတို့ တီဗွီမကြည့်ချင်တော့ဘူး၊ တီချယ် ပုံပြောပြ"

"ဒီနေ့ ပုစ္ဆာတို့အခန်းမရဘူးနော်၊ သားတို့အိပ်ရာထဲမှာ ပြောရမှာ၊ တီချယ့်ကိုဖက်ပြီး သားတို့အိပ်မယ်"

"အေး အေး... သွားစို့"

သူ့ကို မကျေမချမ်း စောင်းကြည့်၍ ကလေးတွေကို ဖက်





ထားလျက် ကျောခိုင်းထွက်ခွာသွားသည်။

"ဟင်..."

ပျော့အိသော ယမီအနှားစလေး ညာဘက်အစွန်လောက်မှာ စုတ်ပြဲနေပါလား။ ခွေးကိုက်လိုက်လေပြီ။

တံခွန် အယောင်ယောင် အမှားမှားနှင့် ခြေနှစ်လှမ်း သုံးလှမ်းမျှ လှမ်းလိုက်သွားမိသည်။

ပြီးတော့မှ နေရာမှာ စုံရပ်နေလိုက်ရသည်။

ဒီလောက်စွာတဲ့ မိန်းကလေးနှင့် မျက်နှာချင်းဆိုင်နေလို့ကတော့ အနှာဆီရောက်အောင် စကားပြောနိုင်လိမ့်မည် မထင်။

စိတ်ညစ်လိုက်သည်များ... ကိုယ့်ခွေးနှစ်ကောင်ကို ကြည့်၍ ကိုင်ပေါက်ပစ်ချင်လာသည်အထိ... ဒီကောင်တွေ ဂြိုလ်မွှေလို့။

"စောင့်လိုက်ရတာ တံခွန်ရာ၊ မင်းမလဲ သေသေချာချာမှာထားလို့သာပေါ့"

"ပြောတော့ကွာ၊ ဒီနေ့ ပြဿဒါးပဲ"

"ဟော..."

"မမောနဲ့၊ လာ... ဗိုက်ဆာနေပြီ"

သူဝင်လာတာမြင်သည်နှင့် လည်ပင်းတွေရှည်ကုန်ကြကာ စားလက်စတို့ ရပ်ပစ်လျက် လက်တို့ခိုးကြည့်ကြတာ...

စိတ်ပျက်စွာမြင်နေရလျက် တင်ထွန်းကို အထဲပဲ ဆွဲခေါ်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်… ဘယ်ကိုလဲ၊ ဘာလဲ… မုန့်စားတာ ပန်းကန်ဆေးတဲ့နေရာ သွားစားမလို့လား"

"အေး… အဲဒါ မဆိုးဘူး"

ယောက်ျားချင်းပင် မော့ကြည့်ယူရသည့် သူ့အရပ်မြင့်မြင့် ခြေလှမ်းကျဲကျဲနောက်မှာ ပျော့ရပျော့နွဲ့နွဲ့ပုံပေါက်သူ ဆရာဝန်ကြီး တစ်ယောက် ခြေတရွတ်တိုက်ပါမတတ်ပင်။

"ဟိတ်ကောင်… ရှီးထဲမှပဲ… ဖြည်းဖြည်းကွ"

သူ့ဟန်တွေ ပန်တွေ ယိုရွဲ့ကုန်တော့ တင်ထွန်း ခပ်တိုးတိုး ဆဲသည်။ ငယ်ငယ်ကတည်းက ချစ်သူငယ်ချင်းတွေမို့ တံခွန် သဘောကျလျက် တဟဲဟဲ ရယ်နေသည်။

အဟုတ်ပဲ… မီးဖိုခန်းထဲရောက်မှ သူ့ကို လွှတ်လိုက်၏။

"ငါ့ဖို့ တစ်ခုခုလုပ်ပေးကွာ၊ မင်းတို့အအေးတွေ မသောက် ချင်ဘူး"

"ဟကောင်ရ… ဘယ်နှယ့် စားချင်တာစားဖို့က အရေး မကြီးပါဘူး၊ မင်းနှယ် မီးဖိုထဲမှာကွာ"

"မီးရောင်အောက်မှာ ဟန်ဆောင်မျက်နှာဖုံး[illegible]နဲ့ မပြုံး ချင်ဘဲ ပြုံးရ၊ မပြောချင်ဘဲ ပြောရ၊ ဟိုလူကလာ[illegible]၊ ဒီလူက လာခေါ် မနိုပ်ပါဘူးကွာ"

"အေး… မီးဖိုထဲမှာပဲ မင်းနိုပ်နော်၊ ရတယ်… စားချင် တာသာ ပြော"





တင်ထွန်းက ခပ်ရွှဲ့ရွှဲ့ပြောရင်း အိုးတွေ၊ ပန်းကန်တွေ လှျောက်လှန်နေသည်။

"ဟဲ့… သား"

ခပ်ဖိုင့်ဖိုင့်နှင့် အသားဖြူဖြူ အမျိုးသမီးကြီးတစ်ဦး ခပ်များများ လေး ဝင်လာသည်။

တင်ထွန်း့ရဲ့မာမီပါ။

"သားနဲ့ မောင်တံခွန်"

"မာမီ"

"အို… ဘယ်လိုကြောင့် မီးဖိုထဲ အိုးလှန် ခွက်လှန် လာလုပ်နေကြတာလဲ"

တင်ထွန်း ခေါင်းကုတ် ဖင်ကုတ်နှင့် ရှုံ့မဲ့နေကြသည်။

"အဲဒီကောင်ကြီးပေါ့ မာမီရာ၊ ဧည့်ခံပွဲမှာ မနေချင်လို့တဲ့၊ အအေးတွေလည်း မသောက်ချင်ဘူးတဲ့၊ ဘာရှိသေးလဲ မာမီ"

"ဖြစ်ရလေကွယ်၊ ဟင်းတွေက စားပွဲပေါ်မှာပဲ အားလုံး ပြင်ထားတယ်လေကွယ်၊ ကောင်မလေးတွေကို ဟိုမှာခိုင်းနေရတော့ အိမ်သားတွေဆာရင် အဆင်သင့်စားလို့ရအောင် ပြင်ဆင်ပြီး တစ်ခါ တည်း အုပ်ဆောင်းအုပ်ပေးထားတာ၊ ထမင်းကတော့ အိုးထဲမှာပဲ"

တင်ထွန်း့မာမီက တံခွန့်အနား လျှောက်လာရင်း သဘော ကျ ရယ်နေလေသည်။

"လူတွေနဲ့ မတွေ့လို့မရဘူး သားရေ၊ မင်းရဲ့ကား ခြံထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



လာကတည်းက စောင့်နေသူတွေက ခြေလှမ်းပြင်ထားတာ၊ အပြင်မှာ သူတို့စောင့်နေကြတယ်"

"ဟာ… ကျွတ်"

တံခွန် စိတ်ပျက်လက်ပျက်ကြီး ညည်းသည်။

"ကျွန်တော် နားတဲ့အချိန် ဘာအလုပ်အကြောင်းမှ ခေါင်းထဲမထည့်ချင်ဘူး အန်တီ၊ လူတွေ သိပ်ကိုခက်တယ်ဗျာ"

"အေးပေါ့ကွယ်၊ သားက စီးပွားရေးမှာ နာမည်နဲ့လိုက်ပြီး တံခွန်ဖြစ်နေတော့ စီးပွားရေးသမားတွေ ဘယ်မျက်ခြေဖြတ်ခံတော့မှာလဲ"

ဟန်ရေးပြတာမျိုး မဟုတ်ပါ။ တကယ့်ကို တံခွန့်မျက်နှာကြီး ညိုမဲနေသည်။

သားအမိနှစ်ယောက်လုံး တံခွန့်အတွက် ပြင်ဆင်ပေးကြသည်။ လက်က ဧယ်စပ်သလိုလုပ်ရင်း ပါးစပ်တွေကလည်း အနားမနေ။ အဆိုးဆုံးက တင်ထွဋ်…

"ကြာရင် မင်းလိုကောင် စိတ်ရောဂါနဲ့ မြန်မြန်စိတ်ရောဂါကုဆေးရုံရောက်မယ်သိလား၊ ဒီလို ပြည့်ပြည့်စုံစုံနဲ့ ပျော်ပါးရမယ့်အရွယ်မှာ သူ့ကျမှ စိတ်ညစ်စရာတွေ၊ မကျေနပ်စရာတွေချည်း ဖိခံစားနေတယ်၊ စိတ်သက်သာရာ သက်သာကြောင်းလည်း ထွက်ပေါက်ရှာဦးမှပေါ့"

"တင်ထွဋ်နော်… ငါ မင်းလူနာမဟုတ်ဘူး၊ ဆရာဝန်





ပီပီ လူမြင်တိုင်း ရောဂါသည်ချည်း မှတ်နေလား"

ခွန်းခက်ရင်းနှင့် ထမင်းမစားသည့် သူ့အတွက် တင်ထွဋ်က လက်ဆေးကြွေခွက်ကို ခပ်ဆောင့်ဆောင့်ချပေးလျက်…

"အေး… ရောဂါသည်ချည်း မှတ်ရုံတင်မကဘူး၊ ဒီလူဟာ ရှေ့ဘယ်နှစ်လလောက်ဆို ဘာရောဂါစွဲလာနိုင်တယ်ဆိုတာပါ သိတယ်၊ ခုဟာ မင်းလိုလူမျိုးကို မြင်လိုက်ရရင်…"

"ကဲ… သူငယ်ချင်းနှစ်ယောက် ရန်ဖြစ်နေကြတာနဲ့ ပြီးဦးမှာလား"

"မေမေကြီး… ဧည့်သည်တွေ နှုတ်ဆက်ဖို့စောင့်နေပါတယ်"

အခန်းဝနားမှာ မတင့်ဆိုသည့် အိမ်ဖော်မိန်းကလေး ရောက်လာခေါ်မှ တင်ထွဋ်မာမီ "အေး အေး" ဟုဆိုကာ ကပျာကယာ ပြေးထွက်ရပြန်သည်။ တံခါးနားရောက်နေမှ…

"သြော်… သား"

"ဗျာ မာမီ"

"မောင်တံခွန် ဖြောင့်ဖြောင့်စားသောက်ပါစေကွယ်၊ လိုအပ်တာ သားပဲ အားလုံးလုပ်ပေးနော်၊ သားမိတ်ဆွေတွေ မာမီပဲ ဧည့်ခံထားပေးမယ်"

"ရတယ် မာမီရေ၊ ကျွန်တော့်မိတ်ဆွေတွေက အေးအေးချမ်းချမ်းတွေပဲ၊ ဒီကောင်တစ်ယောက်ပဲ…"



www.burmeseclassic.com

www.burmeseclassic.com



မာမီက သဘောတကျ ရယ်ပြန်သည်။

"ကြီးကြီး"

"ဟေ..."

ရုတ်တရက်ခေါ်သံကြောင့် အားလုံး အခန်းဝသို့ လှမ်းကြည့်မိကြသည်။

"ဪ... သမီးပါလား"

"မေရီ... လာလေ"

မိန်းကလေးတစ်ယောက်ကို လှမ်းခေါ်လိုက်သဖြင့် တံခွန့်မျက်နှာကြီး ပျက်ကျသွားတာကို တင်ထွန်း မမြင်ယောင်ပြုလျက် ခပ်တည်တည်လုပ်နေလိုက်သည်။ မေရီဆိုသည့် မိန်းကလေးက ကျနွဲ့ရရ လှမ်းဝင်လာသည်။

"မေရီလာတုန်းကလည်း ဘယ်သူမှမတွေ့ဘူး၊ အခုပြန်မလို့၊ နှုတ်မဆက်ဘဲ မပြန်ချင်လို့ လာနှုတ်ဆက်တာ"

"သမီးအန်ကယ် မရှိဘူးလားကွယ်"

"ရှိတော့ရှိပါတယ်၊ မေရီက ကြီးကြီးအတွက် မွေးနေ့လက်ဆောင်ကို ကိုယ်တိုင်ပေးချင်လို့ လာရာတာ"

သေးရှည်ရှည် ဘူးဖြားလေးတစ်ဘူးကို တင်ထွန်းမာမီလက်ထဲသို့ တရိုတသေ လှမ်းပေးတော့ မာမီက မေရီလေး နဖူးလှလှလေးကို အသာမွှေးနမ်းလိုက်သည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ ဒီမှာ ကိစ္စရှိနေလို့၊





အပြင်ကဧည့်သည်တွေကို ထွက်ပြီးဧည့်မခံနိုင်တာပါ၊ ဪ... သားရေ၊ တံခွန်နဲ့လည်း မိတ်ဆက်ပေးပါဦးကွယ်၊ မာမီ သွားမယ်နော်"

"ဟုတ်ကဲ့..."

"လာ... မေရီ၊ လာ ထိုင်"

"မေရီ ပြန်တော့မှာ ကိုထွန်းရဲ့၊ နိုင်ငံခြားက ပြန်လာတဲ့ကိုထွန်း ဖြူလာလား၊ ဝလာလားလို့ လာကြည့်ရှာ အဟင်း"

"ဘယ့်နှယ့်လဲ၊ အစ်ကိုလုပ်တဲ့လူ မချောဘူးလား"

"ဟင့်အင်း... အရင်အတိုင်းပဲ"

"ဟား ဟား..."

သူတို့နှစ်ယောက် ရယ်ကြ မောကြရှိသလောက် တံခွန်က ခပ်တည်တည်ကြီးနေလျက်... ထမင်းစားခြင်းအလုပ်ကို စိတ်ဝင်တစား လုပ်နေ၏။

"တံခွန်ရေ... ဒါ ကိုယ့်ညီမဝမ်းကွဲ မေရီတဲ့၊ ရှေ့နေမလေးပေါ့ကွာ"

တံခွန် ထမင်းစားတန်းလန်းနှင့် တစ်ချက် မော့ကြည့်သည်။ ခေါင်းဆတ်ပြ၍ အသိအမှတ်ပြုသလိုလုပ်ကာ ထမင်းဆက်စား၏။

"ကိုထွန်းကလည်း ထမင်းစားနေတဲ့ဟာကို"

မိန်းကလေးဆီက အားနာသံလေးသဲ့သဲ့ကို တံခွန် ကြား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မော့မကြည့်မိတော့။

"သူက တံခွန့်တဲ့၊ နင်သိမလား မသိဘူး၊ နေတံခွန် လီမိတက်ဆေး၊ နိုင်ငံခြားနဲ့ အိပ်စ်ပို့ အင်ပို့စ် အများဆုံးလုပ်နေတဲ့ နာမည်ကြီးပဲဟာ"

"အင်း… သိတယ်"

"မန္တလေးမှာရော၊ ဒီရန်ကုန်မှာပါ ဟိုတယ်ကြီးတွေ ဖွင့်ထားသေးတယ်၊ လူငယ် ကိုယ်လုံ့ပညာအဘတ်သင်ကျောင်းတွေရော၊ ကလေးထိန်းစာသင်ကျောင်းတွေရောပဲ"

ဟာ… လွန်လာပြီ။

ထမင်းနင်သည့်မျက်နှာကြီးနှင့် မကျေမနပ် လှန်ကြည့်လာသည်။ မျက်လုံးဒဏ်ကို တင်ထွဋ်က ပြုံးပြုံးလေး ခံယူသည်။

ထမင်းတွေ မကုန်သေးပါဘဲ လက်ဆေးပစ်လိုက်ရသည်။

"ဟာ… တံခွန်၊ စားလေ၊ ဘာလဲ… ဟင်းတွေ စိတ်တိုင်းမကျလို့လား"

"ကောင်းပါတယ်၊ တစ်ခုစဉ်းစားမိလို့"

"ဘာလဲကွ"

"မင်းကို ငါ ကြော်ငြာတစ်ခုမှာ မော်ဒယ်အဖြိုင်းလိလုပ်ခိုင်းရ ကောင်းမလားလို့"

"ဟာကွာ… ဟား ဟား"

"ငါပြန်မယ်"





"ဘာလဲ မကြည့်တဲ့သဘောလား"

တံခွန် သူ့ကို ခပ်တည်တည်ကြီးကြည့်၍ မေရီ့ကို နှုတ်ဆက်သည်။

"ခွင့်ပြုပါဦး မမေရီ"

"ဟုတ်"

ကုလားထိုင်နောက်မှီပေါ်မှာ တင်ထားသည့်တိုက်ပုံကို ဖြုတ်ယူ၍ ခြေလှမ်းကျဲများနှင့် ထွက်ခွာသွားသူကို သူတို့ လိုက်ကြည့်နေမိကြသည်။

"ကိုထွဋ်ကလည်း… စိတ်ဆိုးသွားပြီလား မသိဘူး"

"ဟာ… ချမ်းသာတွေ ဖွင့်ပြောတာ စိတ်ဆိုးစရာလား"

"ကြွားချင်စိတ်မရှိသူတွေက စိတ်ဆိုးမှာပေါ့"

"အေး… ကြွားချင်စိတ်မရှိတာတော့ ဒီကောင်အမှန်ပဲ၊ နေပစေ… စောစောက ငါ့ကို သူ ဒုက္ခပေးထားတာ ဒီလောက်တော့ ရှိမှာပေါ့"

"လိုက်ပို့လိုက်ဦးလေ"

"ဟား ဟား…"

တင်ထွဋ်က အားပါးတရရယ်တော့ မေရီ မျက်မှောင်လေး ကုတ်သွားမိသည်။

"တံခွန်လား ပြန်လို့ရှမှာ၊ ဒီကောင်က ရုပ်ရှင်မင်းသားတွေ၊ အဆိုတော်တွေထက် စန်းပွင့်တဲ့ကောင်သိလား၊ သူ့ကိုမြင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com





နဲ့ မိန်းကလေးတွေလည်း စိတ်ဝင်စားတယ်၊ ဒီးပွားရေးသမားတွေလည်း အလုအယက်ပဲ၊ အခုလည်း အပြင်မှာ ဖြောင့်ဖြောင့်မစားရမှာစိုးလို့ မီးဖိုထဲမှာ ထမင်းဝင်စားရတာခင်ဗျ"

"ဟော့... တော်"

မကုန်သေးသော စားလက်စ ထမင်းပန်းကန်ကြီးကိုကြည့်၍ မေရီ စိတ်မကောင်းဖြစ်သွားပုံရသည်။

သူ့မကြောင့် အနှောင့်အယှက်ဖြစ်ရသည်ပဲ။

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ ခုလောက်ဆို သူ စားပွဲတစ်ခုံမှာ အုပ်စုအစုံနဲ့ ဆွေးနွေးပွဲစနေရောပေါ့၊ အပြင်မှာ အထွက်ကို စောင့်နေကြတာကိုး"

မေရီ ဘာစကားမှမပြောမိတော့။

"ပြီးမှ ငါ သွားချော့လိုက်ပါမယ်ဟာ၊ ကဲ... လာ"

မေရီ့ကို လက်ဆွဲလျက် တင်ထွဋ် ထွက်လာခဲ့သည်။

"မျက်နှာထားက တစ်မျိုးကြီးလို့ထင်ရပေမယ့် တံခွန်က အရွယ်နဲ့မလိုက်အောင် တော်တဲ့ကောင်ဟ၊ အရမ်းလည်း ခင်ဖို့ကောင်းတယ်၊ နင် သူ့ကို တစ်ချို့နေရာတွေမှာ ဆက်ဆံကြည့်ရင် တစ်မျိုးထင်နိုင်တယ်၊ ဒါပေမယ့် သူ့စိတ်ရင်းက အရမ်းကိုမြင့်မြတ်တယ်၊ နောက်ကျော့ အချိန်ရရင် သူ့ခံစားချက်တွေ ငါပြောပြမယ်"

❀❀❀

သစ္စာမွန်စာပေ

"ဟလို... ပြောပါ"

"သားလားကွယ်"

"အန်တီမေလား... ကျွန်တော် တံခွန်ပါ"

"သား မနေ့က အန်တီမေ ဆက်သေးတယ်၊ သားမရှိဘူးဆိုတာနဲ့..."

"ပြောတယ်၊ ကျွန်တော် ကွန်ပျူတာခန်းထဲ ရောက်နေလို့၊ ပြောစရာရှိရင် ပြောလေ"

"ရှိတယ် သား... သားကို ဟိုတစ်ခါ အန်တီမေ ပြောထားတဲ့ကိစ္စ သား ဘယ်လိုသဘောရလဲဟင်"

ဖုန်းကိုင်ထားလျက် တံခွန် မျက်နှာတင်းသွားသည်။

"အန်တီမေဟာ ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘူး၊ မိစုံ ဖစုံရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် တစ်ယောက်တည်း ဒိုင်ခံပူနေသလား"



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သံက ထင်းထင်းကြီး။ မတတ်နိုင်ပါ။

တကယ်ဆို အန်တီမေ သိတတ်ဖို့ကောင်းသည်။

တစ်ဖက်က စကားသံ တော်တော်နှင့် မထွက်လာ။

"အန်တီမေ"

"ပြောပါ သား"

"ဦးသက်ထက်ပိုင်ဟာ မြိုင်ရိပ်မြုံအတွက် မလိုလားအပ်ဆုံး လူဖြစ်ခဲ့ဖူးပါတယ်"

"... ..."

"မင်္ဂလာကိစ္စကို ဖြစ်အောင်စီစဉ်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ အဆုံးအဖြတ်ပေးခဲ့တာမျိုး တစ်ခုခုရှိရင် ကျွန်တော့်ကိုပြောပါ၊ ပြရမှာမျိုးဆိုလည်း ကြည့်ချင်ပါတယ်၊ လေးလေးဆက်ရဲ့ ဆန္ဒဟာ ကျွန်တော့်ဆန္ဒဖြစ်ရမှာဖြစ်သလို ကျွန်တဲ့သူတစ်စုံတစ်ယောက်အတွက်နဲ့လည်း ကျွန်တော်ဟာ လက်ပိုက်ခေါင်းငုံ့နေမယ့်သူ မဟုတ်ပါဘူး၊ ကျွန်တော့်ဆန္ဒဟာ ကျွန်တော့်အဆုံးအဖြတ်"

"မှန်ပါတယ် သားရယ်၊ သားရဲ့စိတ်ကိုလည်း အန်တီမေ နားလည်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို စီစဉ်ပေးဖို့ ကလေးမိဘများကလည်း ဆန္ဒရှိနေကြတယ်လေ၊ စီးပွားရေးအရရော၊ စိတ်ဓာတ်စာရိတ္တအရပါ သားကို သဘောကျကြတယ်၊ ပြီးတော့ မောင်လေးရဲ့ သားလည်း ဖြစ်နေတယ်မို့လား"

သိတာပေါ့။





ပြောတော့လည်း တံခွန်ဟာ မောက်မာလှပါဘိတဲ့။

သူ့အသိုင်းအဝိုင်း... ပတ်ဝန်းကျင်မှာရော အထင်ကြီးစရာ လူရှိလို့လား... တံခွန်ဆို...

အားလုံးက ကြည်ဖြူနေကြတာ၊ လိုက်လျောနေကြတာ။ စည်းစိမ်ခံစားမှုနဲ့ အပျော်အပါးနောက် ရေစုန်မျှောမနေခဲ့သည့် တံခွန့်အမြင်မှာ ဒီလိုလူတန်းစားတွေအပေါ် ဘယ်လိုမှ လေးစားဖို့မရှိ။

အားလုံးကို ခြုံငုံကြည့်ပစ်ချင်သည်။ လူတွေအပေါ် အထင်အမြင်သေးသည့် မျက်လုံးစိမ်းက အလိုလိုဖြစ်လာခဲ့တာ။

ခုလည်း သူလွန်စွာ လေးစားအထင်ကြီးခဲ့ရပါသော အန်တီမေလို လူတစ်ယောက်ထံမှ မကြားလိုသည့်စကားလုံးများကို ကြားလာရသည်။ ဦးသက်ထက်ပိုင်... သည်လူကြီးဟာ မာန်မာနကြီးလွန်းသူ။ အဆင့်အတန်း ခွဲခြားလွန်းသူ... ပြီးတော့...

သူ့အပေါ်လည်း လွန်စွာမကျေမနပ်ရှိနေသူ။

နေတံခွန်မှာ ရှယ်ယာဝင်ခွင့်ကိုလည်း သူ လက်မခံခဲ့။ ဟိုတယ်မှာ နိုက်ကလပ်တွေ ရှင်းလင်းရေးကိစ္စ ဆွေးနွေးတုန်းကလည်း အခြေအတင်။

ခုလို အားလုံးရှယ်ယာတွေ ပြန်အမ်းလျက် သူတစ်ဦးတည်းပိုင်ဖြစ်ကာ ကြိုက်သလိုပုံသွင်းဖန်ဆင်းနေပြီဆိုတော့ ပိုလို့ပင် အညိုးထားချေဦးမည်။

ဒီစီးပွားရေးတွေကို လက်ဝါးကြီးအုပ်ချင်၍ တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခြင်းလည်း ဖြစ်နိုင်သည်။ တံခွန့်ရင်ထဲမှာ နာနာကျင်ကျင် ခံစားနေရပါ၏။ တကယ်ဆို ဒီကိစ္စ အန်တီမေ ဖွင့်ချဖို့မကောင်း…

လေးလေးဆက် အခိုင်အမာ စီစဉ်ထားခြင်း လုပ်ဆောင်ချက်တို့ တစွန်းတစမှ ကျန်မနေပါစေနှင့်။

အန်တီမေ ဖွင့်ပြမလာနိုင်ပါစေနှင့်….

စိုးရွံ့ခြင်းသည် ပထမဆုံးခံစားမှုအဖြစ် ဖြစ်တည်၏။

လေးလေးဆက်ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးကြောင့် ဘာမသိညာမသိ ဘဝတစ်ခုကို ထူထောင်လျက် မကျေနပ်ခြင်းများစွာတို့နှင့် ခရီးမဆက်လိုပါသော်လည်း… တကယ်တမ်း…

လေးလေးဆက်၏ အလိုလားဆုံးဆန္ဒဖြစ်ခဲ့လျှင် သူသည် ဘာအတွက်ပဲဖြစ်ဖြစ် တွေဝေခြင်းကင်းစွာ ဖြည့်စွမ်းလုပ်ဆောင်ပေးသင့်ဆုံးသူ…

"အန်တီမေ"

"ပြောလေသား၊ အန်တီမေ စောင့်နေတယ်"

"ကျွန်တော်ပြောစရာကတော့ ဒါပါပဲ၊ လေးလေးဆက် အစီအစဉ်အတိုင်း ဖြစ်လာမယ်ဆိုရင် ဘာမှငြင်းဖို့မရှိဘူး"

"သား"

"ကျွန်တော် အရမ်းပင်ပန်းနေပြီ အန်တီမေ၊ နားခွင့်ပြုပါ၊ အကြောင်းရှိရင် အချိန်မရွေးဆက်နိုင်ပါတယ်"





"ဖုန်းချသွားပြီလား မေ"

"ဟုတ်တယ်"

"ချသွားပြီ မာမီ"

တယ်လီဖုန်းနှစ်လုံး တစ်ပြိုင်တည်း ချလိုက်ကြသည်။

သမီးဖြစ်သူ မျက်နှာမကောင်းလှတာမြင်လျက် ယောက်မဖြစ်သူကို ကြည့်တော့လည်း ခပ်တည်တည်။

"ဘာတဲ့လဲ မေ"

"မှုမှုကြားတာပဲကွယ်၊ သူ့ကို မေးကြည့်တော့၊ မသူဇာ…"

"ရှင်"

ခပ်လှမ်းလှမ်းမှာ အမြဲရှိနေတတ်သည့် မသူဇာ ချက်ချင်းရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ခဏနေပါဦး မေ၊ မေးတာလည်း မေးတာပေါ့၊ ဘာလုပ်သင့်တယ်ဆိုတာ ထပ်တိုင်ပင်ရအောင်”

စိတ်ပျက်သလိုကြီးဖြစ်နေသည့် အဒေါ်ဖြစ်သူပုံစံကို မူမူသွင် ခပ်ရူးရူး ကြည့်နေမိသည်။

“တကယ်ဆို အန်တီမေပြောတဲ့ စကားလုံးတွေက မပြောင်တာ”

ဒက်ခနဲ ပြောချလိုက်၏။

တံခွန့်ကိုမြင်ဖူးလျက်… စည်းစိမ်မက်တာထက် လူကိုမက်မောနေမိသည့် နှလုံးသားတောင်းဆိုချက်က လောဘတကြီးရှိနေပြီ။

“ဘယ်လို…”

အန်တီမေ၏ တင်းခန့်ဖြစ်သွားသည့် မျက်နှာက သူ့ဘက်လှည့်လာသလို မာမို့အကြည့် အန်တီမေ့ထံ ဖျတ်ခနဲ ရောက်သွားသည်။

“ဟိုက ဒီကိစ္စကို လေးလေးဆက် အသေအချာ စီစဉ်ခဲ့တဲ့အကြောင်း အနိုင်အမာရှိလားလို့ မေးတယ်”

“ဟင်… ဟုတ်လား”

“အဲဒါ အန်တီမေ လှည့်ပတ်ပြောတတ်ရင် သူ ဘယ်လိုလှုပ်သာမှာလဲ မာမီ”

“အေးပေါ့”





သားအမိနှစ်ယောက် အတိုင်အဖောက်ညီညီနှင့် သူမဘက်သို့ ပြစ်တင်မျက်လုံးတို့ လှည့်လာသည်။

ထိန်းသိမ်းတတ်လွန်းသော သူမမျက်နှာမှာ ဒေါသခိုးတွေကြောင့် နီရဲတက်လာလျက်…

“ဘာပြောတာလဲ မူမူ၊ ငါက လှည့်ပတ်ပြောပေးရမယ်ဟုတ်လား”

“မူမူပြောတာ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာသဘောမျိုးပါ”

“ဒီကိစ္စမျိုးဟာ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာရုံနဲ့ ပြီးသွားမှာမဟုတ်ဘူးအေ့၊ အိမ်ထောင်မှုကိစ္စဆိုတာ ဘယ်လိုလူမျိုးကမှ အလွယ်တကူ မဆုံးဖြတ်ဘူး၊ ပြီးတော့ ငါဟာ အခုကိစ္စမှာ မှသားတွေ အများကြီးသုံးပြီး လုပ်ပေးခဲ့ပြီးပြီ၊ ဒီထက်ပိုပြီး လိမ်ပတ်ပေးဖို့ ငါ တာဝန်မယူနိုင်တော့ဘူး”

“ဘယ်လိုပြောလိုက်တာလဲ မေ၊ ဒါ မေ့တူမလေးပဲ၊ တလေးဆိုတာ ပြောမှားဆိုမှား ဖြစ်တတ်တာမျိုးပဲ၊ ခွင့်လွှတ်လိုက်ပါ”

“တော်ပြီ မိမိ၊ မနက်ဖြန် သဘက်ခါ လင်ယူတော့မယ့် အရွယ်ကို ကလေးလို့သတ်မှတ်ရမယ်ဆိုရင် လူကြီးဆိုတာ လက်ညှိုးထိုးစရာရှိမှာ မဟုတ်တော့ဘူး၊ ငါဟာ ဒီကိစ္စကို ခုလိုအလိမ်အညာတွေနဲ့ လုပ်ပေးနေတာဟာ ဘယ်သူ့ကိုမှကြောက်လို့မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဂရုလည်းမစိုက်ဘူး၊ တစ်ခုတော့ရှိတယ်၊ အားလုံးဟာ အစ်ကိုကြီး သမီးတွေပဲဆိုတဲ့ သံယောဇဉ်နဲ့ တံခွန့်လိုလူမျိုးနဲ့ ဖြစ်ပါစေတော့လို့ မျက်စိမှိတ် ကူညီခဲ့တာ"

ဒေါ်ယဉ်မေပိုင် မျက်ဝန်းမှာ မျက်ရည်စတို့ ဝေနေသည်။

ဒေါ်သမျှက်ရည်တွေပါ... ဒီကလေးအရွယ် ကောင်မလေးက သူမအပေါ် လက်ညှိုးထိုး ရှုံ့ချမှုကို ပြုခဲ့သည်။

သူမတို့ခိုင်းသမျှကို လုပ်ပေးရမည့်လူတစ်ယောက်လို ဆက်ဆံခဲ့သည်။ ရင်ထဲမှာ တဖျစ်ဖျစ်မြည်အောင်ပဲ နာနေမိပြီ။

အမြဲတမ်း သိမ်မွေ့စွာ ဆက်ဆံခဲ့သည့် တံခွန့်လေသံတွေ အေးစက်ပြောင်းလဲကုန်တာရော...

တကယ်ဆို သူမမှာ သိက္ခာ သမာဓိ ဘာတစ်ပြားသားဖိုးမှ မကျန်တော့လောက်သည်အထိ ဗွမ်းဆောင်ပေးခဲ့တာ။

"ကူညီခဲ့တာဆိုတော့ မေ့စကားက သူစိမ်းဆန်လိုက်တာ၊ တကယ်ဆို အခုနေရာမှာ ယမာပိုင်စိုးသာဖြစ်ခဲ့ရင် မေ ဒီလိုပုံစံ ဖြစ်နေမှာ မဟုတ်ဘူး"

"ပိုင်စိုးဆိုရင်လည်း ဒီအလုပ်မျိုး ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး မိမိ၊ တကယ်တွေးကြည့်ရင် ယောက်ျားတစ်ယောက်ကို လိမ်ညာလှည့်ဖြားယူတာပဲ"

"တော်ပါတော့ မေ"

ဒေါ်မိမိသွင် ဒေါသသံကြီးနှင့် အော်သည်။





"ဒီလိုတော့ မပြောပါနဲ့ အန်တီမေ၊ တံခွန့်ကို လေးလေးဆက်ရဲ့ တူမလေးနဲ့ ပေးစားမယ်ဆိုတာ စကားရှိခဲ့တာ အသေအချာပဲ၊ လေးလေးဆက်ရဲ့ တူမဖြစ်သူဆိုရင် အားလုံးခံစားခွင့်ရှိတယ်"

"အေး... ခံစားခွင့်ရှိအောင် ကြိုက်သလိုကြံစည်ကြ၊ ဒီကိစ္စ... ဒီနေရာကစပြီး ငါနဲ့ ဘာမှမပတ်သက်ပါနဲ့"

ဒေါ်ယဉ်မေပိုင် အပြတ်ကြေညာလိုက်သည်။

မျက်နှာနှစ်ခု မည်းခနဲ ဖြစ်ကုန်ကြ၏။

ဒေါ်မိမိသွင် သိသိသာသာ အံကြိတ်လျက်...

"အခုကိစ္စမှာ မေဟာ အရေးကြီးဆုံးမို့ ဒီလောက်ထိ ပြောနေတာ မေ၊ မဟုတ်ရင် ကိုယ့်သမီးတစ်ယောက်လုံးကို ပိုင်းလုံးမ တစ်ယောက်အဖြစ်ထိ ဘယ်သူမှအပြောမခံဘူး"

ဒေါ်ယဉ်မေပိုင် ယဲ့ယဲ့လေးပြုံးလျက် ဝိုးချဲကို သူမလက် နှစ်ဖက်နှင့် လှည့်လိုက်သည်။

မြင်သာသည့်နေရာမှာ သွားရပ်နေသည့် မသူဇာ ကမျာကယာ ပြေးဝင်လာလျက် ဝိုးချဲကို အခန်းပြင်သို့ တွန်းထုတ်သွားလေသည်။

အတော်ဝေးဝေးကွယ်သွားမှ အခန်းထဲက တက်ခေါက်သံ တစ်ချက် လွင့်ထွက်လာ၏။

"ဟင်း... ခုက္ခတမို့ပဲ၊ သူများလို အကောင်းတိုင်းဆိုရင် ဘယ်လိုနေမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ကလည်း တမ်မျိုး"

ဒေါ်မိမိသွင် သမီးကို အားမလို အားမရကြည့်လျက် ဆိုဖာပေါ် ဆောင့်ထိုင်ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် လင်မရှိ၊ သားမရှိနဲ့ မေ့လိုအဒေါ်တစ်ယောက်ကို ချဲတတ်၊ ကပ်တတ်ရင် တစ်ချိန်မှာ သူ့ပစ္စည်းမှန်သမျှ သူချစ်တဲ့လူကို ပေးသွားမှာပဲ၊ ဟိုကောင်မဆိုတဲ့ မာနခဲက လက်ဖြန့်တောင်းမှာ မဟုတ်ဘူး၊ ကိုယ့်အဒေါ်ကို ချစ်အောင်မလုပ်ဘူး၊ အပြောမတတ်၊ အဆိုမတတ်နဲ့ မုန်းအောင်ပဲ လုပ်ကြတယ်၊ တစ်ယောက်မှ အချိုးမပြေဘူး"

"သူကိုယ်တိုင်က အကပ်မခံတာပဲ မာမီရ၊ ဟိုကောင်မအနားမှာမရှိပေမယ့် အဲဒီကောင်မကိုပဲ သည်းနေတာ"

"အေး… သူများက ဒီလောက်အစွမ်းရှိတယ်၊ ညည်းတို့ဘာစွမ်းသလဲ၊ အခုလည်း ညည်းစကားပြောတာမဟုတ်လို့ ဟိုကဒေါ်ပွသွားတာ၊ အစကတည်းက မနည်းစည်းရုံးထားရတာ၊ ညည်းနဲ့တံခွန်သာ လက်မထပ်ဖြစ်ရင် ငါတို့ကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ရှားရှားပါးပါး ကျန်နေသေးသည့် ကိုယ်တစ်ဦးတည်းပိုင် "ချမ်းသာမင်း" ပွဲရုံကြီးကို စာရွက်စာတမ်းများ ခိုးယူလျက် သူမ ဖဲရှုံးထားတာ ဦးသက်ထက်ပိုင် မသိသေး။

ဒီပွဲရုံသာ ပြန်မရခဲ့လျှင်…

သူမလုပ်ရပ်သာ ဓာတ်စီးစွာ ပေါ်သွားခဲ့လျှင်…





ရင်မောလှစွာ ဒေါ်မိမိသွင် မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ ပိုင်ဂေဟာ၏ ရှေ့ရေးက မတွေးရဲစရာ ဖြစ်နေသလို…

သူမတို့ သားအမိ၏ ရှေ့ရေးသည်လည်း…

"သိပ်စိတ်ညစ်မနေပါနဲ့ မာမီ၊ အန်တီမေ့ကို မူမူ ပြန်ချော့ကြည့်ပါဦးမယ်"

"မလွယ်ပါဘူးအေ၊ ဆက်ပိုင်နဲ့ စိတ်တူ သဘောတူမိန်းမအေ့"

သားအမိနှစ်ယောက် ငိုင်ကျသွားကြလေသည်။ ခဲစားချက်ပြင်းထန်လျက် ဘူးဆို ဖရုံမသီးတတ်ခဲ့သော ဦးဆက်ပိုင်စိတ်ဓာတ်ကို သိနေကြသည် မဟုတ်ပါလား။

"ဟိတ်… သားအမိ"

အသံကြားရာ အခန်းဝသို့ သားအမိနှစ်ယောက်လုံး ပြိုင်တူလှမ်းကြည့်လိုက်မိကြသည်။

ပေါ်လာခဲ့တတ်သော ဒေါ်သက်သက်ပိုင်…

"ဟယ်… အန်တီသက်"

"သက်… သက်ရယ်"

ဝမ်းသာအားရ ဆီးကြိုကြလျက် သူတို့မျက်နှာမှ စောစောက သောကရိပ်များ ပျောက်ကုန်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကပြန်လာပြီး အဝတ်အစားများပင် မလဲလိုက်မိ။ စိတ်ပျက်ရှုပ်ထွေးစွာ အိပ်ရာပေါ်ပစ်လှဲချလိုက်မိသည်။ မျက်ဝန်းအကြည့်တို့က မျက်နှာကျက်ဆီသို့ ရောက်၏။ အန်တီမေပြောသော စကားများနှင့် ရုပ်သွင်က ပြန်ပေါ်လာသည်။

ပြီးတော့ ဦးဆက်ပိုင်…

မွေးစားဖခင်ကြီး လေးလေးဆက်…

လေးလေးဆက်လို့ခေါ်ပေမယ့် ကမ္ဘာပေါ်မှာ မွေးသမိခင်၊ ဖခင်တို့နဲ့ထပ်တူ…

လေးစားမြတ်နိုး အားကိုးခဲ့ရသူ…

မိဘတွေမရှိတော့ပေမယ့် လေးလေးဆက်သည် သူ့ဘဝ၊ လေးလေးဆက်၏ အဆိုအမိန့်၊ အလိုဆန္ဒများကို သူ့အသက်နဲ့ ထပ်တူ တန်ဖိုးထား လိုက်နာခဲ့သည်။

ယနေ့ လေးလေးဆက် မျက်ကွယ်ပြုသွားခဲ့ချိန်အထိ…





လေးလေးဆက်၏ အစီအစဉ်၊ မှာကြားချက်တစ်ခုခုဆိုပါလျှင် တံခွန် အတိအကျ လိုက်နာဆောင်ရွက်ဖို့ အဆင်သင့်။

ဒါပေမယ့်…

"သားရဲ့လေးလေးဆက် စီစဉ်ခဲ့တဲ့အတိုင်း" ဟု အန်တီမေ ပြောလာခဲ့သည့် အစီအစဉ်ကို တံခွန် ဘဝင်မကျနိုင်။

သူသိခဲ့ ကြားခဲ့ဖူးသော အကြောင်းတရားတို့နှင့် ကြားမှာ ဟနေတာတစ်ခုခုတော့ ရှိရမည်ဟု စိတ်က ယုံကြည်နေမိတာ ဘာကြောင့်မှန်းမသိ။

ဒါကြောင့် ဒီနေ့ထိ သူ ဒီကိစ္စကို လက်မခံနိုင်ခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်တုန်းက ယောဒီ မဟာမြိုင်ရိပ်မြုံကြီးရဲ့ ကျက်သရေဧည့်ခန်းကြီးထဲမှာ လေးလေးဆက် ဖုန်းပြောနေတုန်း သူကိုယ်တိုင် နွားနို့ပူပူလေးတစ်ခွက် သွားပို့ခဲ့စဉ်က အမှတ်တရတစ်ခုကို ခုထိ သတိရနေဆဲ…

"… …"

"ကလေးမလေး မျက်နှာငယ်ရှာမှာပေါ့၊ ကျွန်တော် နားလည်ပါတယ် မမေ၊ မမေမပြောခင် အဲဒီကအခြေအနေကို ကျွန်တော် ခန့်မှန်းလို့ရနေပါတယ်၊ ဒီအတွက်မပူပါနဲ့လို့ အိမ်ခြေကို ပြောပြလိုက်ပါ"

နွားနို့ဖန်ခွက်ကို ချထား၍ သူထွက်သွားမည်ပြင်တော့



www.burmeseclassic.com

www.burmeseclassic.com



လေးလေးဆက်က ဖုန်းဆက်မပြတ်ဘဲ သူ့လက်ကိုဆွဲထား၍ ထိုင်နေဖို့ အမူအရာပြခဲ့သည်။

ဒါကြောင့် ပြောသမျှအားလုံးကို တံခွန် ကြားနေရသည်။

"… …"

"ဒါကို ဘာမှမပူပါနဲ့ဗျာ၊ ဒီကလေးမလေး နောက်ရေးရော၊ ရှေ့ရေးရော ဘာမှမဖြစ်စေရဘူး၊ မှဲ့တစ်ပေါက် မစွန်းစေရဘူး၊ ကျွန်တော့်မှာ သားတစ်ယောက်ရှိတယ်လေ၊ ကျွန်တော့်မေတ္တာ၊ စည်းစိမ်ဥစ္စာအားလုံးကို ပုံပေးထားတဲ့ သားပါ"

"… …"

"တကယ်ပြောနေတာပါ၊ ဘယ်သူ့အပေါ် ကျွန်တော် ဘယ်လိုပဲသဘောထားထား၊ ဒီကလေးကို လုံးဝပြစ်မထားနိုင်ဘူး၊ မအိငြွေကို အခွင့်သာတဲ့တစ်နေ့ ကျွန်တော် လာပြီးအားပေးချင်ပါတယ်၊ မမေလည်း အားမငယ်ပါနဲ့၊ ကျွန်တော့်ဘဝမှာ မမေနဲ့ မအိငြွေတို့ပဲ တွယ်တာစရာရှိပါတယ်၊ ဒီအတိုင်းလည်း သတ်မှတ်ထားတာပါ"

ဖုန်းချပြီးတော့ ဦးဆက်ပိုင်က သူ့နားမှာ ကပ်ထိုင်ချလိုက်ပြီး…

"မင်းအတွက် ခုတည်းက စေ့စပ်ထားတဲ့ မိန်းမရှိနေပြီ နော်၊ ကြားရဲ့မို့လား"

ဘယ်သူရယ်… ဘယ်ဝါရယ် မသိရသေးပါဘဲ တံခွန်





ရှက်သွားမိသေးသည်။

"ဟား ဟား… ဒီကောင်လေး ရှက်တတ်နေပြီ၊ ကြည့်စမ်း၊ ဟော့… ငါ့သားကို လာကြည့်ကြစမ်း၊ ရှက်နေတဲ့မျက်နှာကြီးကို"

အဟုတ်မှတ်လို့ အိမ်သားတွေ ပြေးဝင်လာလိုက်ကြတာ…

အဲဒီအချိန်တုန်းက ပြောခဲ့ဖူးသည့်စကားကို လေးလေးဆက် သေဆုံးသွားတဲ့အချိန်ထိ ပြန်ပြောလာခဲ့ခြင်း မရှိသလို…

တံခွန့်ရင်ထဲမှာလည်း ဘာမှ လေးလေးနက်နက် မကျန်ခဲ့တာ အမှန်ပင်။ ခုတော့ အန်တီမေ့ထံမှ အစပြန်ပေါ်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်နဲ့ မအေဖြစ်သူကို ခန်းဆီးအကွယ်လေးမှ ချောင်းကြည့်ရင်း ယမာ မျက်ရည်လေးတွေ ဝဲနေမိသည်။

မာမီသည် တီမေ့လက်မောင်းကို ဆုပ်ကိုင်လျက် ရှိုက်ငိုနေရှာသည်။

"ကျွန်မ တစ်ခါတည်းသေသွားရင် ကောင်းမှာပါ မမေရယ်၊ ဒီဒုက္ခတွေကို ဘယ်လိုမှမခံစားနိုင်တော့ဘူး"

ဒေါ်ယဉ်မေပိုင်လည်း မျက်ရည်တွေကျလို့…

ပိုင်ဂေဟာမှာ အမွေကိစ္စတွေ ရှုပ်နေချိန်၊ သားဆိုးရယ်လို့ ပစ်ပယ်ထားခံရတဲ့ မောင်လေးဆက်ပိုင်တစ်ယောက် နစ်နာသွားမှာ စိုးသည့်စိတ်…

ပြီးတော့ ဒီသားနဲ့ပတ်သက်၍ စကားတွေလည်း အလွန်အကျံ ပြောမိထားလျက်… သားကိုလည်း တမျှော်မျှော်နှင့် ကြိတ်ခံစားနေရရှာသော မေမေ့ဒုက္ခကိုလည်း မြင်တွေ့နေရကာ…





လောဘရမ္မက်တွေကြီးနေသော ဦးသက်ထက်ပိုင်တို့ မောင်နှမ မသိအောင် မောင်လေးဆက်ပိုင်ရှိတဲ့ဆီ သူတို့ ထွက်ခဲ့ကြသည်။

သို့သော်…

မောင်လေးဆက်ပိုင်ကို ခေါ်မရခဲ့ဘဲ အပြန်လမ်းမှာ ကားမှောက်ခဲ့ရကာ သမီးယောက်မ နှစ်ယောက်လုံး ဒုက္ခိတဖြစ်ရုံမျှမက မေမေလည်း ဆုံးပါးသွားခဲ့ရသည်။

ခုတော့ လင်ဖြစ်သူ၏အထင်လွဲ ပစ်ပယ်ခြင်းကို ဒေါ်အိမ်ငြိမ်းစိုး ခါးသီးစွာ ခံနေရလျက်… သူမအတွက် အဖော်သည် ဒုက္ခိတယောက်မကြီးနဲ့ မျက်ရည်သည်သာ…

"သမီးလေးကို ပေးစရာ ကျွန်မပိုင်တဲ့ပစ္စည်းတွေရှိပါသေးတယ် မမေ၊ ရင်နာမိတာက ဖခင်တစ်ယောက် ဆုံးရှုံးသွားရတာကိုပါ"

"မောင်လေးဆီ တို့လိုက်သွားမိကြလို့ ခုလိုတွေဖြစ်ခဲ့ကြတာပါ"

"မဟုတ်ဘူး၊ ကျွန်မ ဒီနောင်တမျိုးတော့ ဘယ်တော့မှ မရဘူး မမေ၊ မေမေကြီး မောင်လေးအတွက် သိပ်ခံစားနေရတာကို ကျွန်မတို့မကြည့်ရက်လို့ ဆုံးဖြတ်ခဲ့ကြတာ အတူတူပဲလေ"

ဒေါ်အိမ်ငြိမ်းစိုး မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

"မောင်လေးဆက်ပိုင်ဆီ သွားတဲ့ကိစ္စက အကြောင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွားတာပါ မမေ၊ တကယ်တော့ ဒီမိန်းမနဲ့ သူဖြစ်နေတာ ကြာပါပြီ၊ မွေးထားတဲ့ကလေးတွေတောင် သမီးနဲ့ မတိမ်းမယိမ်း တွေ ဖြစ်နေပြီဟာ"

"ဟုတ်ရဲ့လား ညီမရယ်"

ဒေါ်အိန္ဒြေစိုးက မချိတရိလေး ခေါင်းညိတ်ပြရှာသည်။

"ကျွန်မက လူကြီးတွေသဘောတူလို့ လက်ထပ်ခဲ့ရတာ တဲ့၊ မိမိဆိုတာက ကျွန်မနဲ့ လက်မထပ်ခင်ကတည်းက လက်မှတ်ထိုး ယူထားတဲ့ တရားဝင်မိန်းမတဲ့လေ၊ ကျွန်မက ပွဲတက်မယားအဆင့် ပဲရှိတယ်တဲ့၊ သူ… သူ ပိပိရိရိ ကြိတ်ပေါင်းနေခဲ့ပြီး ခု ဒီကိစ္စတွေ ဖြစ်လာတော့မှ အကြောင်းပြကောင်းကောင်းနဲ့ ကျွန်မကို နှိပ်စက် တာ မမေရဲ့"

"သူ ဒီလိုပဲ ပြောခဲ့တာလားဟင်"

အပြောအဆို အယူအဆ လွန်စွာသိမ်မွေ့ အေးချမ်းသည့် ဒေါ်ယဉ်မေပိုင်က ယောက်မအပေါ် ခံစားနားလည်တတ်စွာ ပူပန် နေရှာသည်။

"အေးပေါ့လေ… သူက အကြီးဆုံးပဲ၊ ဒီအိမ်မှာ မေမေ ကြီးလည်း မရှိတော့ဘူးဆိုတော့ သူကြိုက်သလို လုပ်ခွင့်ရှိနေပြီ ပေါ့၊ ဒီကြားထဲ သက်သက်လည်း သူ့ကို အားပေးအားမြှောက်လုပ် နေတာကိုး"

တစ်ယောက်က ခြေမသန်၊ တစ်ယောက်က ဗိုးချယ်ပေါ်





မှာ။

တစ်မျိုးစီ ဒုက္ခိတဖြစ်နေကြရှာသူနှစ်ဦးရဲ့ မျက်ရည်စက် တို့ကို ယမာငယ်ငယ်ကတည်းက မြင်တွေ့လာခဲ့ရတာ… နာကျင် ခဲ့ရတာ…

ဒေါ်မိမိတို့သားအမိ ပိုင်ဂေဟာကို ရောက်လာသည်နှင့် အိမ်ရှိလူအားလုံးကို သူ့လက်အောက်ငယ်သားတွေလို ဆက်ဆံ သည်။ သူမထက်ကြီးသည့် ဒေါ်ယဉ်မေပိုင်သည်လည်း ဗိုးချယ် တစ်လုံးနှင့် ဒုက္ခိတမို့ ဂရုမစိုက်။

ဒေါ်အိန္ဒြေစိုးအပေါ်မှာလည်း လူမထင်သလို…

ရိုင်းစိုင်းမောက်မာလှသည့် သမီးနှစ်ယောက်ကပင် လူကြီး တွေကို တရိုတသေ မရှိကြပေ။

အိမ်ကြီးပေါ်မှာ တီတီမေရယ်… မာမီရယ်… ယမာ ရယ်… သုံးယောက်က တစ်ဘာသာ…

ဒယ်ဒီရယ်… သူ့မိန်းမနဲ့ သမီးတွေက တစ်သဘော…

"ထမင်းစားတာ မိတို့မိသားစု သိုက်သိုက်ဝန်းဝန်း စား ရမှာပေါ့၊ အခု အစ်ကိုကြီးက ဟိုကောင်မနဲ့ သမီးနဲ့ ထမင်းဝိုင်း စားလိုက်တယ်ဆိုတော့ မိတို့သားအမိ ဘယ်လိုခံစားရမလဲ၊ အစ်ကို ကြီးပဲ တွေးကြည့်ပါဦး"

ပခုံးမှာ တင်းခနဲ ဆုပ်ညှစ်ခံလိုက်ရသည်မို့ ယမာ နောက် လှည့်ကြည့်လိုက်တော့ မျက်ရည်တွေဝေနေသည့် မာမီ့ကို မြင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်။ ထမင်းစားခန်းထဲမှာပင် မရှောင်···

မိန်းမကို ပွေ့ဖက်ချော့မြူနေသော ဖအေလုပ်သူကို ငေးကြည့်ရင်း ကွယ်ရာမှာသာ ကြိတ်ငိုနေရှာသော မာမီ့အတွက် ကြေကွဲနေမိသည်။ ခံစားနားလည်တတ်သော သမီးတစ်ယောက်ရှိနေသေးတယ်ဆိုတာ ဒယ်ဒီ မေ့နေပြီလား···

အင့်ခနဲ ရှိုက်လိုက်သည့် သမီးမျက်နှာလေးကို ဆွဲမော့ကြည့်ကာ ရင်ခွင်ထဲမှာ သွင်းဖက်၍ သားအမိနှစ်ယောက် ငိုမိကြသည်။

ဒီအဖြစ်ဆိုးတွေကို ခပ်လှမ်းလှမ်းကနေ မြင်နေရသည့် ဒေါ်ယဉ်မေပိုင်လည်း မည်သို့မျှ နှစ်သိမ့်နိုင်ဖွယ်အား မရှိဘဲ ကြည့်နေရုံမှတစ်ပါး ဘာမှမတတ်နိုင်ပါချေ။

အစက အားပေးမြှောက်ပင့်ခဲ့သော ဒေါ်သက်သက်ပိုင်သည်လည်း တကယ်တမ်း အိမ်ပေါ်တက်လာတော့ တစ်ပြုံတစ်မကြီးဆိုတော့ မကျေနပ်နိုင်တော့ပေ။ မြွေမြွေချင်းမို့ ခြေမြင်ကြ၏။

ပစ္စည်းမက်သော ဒေါ်သက်သက်ပိုင်က ဒေါ်မိမိနှင့် အစွယ်အပွားအတွေအပေါ် သဝန်တိုသလို···

ဦးသက်ထက်ပိုင်ကလည်း နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်ပီပီ ကွက်ကျော်မြင်တတ်သူမို့ သူ့ဘက်သူတော့ ကာကွယ်ထားပြီးသားပင်။

ခဏခဏ ပစ်တတ်ကြသည့် လေသေနတ်တွေက





ကျည်ဆန်မကုန်နိုင်။ သူတို့ကြားမှာ မေတ္တာသည်သာ ကိုးကွယ်ရာဟု သဘောထားကြသူတွေအဖို့ လွန်စွာနစ်နာလှသည်။

နောက်ပိုင်း မာမီတစ်ယောက် စိတ်ရောဂါနှင့် အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ရသည်။ သူမနားသို့ မည်သူမှ မလာစေရ။

မည်သူကျွေးတာမှ မစား။

အရွယ်ရောက်တော့မည့် သမီးလေးကို အားကိုးယုံကြည်စွာ ငေးကြည့်လျက်··· စိုစွတ်သော မျက်ရည်များက နေထွက်မှ နေဝင်ချိန်ထိ··· မခြောက်ခမ်းခဲ့···

ဒီသမီးမှလွဲရင် ဒေါ်ယဉ်မေပိုင်ကိုပင် အတွေ့မခံတော့ပေ။

သမီးဆေးတိုက်မှ သောက်၊ သမီး ကျွေးမွေးပြုစုတာကိုပဲ ခံယူရင်း မဆုံးနိုင်သော မှာတမ်းတို့ကို တတွတ်တွတ်ဆိုလို့ မဆုံး။

"ဘယ်တော့မှမျက်ရည်မကျနဲ့ သမီး၊ မာမီ့သမီး မာမီ့လို မပျော့ညံ့ရဘူး၊ တကယ်လို့များ မာမီသေဆုံးသွားခဲ့ရင် ဝမ်းနည်းအားငယ်ပြီး သူများခိုင်းဖက် မဖြစ်စေရဘူး၊ သမီးလေးမှာ သမီးရဲ့ အဘိုးအဘွား အစဉ်အဆက် ချမ်းသာခဲ့ကြတဲ့ အမွေတွေရှိတယ်၊ မိဘမေတ္တာတွေ သမီးဆုံးရှုံးခဲ့ပေမယ့်···"

ဒီနေရာမှာ ရှိုက်သံသဲ့သဲ့ထွက်လျက် မျက်ဝန်းထောင့်မှ စီးကျသော မျက်ရည်စက်တို့က နားသယ်စပ်မှ ဆံစများထဲသို့ တိုးဝင်သွားကြလေသည်။

"မောနေပါပြီ မာမီရယ်၊ မာမီ စကားတွေ သိပ်မပြော



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့''

မာမီက သူ့အခြေအနေကို သူသိလျက်… စကားတွေ မပြောလိုက်ရမှာစိုးတဲ့အတိုင်း ခေါင်းတွင်တွင်ခါနေသည်။

''သမီးကို စိတ်မချတဲ့စိတ်၊ မထားခဲ့ရက်နိုင်တဲ့ စိတ်တွေနဲ့ မာမီ နှလုံးသွေးတွေ ပေါက်ကွဲထွက်ကုန်တော့မယ် သမီးရယ်''

မာမီ့ ခေါင်းလေးကို ခပ်ဖွဖွဖက်ရင်း ယမာ ငိုမိပါလေသည်။

''သမီးဟာ မာမီ့သမီးက သူဌေးသမီး၊ အစဉ်အဆက် မျိုးရိုက် ဆွေရိုက် ခန့်ထည်ဝါခဲ့တဲ့ သူဌေးတွေရဲ့မြေးမြစ်၊ သမီးမှာ အားငယ်စိတ်မရှိရဘူး၊ အထူးသဖြင့် ဒီအိမ်ကြီးမှာ ဘာမဆို ပြောရဲဆိုရဲ ရှိရမယ်၊ မဟုတ်မခံစိတ်နဲ့ စိတ်ဓာတ်မာကျောတဲ့ မိန်းမတစ်ယောက်ဖြစ်ရမယ်၊ ကြား… ကြားလား သမီး''

''ဟုတ်ကဲ့''

''ကိုယ့်ကိုယ်ကသွေးတောင် ဖောက်ထုတ်သင့်လာရင် ဖောက်ထုတ်ပစ်ရသေးတာပဲ၊ သမီး ဘာအတွက်နဲ့မှ သံယောဇဉ် မတင်နဲ့၊ ကိုယ့်ဖခင်ဖြစ်ပေမယ့် သူ့ကြောင့် ဘယ်အရာကိုမှ အရှုံး ပေးဖို့မလိုဘူး သမီး၊ သမီး… သမီး သဘောပေါက်ရဲ့လား''

''ပေါက်ပါတယ် မာမီရယ်… သမီး မာမီပြောတာတွေ အားလုံးကို စွဲမှတ်ထားပါ့မယ်၊ စိတ်ချပါ မာမီရယ်… နော်''

ယမာ ကတိပေးတော့မှာ မာမီ့မျက်နှာ ပြုံးယောင်သမ်း





သည်။

''သမီး ရသင့်ရထိုက်သမျှ မာမီ့ဘက်က ပေးနိုင်တာ အားလုံးစီစဉ်ထားခဲ့ပြီးပြီ၊ သူတို့နဲ့ ဘာမှမပတ်သက်နဲ့၊ သမီးရဲ့တီမေ့ကိုလည်း မာမီ့ကိုယ်စား ဂရုစိုက် ပြုစုရမယ်''

အချိန်တိုင်း ဆုပ်ကိုင်ထားတတ်သည့် မာမီ့လက်တွေ ပြုတ်ကျသွားခဲ့သည်။

မာမီ ငြိမ်သက်သွားလေတော့မှ ဝင်လာခွင့်ရကြသည့် အားလုံးထဲမှ ယမာ တီမေ့ကိုဖက်၍ တအားရှိုက်ငိုလိုက်မိသည်။

မျိုသိပ်ဟန်ဆောင်နိုင်လွန်းသည့် တီမေတစ်ယောက်ပင် မာမီဆုံးရသည့်စိတ်ကြောင့် အိပ်ရာထဲမှာ တစ်ပတ်ကျော်ကျော် မထနိုင်ဖြစ်ခဲ့ရသည်။

တီမေ့အပါးမှာ ယမာ နေ့မအိပ် ညမအိပ် ပြုစုရင်း မာမီ့ကို တမ်းတရင်းဖြင့် ပိုးဟပ်ဖြူအရိုးခြောက်မလေး ဖြစ်လာခဲ့ရသည် အထိ။ ခုတော့… တီမေတစ်ယောက် ဘယ်လိုနေမှန်းလည်း မသိ။

ပြုစုဖို့လည်း အခွင့်မသာ။ မာမီ့ကို ကတိပေးခဲ့မိသမျှ သူ့စိတ်တွေ မာကျောနိုင်ရသည်မှအပ အရာအားလုံး အလွဲလွဲအချော်ချော်။ မာမီ သေချာစီစဉ်ထားခဲ့သော အမွေကိစ္စတို့ကလည်း သူ့စိတ်ကူးထင်ချက်များ၍ ဆုံးရှုံးခဲ့ရသည်။

ဒယ်ဒီ စိတ်မညစ်စေချင်လို့ ဆုံးဖြတ်ပေးလိုက်မိတာပါ ဆိုလျှင် မာမီ ဘယ်ဘဝကနေမှ ခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ယမှာ သိသည်။

မာမီ ဒါတွေကို ကြိုတင်တွေးဆမိပြီး ဒီလောက်တတွတ်တွတ် မှာသွားတာတောင် မလိုက်နာခဲ့တဲ့ သမီးကို ခွင့်မလွှတ်ပါနဲ့ မာမီရယ်... ပါးပြင်ထက်သို့ ပူနွေးသော မျက်ရည်စက်များ ဖြတ်ဆင်းသွားလေသည်။ ထို့အတူ...

အေးစက်စက် အထိအတွေ့လေးများဖြင့် လွင့်မြောနေသည့် စိတ်တို့က ကဆုန်ပေါက်ပြေးကပ်ဝင်လာသလို မှိတ်ထားသည့် မျက်လုံးတို့ကို ဖျတ်ခနဲ ဖွင့်လိုက်မိလေသည်။

"ဟင်..."

ခြံထဲမှာ သူမတစ်ယောက်တည်းဟုထင်ကာ လွတ်လပ်စွာ ခံစားနေမိဆဲ... သူ့အရှေ့ ပိတောက်ပင်အောက်မှာ ပင်စည်ကို ပခုံးတစောင်းမှီ၍ လက်ပိုက်ရပ်နေသူက ကြည့်နေလိုက်သည်မှာ စူးစူးနစ်နစ်... မျက်ရည်စတွေကို သုတ်ပစ်လျက် ယမှာ့မျက်နှာ တင်းသွားသည်။

"မိုးတွေရွာနေတာတောင် မသိနိုင်တဲ့အထိ မ ်း ခံစားနေရလား"

ဆိုင်းမတီး၊ ဗုံမပါနှင့် ရွဲ့တိုက်ပြောလ ည်း ွ။

ယမှာ ဆတ်ခနဲထရပ်လိုက်တော့ သူ ် ့ ်လှမ်းချင်း လျှောက်လာ၍...

"မိုးဖွားတွေကျနေတာတောင် ကျောက်ရုပ်လိုထိုင်နေတာ





မလှုပ်တော့ စိတ်ဝင်စားလို့ လာကြည့်မိတယ်၊ ဒီနားရောက်တော့လည်း မျက်ရည်တွေကျနေပြန်တော့ အသံမပေးဖြစ်တော့ဘဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တာ၊ ဘာလဲ... မကျေနပ်ဘူးလား"

"ရှင် ဒီလောက်ရိုင်းစိုင်းတဲ့အလုပ်ကို လုပ်ထားတဲ့ဟာ၊ ယမှာက ကျေနပ်ပါတယ်ရှင့်ဆိုပြီး ထိုင်ဝပ်ချရဦးမှာလား"

သူက အူကြောင်ကြောင်ပုံစံနှင့် မျက်ခုံးနှစ်ဖက်ကို မြှင့်တင်လိုက်သည်။

"ကြည့်စရာမို့ ကြည့်တာပေါ့ကွ၊ ဘာဖြစ်လို့ ရိုင်းရမှာလဲ"

"ဟုတ်တယ်၊ ရှင်ပဲ ယဉ်ကျေးတယ်၊ လူယဉ်ကျေးကြီးဟင်း..."

ယမှာ စကားမပြောချင်တော့သည်မို့ သူ့ရှေ့မှ ခြေလှမ်းအရွေ့...

"ဟေ့... ဒေါသတွေ သယ်မသွားနဲ့နော်၊ ဟိုပန်းရုံတွေနားမှာ နီရှေ့နဲ့ နီတာတို့ ဆော့နေကြတယ်"

"ဟင်..."

တကယ်ပဲ လှမ်းမြင်လိုက်ရသည်မို့ ယမှာ နေရာမှာပင် တုံ့ခနဲ ဖြစ်သွားသည်။

သူကတော့ ခပ်တည်တည်နှင့် ယမှာ့ကို ကျောခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒီမှာ... ဒီမှာ"

ဒေါသဖြစ်ဖြစ်နှင့် ယမာ့အသံက ကျယ်သွားသည်။

သူ့ခြေလှမ်းတွေ ရပ်သွားကာ သမင်လည်ပြန်ကြည့်၏။

"ငါ့ကိုခေါ်တာလား"

"ဒီနားမှာ ဟိုခွေးနှစ်ကောင်ကလွဲရင် ရှင်ပဲရှိတယ်"

ထူးဆန်းလှစွာ...

ခါတိုင်းဆုံဖူးတဲ့အခါတွေလို ဒေါသတွေကို သူ့မျက်နှာမှာ မမြင်ရပေ။ မချိုမချဉ်အပြုံးနှင့် ယမာ့ကို ရင်ဆိုင်လာ၏။

"ငါတွေ့ဖူးတဲ့မိန်းမတွေထဲမှာ မင်း ချစ်စရာအကောင်းဆုံးပဲ"

"ဘာ..."

"ဘာလဲ... မကြားလိုက်ဘူးလား"

"ရှင်... ရှင် လူကို ဘာအောက်မေ့နေလဲ"

"မင်းလှပါတယ်"

"တော်တော့"

ယမာ လက်သီးလေးဆုပ်၍ အော်မိပြန်သည်။

"ရှင့်သစ္စာဝါတွေကို ထိန်းထားပေး၊ ကျွန်မ သွားမလို့"

ယမာ ဒေါသဖြစ်လာလျှင် 'ကျွန်မ' ဟု ကိုယ့်ကိုယ်ကို ပြန်သုံးတတ်တာ အကျင့်တစ်ခု။





"နေဦး... မေးစရာရှိသေးတယ်"

သူက ယမာ့ကို ခပ်စူးစူးကြည့်ကာ...

"မင်း... ဘာဖြစ်လို့ငိုတာလဲ"

"ဘာဖြစ်လို့ငိုငို ရှင့်အပူလား"

ထိုစဉ် မိုးဖွဲလေးတွေမှသည် မိုးစက်တို့ ခပ်စိပ်စိပ်ကျလာသည်။ ဟူးခနဲ တိုးတိုက်သွားသည့် မိုးသက်လေကြောင့် ယမာ့ဆံပင်ရှည်ကြီးများရဲ့ အောက်ဖျားတွေ လွင့်ခနဲပျံတက်သွားကြ၏။

လှပသော ပန်းဥယျာဉ်ကြားမှာ ထို့ထက်လှပသော မိန်းမလှလေးကို သူ အားမနာတမ်း ငေးကြည့်လိုက်မိသည်။

တခွန်...ရင်ထဲမှာ မထင်ရှားလှစွာ စွဲထင်နေသော ပုံရိပ်ကလေး တစ်ခုရှိနေခဲ့တာ ကြာပြီ။

ဒါပေမယ့် ကိုယ့်နှလုံးသားက မရေရာခဲ့...

ဒီမိန်းကလေးနဲ့ သူ ဆုံဆည်းခဲ့ကြတိုင်း အရာရာနဲ့ အကြောင်းကြောင်းချည်းပင်။

ဒါကြောင့်လည်း တစ်ခါဆုံဖူးတိုင်း နှလုံးသားမှာ အရာထင်ခဲ့သည်သာ... ဒီနေ့ ဒီအချိန်ထိ...

အခု သူပြောခဲ့မိသော ခပ်ပြောင်ပြောင် (ချော်ကော်တော်) စကားမျိုးတွေ ဘယ်သူ့ကိုမှ မပြောခဲ့ဘူးပေ။

ခုကျမှ အတွေးအမြင်ကို့က တိမ်မှုန်းနှုန်းညှိနေရလျက်...

"ဆောရီးကွာ၊ ငါမေးတာ ရိုင်းသွားပြန်ပြီ၊ ဒီလိုပုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ဒီနေ့ကစပြီး မင်းနဲ့ငါ ရှိခဲ့ဖူးတဲ့ အတေးအမှတ်တွေ မေ့လိုက်ကြမယ်၊မင်း ငါ့ကို ပြေပြေလည်လည် ဆက်ဆံနိုင်မလား"

ယမာ နှုတ်ခမ်းကို အသည်းယားစရာပုံစံလေး မဲ့ပစ်သည်။

"လုံးဝမဖြစ်နိုင်ဘူး"

"ငါကတော့ မင်းကိုခင်ချင်နေတယ်"

"အဲဒါ ရှင့်အလုပ်လေ၊ ကျွန်မနဲ့ မဆိုင်ပါဘူး"

"အင်းလေ… တစ်နေ့တော့ ဖြစ်လာမှာပါ"

"ရှင် ဘာပြောတာလဲ"

"အဲဒါ မင်းနဲ့မဆိုင်ဘူးလေ၊ ငါ့အလုပ်ပဲဟာ"

သူ မချိုမချဉ် ပြုံးလိုက်ပြန်သည်။

ပြီးတော့ ရွှီးခနဲ လေတစ်ချက်ချွန်လိုက်ကာ ယမာ့ရှေ့မှ ထွက်ခွာသွားလေသည်။

လေချွန်သံကြောင့် ခွေးနှစ်ကောင် ခေါင်းထောင်ကြည့်လိုက်ပြီး သူ့နောက် အလုအယက် ပြေးလိုက်သွားကြလေသည်။

သူ့လက်ထဲမှာ လွှပ်ယမ်းပါသွားသည့် ကားသော့လေးကို လှမ်းငေးနေရင်း ယမာ နေရာမှာပင် ရပ်နေမိဆဲ…

သူဟာ ဘယ်လိုလူလဲ…

ယမာ ဒုက္ခ သုက္ခနှင့် ပုံပျက် ပန်းပျက်ဖြစ်နေချိန်တိုင်း သူရောက်လာတတ်သည်။

သစ္စာမွန်စာပေ



မထင်မှတ်သော အခြေအတင်ကိစ္စလေးများနှင့် တွေ့ကြတိုင်း တစ်ခါမှ အဆင်ပြေဆက်ဆံခဲ့ရသည် မရှိသလို နောက်လည်း ဆက်ဆံရေးက ပြေလည်ဖို့မလွယ်။

ကိုယ့်အလုပ်ရှင်ဆိုတာ သိနေပါလျက် သူ့ရှေ့ဆိုတဲ့ ခေါ်ပြော သုံးနှုန်းမှုတွေကြားပြီး နာမည်လေးတောင်မှ မစပ်စုမိခဲ့တာ အမှန်။

အစတုန်းက ကိုကျော်ကျော့ကိုသာ ဒီဌာနရဲ့ပိုင်ရှင်လိုလို ထင်ထားခဲ့တာ။ သူကလည်း တစ်ခါတစ်ရံသာ လာတတ်ခဲ့သည်။

ခုတော့ဖြင့် မကြာမကြာ တွေ့လာရသည်။

ယမာ ခွေးကိုက်ခံရသည့်နေ့မှစ၍ မကြာမကြာ မျက်နှာချင်းဆိုင် တွေ့မြင်ကြ၏။

အစကတည်းက မကျေနပ်စိတ်ရင်းနှင့် ရက်ရှိ့စွာ ယမာ မျက်နှာလွှဲ ရှောင်ပြေးခဲ့သည်ချည်းပင်။

ဒီနေ့တော့ ယမာထိုင်နေတာ ကားဝင်လာကတည်းက သူ မြင်ပုံရလေသည်။

ဒါကြောင့် တိုက်ထဲမဝင်ဘဲ လာရပ်ကြည့်နေတာ ဖြစ်မည်။

"ဟေး… ယမာ၊ မိုးတွေရွာနေတယ်လေဟယ်"

ထီးကလေးတစ်ချောင်းနှင့်အတူ မဝင်းတို့ ပူးကပ်ဆောင်း ထွက်လာသည်။

"ရော့… ထီး"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အပိုယူလာသည့်ထီးကို လှမ်းပေး၍ မျက်နှာတွေက စပ်ဖြဲဖြဲ..

"ကျန်နေတာတွေ အိပ်ရာထဲရောက်မှ နဖူးပေါ်လက်တင်ပြီး ဆက်တွေးပေါ့နော်... အဟင်း... ခုတော့ မိုးတွေရွာနေလို့ ဆင်ဆာဖြတ်ပေးပါရစေ"

ဆရာမတွေပေမယ့် ဒီနေရာမှာကျတော့ ကျောင်းသူလေးတွေလို ခိုးခိုးခိခိ ရယ်လိုက်ကြတာ လွတ်လွတ်လပ်လပ်...

သူတို့ လှည့်ပြန်သွားကြမှ ယမော့မျက်နှာလေး နီရဲကာ ထီးဖွင့်ရင်း ပြုံးလိုက်မိလေသည်။





"အမေ့ရင်ခွင်" ကလေးထိန်းစာသင်ကျောင်း၏ နာမည်သည် မကြာသေးသောကာလတစ်ခုအတွင်း တစ်ဟုန်ထိုး ကျော်ကြားလာခဲ့သည်။

ငယ်စဉ်ကတည်းက မိဘမေတ္တာ ငတ်မွတ်ခဲ့ရသူမို့ အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ကြရသည့် ကလေးဆို ကြီးကြီးငယ်ငယ် အမေ့ရင်ခွင်မှာ ခိုလှုံစေခဲ့သည်။

အရွယ်အလိုက် ထိန်းကျောင်းပြုပြင်ပေးကြသည့် ဆရာ၊ ဆရာမတွေကိုလည်း တစ်နေ့တစ်ခြား တိုး၍ခန့်နေရသည်။

ကျောင်းတက်နိုင်တဲ့အရွယ်တွေ့ကို ကျောင်းပို့ဖို့ကားက အဆင်သင့်။ ပြန်လာတော့ စာသင်ပေးဖို့ ဆရာ၊ ဆရာမတွေက ခြံရံလျက်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ဖို့ အချိန်အခါမပေးတော့သည့် အရွယ် ကလေးတွေကျတော့ လက်မှုပညာလုပ်ငန်း တစ်ခုခုတတ်အောင် ဖန်တီးပေးခဲ့သည်။

ကျောင်းတက်ချိန်၊ ကစားချိန်၊ စာကြည့်ချိန်၊ နားချိန် အားလုံး စနစ်ကျကာ စည်းကမ်းရှိသော ထိန်းကျောင်းမှုတွေအောက်မှာ "အမေ့ရင်ခွင်" က လူတိုင်းသတိမထားမိဘဲ မနေနိုင်အောင်ဖြစ်လာခဲ့သည်။

အမေ့ရင်ခွင်နဲ့အတူ နာမည်ရလာသူက ကျော်ကျော်။

အားလုံး သူ့ခြေ၊ သူ့လက်၊ သူပဲ အုပ်ထိန်းထားသည်ကိုး။

တံခွန်ရဲ့နောက်ကွယ်က အကွက်ချစီမံပေးတဲ့အတိုင်း ကျော်ကျော်က စေတနာပါပါနှင့် ဂရုစိုက် အကောင်အထည်ဖော်တတ်သူ။

လေလွင့်စွန့်ပစ်ကလေးများသာမက မိဘအုပ်ထိန်းသူများနှင့် ချမ်းသာကြွယ်ဝသူတွေပင် သူတို့သားသမီးများကို စည်းကမ်းစနစ်ကျသော အမေ့ရင်ခွင်သို့ အပ်နှံချင်လာကြသည်အထိ။

လုပ်ငန်းအားလုံးထဲမှာ အမေ့ရင်ခွင်ရဲ့အောင်မြင်မှုကို တံခွန် ပီတိဖြစ်ရသည်။

မိဘမဲ့ရသော ကလေးတွေဘဝကို အေးချမ်းစေချင်သော သူ့ခံစားချက်။

ဒါကြောင့် အမေ့ရင်ခွင်မှာ သူ အနေများခဲ့သည်။

သစ္စာမွန်စာပေ



ပြီးတော့ အဲဒီရင်ခွင်ထဲက ချည်နှောင်စပြုနေပြီဖြစ်သော ကြိုးလေးတစ်စကြောင့်ဆိုတာလည်း မလုံလဲစွာ ဝန်ခံရပါမည်။

"ယမာ… မင်းကို ငါချစ်နေမိပြီထင်တယ်"

ရန်လိုနေတတ်သော မျက်နှာလှလှလေးကို မြင်ယောင်လာတော့ နှုတ်ခမ်းများ ပြုံးရိပ်ထင်သည်။

ဟော…

ခြံတံခါးရှေ့မှာ မိန်းကလေးတစ်ယောက် ဘာလုပ်နေပါလိမ့်။ သူလှမ်းကြည့်နေဆဲ ခြံစောင့်ကုလားက သူ့ဆီ ခပ်သုတ်သုတ် လျှောက်လာလျက်…

"ဒီမှာနေတဲ့ဆရာမ ယမာနဲ့တွေ့ချင်လို့တဲ့ ဆရာ"

ယမာဆိုတော့ သူ စိတ်ဝင်စားသွားသည်။

သူကိုယ်တိုင်ပဲ တံခါးဆီသို့ လျှောက်သွားလိုက်သည်။

"ဒီနေ့ သူတို့နားရက်လေ၊ ဘုရားသွားကြတယ်"

"ဟို… ဒီ… ဒီက…"

'သူပြောတာကို စိတ်ဝင်စားပုံမပြဘဲ ကောင်မလေးက သူ့ကိုသာ အသိတစ်ယောက်ကို ဇဝေဇဝါ မှတ်မိနေပုံမျိုးနှင့် စိုက်ကြည့်နေ၏။

သူလည်း ဒီမိန်းကလေးကို မြင်ဖူးသလိုလို…

"ဒီ… ဒီက… တံခွန်ဆိုတာလား မသိဘူး"

"ဟုတ်ပါတယ်၊ မင်းက…"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မေရီပါ၊ ကိုတင်ထွဋ်ရဲ့ ညည်ခံပွဲမှာ ဆုံဖူးကြတယ်လေ"

"ဟာ… ဟုတ်ပါရဲ့၊ ဆောရီးဗျာ… ကျွန်တော်မှတ်မိပြီ၊ ဒါနဲ့ ယမာနဲ့မင်းက"

"သူငယ်ချင်းပါ၊ သူ့ကို အရေးကြီးတဲ့စကား ပြောစရာရှိလို့"

တံခွန် ခြံတံခါးဖွင့်နိုင်းလိုက်၍ နာရီကို ကြည့်သည်။

"ဒါဆို အထဲမှာဝင်စောင့်လေ၊ သိပ်မကြာတော့ဘူး ထင်ပါတယ်"

"ဟုတ်"

ကိုင်ထားသည့် ပိုက်ဆံအိတ်ကလေးကို ဂျိုင်းကြားထဲ ပြောင်းညှပ်လိုက်ကာ…

မေရီ အထဲဝင်လိုက်လာသည်။

စိတ်ထဲမှာတော့ ဒီနေရာမှာ ဒီလူ့ကိုမြင်လိုက်ရ၍ အံ့သြလို့မဆုံး…

✲✲✲

သစ္စာမွန်စာပေ



"အထဲမှာ နှင့်ဒယ်ဒီစောင့်နေတယ်၊ ငါ အပြင်က စောင့်နေမယ်နော်"

သော့တွဲလေးကို သူ့လက်ထဲထည့်ရင်း မေရီပြောတော့ ယမာ ရုတ်တရက်ငိုင်သွားသည်၊

"နှင်လိုက်ခဲ့လည်း ရပါတယ်ဟာ"

"နှင်ပဲသွားပါ၊ အဘိုးကြီးက တော်တော်ညစ်နေပုံရတယ်ဟ၊ ငါရှိနေတာ သူသဘောကျမှာ မဟုတ်ဘူး"

ပြောပြောဆိုဆို မေရီက ခြံထဲဆင်းထွက်သွားသည်။

ယမာက ဒီခြံနဲ့တိုက်သော့ကို မေရီ့လက်ထဲ အပ်ထားခဲ့သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက သမီးဖြစ်သူနှင့် တွေ့ချင်တော့ မေရီနဲ့အရင် ဆက်သွယ်ရသည်။

သူနဲ့မေရီ ဘယ်လိုနေကြတာ ဒယ်ဒီက သိသည်လေ။

မေရီက ဒယ်ဒီ့ကို ယမာ့တိုက်ကြီးထဲမှာထည့်ထားခဲ့ပြီးမှ ယမာ့ကို လာခေါ်၍ သော့ပြန်ပေးနေရခြင်းဖြစ်သည်။

"ထိုင်ပါဦး သမီးရဲ့၊ ဖအေနဲ့သမီးဆိုပေမယ့် မျက်နှာချင်း မဆိုင်ဖြစ်ကြတာလဲကြာပြီ၊ သမီး အခု အလုပ်ပြန်လုပ်တော့မယ် ဆို"

ဗဟိုတရားရုံးရှေ့နေမလေး ယမာက ခုချိန်ထိ မလှုပ် မယှက်။

"ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါသမီးရယ်၊ ပညာဂုဏ်ထက် ဘာမှ မမြတ်ပါဘူး၊ သမီး ခုလုပ်နေတဲ့ ကလေးထိန်းဆရာမ အလုပ်ဆိုတာ"

"ဒယ်ဒီ အခုလာတာ သမီးကို အဲဒါပြောဖို့လားဟင်"

ဦးသက်ပိုင်က ကုလားထိုင်ပေါ်မှ ခပ်လေးလေးကြီးထရပ် လိုက်သည်။

"အဲဒါလည်း ပါတယ်၊ တစ်ခုလည်း ကျန်သေးတယ်"

ယမာ့နောက်ကျောဘက်ထိ လျှောက်လာကာ ခြေဒုံ့ရပ် လိုက်၏။

"ဒီစကားကို မပြောမဖြစ်လို့ ပြောရမှာပဲ သမီး၊ ဒယ်ဒီ့





ကို ဒီအတွက်ကြောင့် အမုန်းတွေ ပိုတာထက် ပိုကုန်မှာတော့ စိုးတယ်"

ယမာ့မျက်လုံးတွေ နောက်ကျောဘက်ထိ မရောက်ပေမယ့် လှည့်တော့ ကြည့်လိုက်မိလေသည်။

ဘာတွေပြောမှာမို့လို့လဲ....

နောက်ကျောဘက်ကို လျှောက်သွား၍ မျက်နှာချင်းဆိုင် နေတဲ့ အဖြစ်ကနေ ရှောင်လွှဲသွားတာဟာ ဘယ်လောက် မျက်နှာ ပူစရာကောင်းတဲ့ စကားမို့လို့လဲ။

ရင်တွေ တလှပ်လှပ် ခုန်လာသည်။

စက္ကန့်ပေါင်းများစွာ တိတ်ကျသွားပြီးမှ

"ဒယ်ဒီ ရှယ်ယာဝင်ထားတဲ့ကိစ္စတွေ၊ သမီးသိတယ် နော်"

"ပြောပါ ဒယ်ဒီ"

"ဘာတစ်ခုမှ အဖက်ဆယ်လို့မရအောင် ရှုံးနေတယ်သမီး၊ ပြီးတော့ ဒယ်ဒီတို့ အားထားနေရတဲ့ 'တက်ခေတ်' ဟိုတယ်ကြီး ကလည်း ဟိုတံခွန်ဆိုတဲ့ကောင် မလိမ့်တစ်ပတ်လုပ်ယူသွားပြီ"

တံခွန်ဆိုတာ အန်တီမေပြောတဲ့ တံခွန်ဆိုတာများလား..

ယမာဘာမှ ရေရေရာရာ မသိ။

တံခွန်ဆိုသူသည် အန်ကယ်ဆက်ရဲ့ အမွေတွေရလိုက်တဲ့ မွေးစားသား သူဌေးဆိုတာလောက်ပဲ သူသိထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလှစားလဲ‥

ဘယ်လိုအကျင့်မျိုးနဲ့လှလဲ…

ဒယ်ဒီ မကျေနပ်နေတဲ့ ဟံခွန်ဟာ အဲဒီတံခွန်ပဲလား‥

ဘာဆိုဘာမှ မသိခဲ့ပေ။

"သူက ဒယ်ဒီတို့လုပ်ငန်းထဲ အကြံအစည်နဲ့ဝင်လာပြီး ပိုင်ကွက်ရတော့မှ နိုက်ကလပ်ကို ဖြုတ်တယ်၊ အနောက်တိုင်းဖျော်ဖြေရေးတွေ မကြိုက်ဘူး၊ ဘာညာနဲ့ ပါဝါပြလာတယ်၊ ခုတော့ ဒယ်ဒီတို့က သူ့အင်အားကို မယှဉ်နိုင်တော့ ဟိုတယ်တစ်ခုလုံးကို သူ့လက်ထဲ ထိုးအပ်လိုက်ရတာပေါ့၊ တကယ်တော့ ဒီကောင်က ဝါဒီသမားသက်သက်ပဲ၊ ဘာစီးပွားရေးမှ ခေါင်းထဲမထည့်ဘူး၊ ဒီလောက် ဝင်ငွေကောင်းတဲ့ စီးပွားရေးကို တစ်ချက်မှ မငဲ့ဘဲ ယဉ်ကျေးမှုယောင်ယောင် ဘာယောင်ယောင်နဲ့ ဒယ်ဒီတို့ကို သက်သက်လိုက် အညှန့်ချိုးတာ"

"အဲဒါတွေနဲ့ သမီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ဒယ်ဒီ"

ဦးသက်ထက်ပိုင် သက်ပြင်းချသလို ထွေမင်ကျယ်ကျယ်ပြု၏။

"ဒီဆုံးရှုံးမှုတွေကို ပြောပြနေရတာဟာ အကြောင်းရှိလို့ပေါ့ သမီးရယ်၊ ကြာလာရင် ဒယ်ဒီ့အရှိန်အဝါနဲ့ အခြေအနေက အဆိုးဝါးဆုံးထိ ထိုးကျသွားတော့မယ်၊ ဒါကြောင့် သမီးရဲ့ခြံနဲ့ ဟောဒီက တိုက်ကို ဒယ်ဒီ ခဏပေါင်ထားပါရစေ၊ ဒါဟာ သမီး မာမီရဲ့ အမွေမို့ ဒယ်ဒီ မဖြစ်မနေ ပြန်ရွေးပေးမှာပါ"





ယမာ ဒယ်ဒီ့မျက်နှာကို တအံ့တသြကြည့်ကာ ဖြည်းညှင်းစွာ ထရပ်လိုက်မိသည်။

"သမီး ဒယ်ဒီ့ကို မတရားဘူးဆိုပြီး စိတ်ဆိုးသွားလား၊ နာကြည်းသွားလားဟင်၊ ဒယ်ဒီ ဘယ်လိုမှ ကြံရာမရတော့လို့ပါ သမီးရယ်၊ ဒီတစ်ခုတော့ ဒယ်ဒီ့ကို နားလည်ပေးပါ"

ငိုချပစ်ချင်သည့် စိတ်ကထိန်းလို့မရ။

မာမီ အမြတ်တနိုးပေးခဲ့သည့် ရတနာတွေလည်း ယမာ မိုက်မဲစွာ သေတ္တာအတိုင်း ချပေးထားခဲ့ပြီးပြီ။

သူ့အပေါ် မမြင်မတွေ့လိုသူတို့ စိတ်ချမ်းသာရအောင် ပိုင်ဂေဟာကြီးပေါ်ကလည်း ခုန်ဆင်းပေးခဲ့သည်ပဲ။

"ဒယ်ဒီကတိပေးပါတယ် သမီးရယ်၊ လောလောဆယ် လုပ်ငန်းထဲကငွေတွေကို ပြန်စိုက်မပေးနိုင်ရင် ဒယ်ဒီ ဒုက္ခရောက်တော့မှာမို့၊ ဒယ်ဒီ သမီးဆီ ကိုယ်တိုင်လာတွေ့ရတာပါ၊ သမီး သဘောတူနိုင်မယ်မို့လားဟင်"

ယမာ နှုတ်ခမ်းသားလေးတွေ တင်းခနဲစေ့သွားလျက် ခေါင်းညိတ်လိုက်လေသည်။

"သားသမီးနဲ့ မိဘပဲ၊ သမီးကို ဒီလောက်ထိပြောနေဖို့ မလိုပါဘူး ဒယ်ဒီ၊ ဒယ်ဒီစိတ်ချမ်းသာသလိုသာ လုပ်ပါ"

"ယိမ္မာလိုက်တာ သမီးလေးရယ်၊ ဒယ်ဒီ စိတ်ချမ်းသာပါပြီ၊ သမီးလေး ကျန်းမာချမ်းသာပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်သွားသော ဒယ်ဒီ့ကားလေးကို လိုက်ငေးကြည့်ရင်း တရစ်ရစ်ဝဲလာသော မျက်ရည်ကြည်တို့က မျက်ဝန်းထဲမှာ ပြည့်သိပ်လာကြသည်။

"မိုက်လိုက်တာ ယမာရယ်၊ နင်လုပ်ချလိုက်ပြန်ပြီဟာ"

မေရီ စိတ်ပျက်လက်ပျက်ကြီးဆိုလျက် တုလားထိုင်မှာ တမင်ဆောင့်ထိုင်ချလိုက်သည်။

"နင့်မှာ ဘာအားကိုးရှိလို့လဲ၊ နင့်မှာ ဘာကျန်တော့လို့လဲ၊ တကယ် နင်သိပ်မိုက်တယ် ယမာရာ၊ ဒါတွေအားလုံး ဟိုအုပ်စု လက်ချက်ဆိုတာ နင်မသိလို့လား"

"သိတယ်"

"သြော်... သြော်... သိရက်နဲ့နော်"

မျက်တောင်တစ်ချက်အခတ်မှာ မျက်ရည်စက်တို့ လိမ့်ဆင်းကြွေတက်ကုန်ကြ၏။

"သူတို့လောင်းကစားတာ၊ သုံးတာ ဖြုန်းတာ ငါသိတယ် မေရီ၊ အဲဒါတွေအားလုံး ဒယ်ဒီ့ခေါင်းပေါ်မှာဆိုတာလည်း ငါသိတယ်၊ ဒါကြောင့် ဒယ်ဒီ စိတ်မဆင်းရဲရအောင် ငါဆုံးဖြတ်လိုက်တာ"

"ကရင်... ကရင်"

မေရီ ကပျာကယာ ဖုန်းထကိုင်၏။

"ယမာ နင့်တီမေတဲ့"

သစ္စာမှန်စာပေ



ယမာ မျက်ရည်သုတ်ပစ်၍ ဖုန်းကိုင်လိုက်သည်။

"တီမေ... သမီးပါ"

"... ..."

"ဟုတ်"

"...."

"နောက်ကျသွားပြီ တီမေ၊ သမီး... သမီး ဒယ်ဒီ့ကို ပေးလိုက်ပြီ"

"... ... ..."

တီမေ ရေရွတ်ညည်းညူသံမှ နားထောင်ပေးပြီး ဖုန်းခွက်ပေါ် ပြန်တင်ထားလိုက်သည်။

"နင့်တီမေလည်း သနားပါတယ်ဟယ်၊ သူ့ခမျာ ဒုက္ခိတ ဖြစ်နေရှာပေမယ့် နင့်အတွက် ပူပင်နေရှာတာ၊ နင်ဟာလေ... လုပ်လိုက်ရင် ထလွဲချည်းပဲ၊ အဲဒီလို မထားသင့်တဲ့မာနတွေ မထားဖို့ ပြောတာလည်း ငါ့မှာ ပါးစပ်က အမြှုပ်ထွက်တော့မယ်၊ နေရာတကာ 'အဖေ' ဆိုတဲ့ အကြင်နာမျက်လုံးနဲ့ မကြည့်နဲ့ ယမာ၊ သူ့နောက်က မီးထိုးပေးနေတဲ့ အုပ်စုကို နင်မသိတာလည်း မဟုတ်ဘဲနဲ့၊ နင့်အဖေကို နင်ညှာသမျှ သူတို့ကို အရှုံးပေးနေတာတွေချည်းပဲ၊ ပြောတော့ ဒင်းတို့ကို အရှုံးမပေးဘူး မပေးဘူးနဲ့၊ နောက်ဆုံး နင့်မှာ ကိုယ်ပေါ်က အဝတ်တောင် ကျန်တော့မှာမဟုတ်ဘူး၊ အဲဒီအဖေဆိုသူရဲ့ လုပ်ရပ်ကိုလည်း နင် သတိထားကြည့်ပါဦး"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေရီက ငိုချတော့မတတ် ကရုဏာဒေါသနှင့် စကား တွေကို တလစပ် ပြောနေသည်။

ယမာ တစ်ခွန်းမှပြန်မပြောဘဲ ငြိမ်သက်နေလေသည်။

ဖြစ်ခဲ့သမျှအားလုံးဟာ ကိုယ့်အပြစ်တွေလား...





သင်္ကြန် ရေပက်ခံထွက်ကြမလို့ ဝတ်စားလာကြသူတွေထဲ ယမာကတော့ အိမ်နေရင်းအဝတ်အစားများနဲ့သာ...

ဒီနေ့ ဒီရက်မှာ ပျော်ရွှင်စေနိုင်ဖို့ သူဌေးက ရေပက်ခံကား တွေ စီစဉ်ပေးထားသည်တဲ့လေ။

ဆရာ ဆရာမတွေ ကြီးကြပ်၍ ကျောင်းသားတွေကအစ ပါသည်။

"ယမာရယ်... လိုက်ခဲ့ရင်ပြီးရော ဟာကို"

မဝေက အရင်းနှီးဆုံးမို့ ယမာ မလိုက်ဘဲနေခဲ့တာကို မကျေနပ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယမာ လုံးဝစိတ်မပါလို့ပါ မဝေရယ်... နော်... သွားပါ၊ သကြိန်ရက်တွေရှိသေးတာပဲ၊ တင်္ဂရက်ရက်တော့ ထွက်ဖြစ်မှာပါ"

"ဟဲ့... ဒီနေ့ပဲ သူဌေးက စရိတ်ငြိမ်းပို့ပေးတာ၊ နောက်နေ့လျှောက်လည်လို့ ရမလား"

"ကဲပါ မဝေရယ်၊ သွားပါ... ယမာ တကယ်ကို မအီမသာဖြစ်နေလို့"

"တီချယ်... လာပါ၊ သားသားတို့နဲ့ လိုက်ခဲ့ပါ"

ကလေးတွေကလည်း ဖွတ်။

ယမာကလည်း ဖွတ်ပဲ ငြင်းနေခဲ့သည်။

သူတို့အားလုံး ထွက်ကြဖို့ ကားဂျေ ခြံဝသို့ ဦးလှည့်ပြီး လျှင် ကိုကျော်ကျော်က ရှေ့ဆုံးကားနားထိလျှောက်သွားကာ

"နေ့လယ်စာကို နေတံခွန်မှာ ဝင်စားမှာပဲ၊ အစည်းအဝေးခန်းမထဲမှာ အားလုံ အဆင်သင့်ပြင်ထားလိမ့်မယ်"

"ဟုတ်ကဲ့"

သူတို့ပြောသော စကားတို့ကို ရိပ်ခနဲကြားလိုက်၍ ယမာမျက်မှောင်လေးကုတ်သွားမိသည်။

'နေတံခွန်' ဆိုပါလား။

နေတံခွန်ဟာ ဒယ်ဒီ ရှယ်ယာဝင်ခွင့်မရလို့ **ဒေါသဖြစ်ခဲ့**ရတဲ့ နေတံခွန်လား...





ဒါဖြင့် တံခွန်ဆိုတဲ့လူရဲ့ ကုမ္ပဏီပဲ။

တီမေပြောတဲ့ တံခွန်ကလည်း အဲဒီတံခွန်ပဲ ဖြစ်နိုင်သည်။

ဒါဆို အခု နေတံခွန်မှာ ထမင်းဝင်စားဖို့ သွားကြတဲ့ အမေ့ရင်ခွင်က တစ်အုပ်စုလုံးဟာ နေတံခွန်နှင့် ပတ်သက်နေ[illegible]ပေါ့။

စိတ်ထဲမှာ တစ်စုံတစ်ခုအတွက် လေးလံသွားမိသလိုပင်။

အမေ့ရင်ခွင်ဟာ နေတံခွန်နဲ့ပတ်သက်နေလျှင် ပိုင်ရှင်ဟာ တစ်ယောက်တည်းဖြစ်ရမည်သာ။

"တံခွန်ဆိုတဲ့ကောင်က စီးပွားရေးသမားယောင်ယောင်၊ ဘာယောင်ယောင်နဲ့၊ အလကားဂါဒီသမားပဲ"

ဒယ်ဒီ မကျေနပ်ခြင်းတို့ အမြဲရှိနေတတ်တဲ့ တံခွန်...

ဒါဖြင့် 'နေတံခွန်'နဲ့ 'အမေ့ရင်ခွင်' ဟာ တံခွန့်အရိပ်တစ်ခုတည်းအောက်မှာဆိုလျှင် သူသိထားသည့် အမေ့ရင်ခွင်ရဲ့ သူဌေးဆိုသော ဟိုလူဟာ...

"မင်း တစ်ယောက်တည်းကျန်နေခဲ့ပါလား"

တွေနေတုန်း အနားရောက်လာသဖြင့် ယမာ ဆတ်ခနဲလန့်သွားသည်။ သူက ယမာ့ကို ခပ်ရူးရူးကြည့်၍

"သကြိန်ရေပက်တာကို မခံလိုက်တဲ့လူက တစ်နှစ်လုံး ပုပ်**စော်နံ**တယ်တဲ့၊ တော်ကြာ..."

ယမာက သူ့စကားကို အဆက်မခံဘဲ သိလိုရာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။

"ရှင့်နာမည် ဘယ်သူလဲ၊ အဲဒါ ကျွန်မ သိပါရစေ"

သူက အံ့သြသလိုဖြစ်သွားသော မျက်နှာနှင့်...

"ဟာ... အဆန်းပါလား"

"ရှင့်နာမည်ကို သိချင်တာ အကြောင်းရှိတယ်ရှင့်"

သူက ယမာ့နားဆီသို့ လျှောက်လာကာ...

"နာမည်က အရေးမကြီးပါဘူးကွာ၊ မင်းဘာဖြစ်လို့ ရေပက်ခံမထွက်တာလဲ"

"ရေပက်ခံမထွက်တာ ရေပက်မခံချင်လို့ပေါ့"

"ကောင်းတယ်၊ ငါကလည်း ရေပက်ခံချင်လို့ ကားစီး ထွက်နေကြတဲ့လူတွေကို မပက်ချင်ဘူး၊ မင်း ခဏနေဦးနော်"

"ရှင်ဘာလုပ်မလို့လဲ"

"ရေလောင်းမလို့"

ကြည့်စမ်း... ပြောပုံကိုက...

သူရေပက်တာကိုပဲ ဒီက စောင့်ဆိုင်းခံယူနေရမည့်ပုံ...

"မင်း ဒီနားက ထွက်သွားလို့မရဘူးနော်၊ သွားရင်တော့ အိပ်ရာထဲဖြစ်ဖြစ် လိုက်လောင်းမှာပဲ"

ဒေါသတွေဖြစ်ရလွန်းပေမယ့် အနားမှာ ချွေးနီလေး တစ်ကောင်ကလည်း ရှိနေသေးသည်မို့ ဘာမှမတတ်နိုင်။

အစကတည်းက အဆင်သင့်ခပ်ထားပုံပေါ်သော ငွေဖလား





ကြီးနှင့် သူ ချက်ချင်းရောက်လာသည်။

"မင်းဆံပင်တွေ နည်းနည်းလောက်ဖယ်ထားပါလား"

"မဖယ်ပါဘူး၊ လောင်း... ကြိုက်သလောက်လောင်း"

ယမာ ဒေါသဖြစ်နေတာကို တစ်ချက်ငုံ့ကြည့်၍ သူ ပြုံး နေပြန်သည်။

ကျောပြင်တစ်လျှောက်မှတစ်ဆင့် အေးခနဲဆင်းကျသွား သည့် ရေ၏အထိအတွေ့ကြောင့် ယမာ့ပခုံးလေး မသိမသာ ကျုံ့ သွားမိသည်။

တံခွန့်ရင်ထဲမှာ တကယ့်ကို မူးမူးမိုက်မိုက် ပျော်သွား မိတာ အမှန်ပဲ။ သေချာပါသည်... ချစ်မိပြီ။

ဘဝတစ်လျှောက်လုံး ပူပြင်းခြောက်သွေ့ခဲ့ရသော သူ့နှလုံး အိမ်မှာ ဒီနေ့လောက် ချမ်းမြေ့ခြင်းမရှိတော့ပြီ။

"တို့ကို ပြန်လောင်းဦးမလား"

"အဲဒီလောက်ထိ ရှင့်ကို စိတ်မဝင်စားဘူး၊ မြန်မြန် လောင်း"

"ယမာ"

ရေကုန်သွားသည့်ဖလားကို ပိုက်လျက် သူမပခုံးနားမှာ ကပ်ရပ်ရင်း ခေါ်သံက လှုပ်ခတ်ခြင်းအငွေ့အသက်တို့ကြောင့် ယမာ တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားသည်။

"တို့ အတိအကျသိသွားပြီ၊ အဲဒါ ဘာလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ယမာ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

"မင်းကို ချစ်တယ်"

"အို..."

"တို့ဘဝမှာ အထင်ကြီးစရာ မိန်းမတစ်ယောက်ရှိလာခဲ့တဲ့ နေ့ကတည်းက ရင်ခုန်ခဲ့မိတယ်၊ ဒီနေ့သေချာတာက အဲဒီမိန်းကလေးကို ချစ်မိနေတယ်ဆိုတာပဲ၊ မိန်းမတစ်ယောက်ကို လွယ်လွယ်သဘောနဲ့ မထင်မကြီးတတ်၊ မချစ်တတ်တဲ့ တို့အချစ်ကို မစော်ကားရင် ကျေနပ်တယ်"

စကားဆုံးတော့ သူ ယမာ့ကို အကြာကြီးစိုက်ကြည့်နေသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွားတော့သည်။

ဘာစကားမှ ခွန်းတုံ့မဆိုလိုက်မိသော ယမာ့နှုတ်ခမ်းလေးတွေ စေ့ပိတ်နေဆဲ...

❀❀❀





"ဦးခင် ဘာဖြစ်လို့ တံခါးဖွင့်ပေးလိုက်တာလဲ"

ဒီခြံဝန်းထဲဝင်လာကတည်းက စိတ်ထဲက မကြည်။ အသံကြားလိုက်တော့ ဒေါသစိတ်ကြောင့် ဖျင်းခနဲဖြစ်၏။

ဣန္ဒြေပင်မဆောင်နိုင်လောက်အောင် လီလီသွင်တို့ ညီအစ်မ၏ ခြေလှမ်းတွေက မပြေးရုံတမယ်ပင်။

ချက်ချင်းပင် ဦးခင်နှင့် ယမာတို့အနား ရောက်ချလာ၏။

"နင် ဘာလာလုပ်တာလဲ ယမာ"

"ပြောတော့ဖြင့် လေတစ်လုံး၊ မိုးတစ်လုံး"

အမူအရာတွေက လိုတာထက်ပိုနေကြသည်မို့ ယမာ မျက်မှောင်ကုတ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ဆိုတာ ယမာငယ်ငယ်ကတည်းက အတူနေကြီးပြင်းခဲ့သူမို့ သူတို့ကွယ်ရာမှာ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ပဲ တားမြစ်ပါစေ။

ယမာ့မျက်နှာလေးကိုမြင်လိုက်သည်နှင့် သနားကြင်နာစိတ်တို့ ယိုဖိတ်လျှက်…

“ဟောဒီ ဦးခင်ကြီးကလေ၊ ဒီခြံထဲကို ဘယ်လူစိမ်းမှ ဖွင့်မပေးပါနဲ့ အတန်တန်မှာထားလျက်နဲ့”

ခေါင်းငုံ့နေရှာသော ဦးခင်ကို ငဲ့ကြည့်၍ ယမာ့ဒေါသတွေ အရှိန်မြင့်လာ၏။

ဆံပင်တွေဖြူနေပြီဖြစ်သော အသက်အရွယ်ကြီးသူတစ်ယောက်ကို မောက်မာရိုင်းပျလှပါဘိ။

“ဒေါ်မိမိမွေးထားတဲ့ သားသမီးတွေက တယ်လည်း ယဉ်ကျေးပျူငှာပေတာကိုး”

“နင် ငါ့မာမီကို ဘာစော်ကားတာလဲ”

“ငါတို့ခြံထဲက ခုထွက်သွား”

“အရှက်မရှိမျက်နှာနဲ့ နင်တို့မို့ ပြောထွက်တယ်နော်၊ ထားပါတော့လေ၊ ဒီနေရာကို ငါလာတာဟာ ပိုင်ဆိုင်ခြင်းတွေကို ရင်ကော့ပြဖို့မဟုတ်ဘူး၊ တီမေခေါ်လို့ ငါလာတာ၊ ရှေ့က ဖယ်စမ်း”

ယမာ့အသံက တင်းပြတ်လွန်းသည်မို့ လီလီသွင်တို့ တွန့်ဆုတ်





ဖြစ်သွားသည်။

“တီမေ အိပ်နေတယ်၊ နင်ပြန်တော့”

ယမာ့နှုတ်ခမ်းလေးတွေ တွန့်ခနဲဖြစ်သွား၏။

မျက်ဝန်းအစုံမှာ အရောင်တွေ ဖြာသွားသလိုပါ…

“ရတယ်လေ… စမ်းကြည့်တာပေါ့”

ဒီလိုကျတော့ မျက်လုံးတွေ မီးတောက်မတတ် ဖြစ်ရုန်သည်မှလွဲ၍ သူတို့ ဘာမှမလုပ်ရဲတော့ပါ။

သူတို့ညီအစ်မကြားမှ တိုးတိုက်ဝင်သွားသည့် ယမာ့ကို မကျေနပ်စွာ တက်ခေါက်ခြင်း ကိုယ်စီပြုလျက်…



www.burmeseclassic.com

www.burmeseclassic.com

"သမီး... သမီးလေး ပိုင်စိုး"

"တီမေ"

ယမာ့ကို ပွေ့ဖက်လျက် လွန်စွာ မျိုသိပ်အောင့်အီးနိုင်သူ ဒေါ်ယဉ်မေမိုင် ပါးပြင်တွင် မျက်ရည်တွေ ယိုစီးလာကြ၏။

ရုတ်တရက်ကြီး ပိန်ကျသွားသည့် တီမေ့ကိုမြင်သော ယမာ မျက်ရည်အလိုလိုဝဲလာမိသည်။

"မိုက်လိုက်တာ သမီးရယ်၊ သမီး ဒီတစ်ခါလည်း မိုက်လိုက်ပြန်ပြီကွယ်"

ပြောရင်း မျက်ရည်ကျနေပြန်သည်။

ဘာကိုရည်ရွယ်မှန်း သိသည်မို့ အပြစ်ရှိသူတစ်ယောက်လို တီမေ့မျက်နှာကို ယမာ မော်မကြည့်ရဲ။





"သမီး... အခု တံခွန့်ဆီမှာ အလုပ်လုပ်နေတယ်ဆို"

"ရှင်"

ယမာ ထိတ်ခနဲ ဖြစ်သွားသည်။

လူတစ်ယောက်ပုံကို အပြေးအလွှားမြင်လာစိတ်...

သူ... သူဟာ တံခွန်များလား...

ကျောင်းမှာ သူများတွေပါးစပ်များမှာ တစ်စွန်းတစ်စ ကြားလိုက်မိသည်မို့ သူ့ကိုမေးကြည့်မိဖူးသေးသည်။

ဒါပေမယ့် စကားတွေ ဟိုရောက် ဒီရောက်နှင့် နာမည်ကို အရေးမထားမိ။

"ဟင်... ဟုတ်သလား သမီး၊ တံခွန့်ဆီမှာ သမီးရှိနေတာကို သူတို့ လုံးဝမကျေနပ်ကြဘူး"

ယမာ ဘာစကားက စပြောရမှန်း မသိတော့ပြီ။

ကိုယ်အလုပ်လုပ်နေသည့် အလုပ်ရှင်နာမည်ကိုတောင် မသိပါဘူးပြောလျှင် မည်သူက ယုံပါမည်နည်း။

မကြာသေးသော ကာလတုန်းက တီမေ့ဆီကို သူမ လာတွေ့စဉ် အိမ်ရှေ့မှာ ပြောနေကြသည့် သူတို့သားအမိတို့၏ စကားဝိုင်းကို ပြန်မြင်လာသည်။

ယမာ တိုက်ထဲဝင်ဖို့ ခြေလှမ်းအစ...

"ဒီကောင်မ... ဒါကိုအားကိုးပြီး ဒယ်ဒီ့ကို အာခံတာ နေမှာပေါ့ မာမီရ၊ တံခွန်ဆိုတဲ့ လူချမ်းသာနဲ့တာရင် ဒယ်ဒီက ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန်ကွဲပဲဟာ"

သူတို့ပြောနေကြတာ အစက သိပ်နားမလည်။

"ဟိုတစ်ယောက်က နဂိုကတည်းက ဗိုလ်မထားတဲ့လူ၊ ဒီကောင်မက ဂျစ်ကန်ကန်နဲ့၊ နှစ်ယောက်ပေါင်းမိသွားရင် လောက ကိုတောင် ခါးစောင်းတင်လိုက်ဦးမယ်"

ပြောစရာရှိလျှင် အဲဒီလို ပက်ပက်စက်စက်...

"သမီး"

"ရှင်... တီမေ"

"တံခွန်ဟာ အစစအရာရာ အားကိုးထိုက်တဲ့ ယောက်ျားပါ သမီးရယ်၊ သမီး ဒီကိစ္စမှာတော့ မာနမထားပါနဲ့ကွယ်၊ တံခွန့်ကို တီမေ သမီးလေးနဲ့ပဲဖြစ်စေချင်တယ်"

"ဘယ်လိုပြောလိုက်တယ် မမေ"

မထင်မှတ်ဘဲဝင်လာသော ဒေါ်မိမို သူ့ရဲ့နောက်မှာက ညီအစ်မနှစ်ယောက်။

"အစကတော့ မူမူနဲ့လက်ထပ်ပေးပါ့မယ်ဆိုပြီး မမေ ကိုယ်တိုင် တံခွန့်ကို အကြောင်းကြားခဲ့ပြီးမှ ခုတစ်မျိုးပြန်ပြင်တော့ မမေ စကားတစ်ခွန်းကို ဘယ်အတိုင်းအတာထိ ယုံကြည်ရမှာလဲ"

ဒေါ်ယဉ်မေပိုင် မျက်နှာတစ်ချက်ပျက်သွား၏။

မူထင်မှတ်ပါဘဲ ပေါက်ကွဲကုန်သည့်ကြားမှာ ယမာ ကြောင်ငေးနေလေသည်။





ခုချိန်မှာ ရန်တွေ့ပြောဆိုလိုခြင်းထက် ဒီနေရာက အမြန် ဆုံးသာ ထွက်ပြေးချင်နေမိသည်။

ယောက်ျားတစ်ယောက်အတွက် ယမာဆိုတဲ့ငါဟာ ဒီ အဆင့်ထိ ဖြစ်နေသတဲ့လား။

"ဒီမှာ ဒေါ်မိမိ၊ ကိုမေ့ကို ရှင် ဘာမှပြောစရာမလိုဘူး၊ ယောက်ျားတစ်ယောက်ကို မရအရလုညှိပတ်ယူရလောက်အောင် ကျွန်မ တန်ဖိုးမမဲ့သေးပါဘူး၊ ဟင်း ဟင်း... ကျွန်မတို့က မိဘ မျိုးရိုးကိုက ဂုဏ်နဲ့ ဒြပ်နဲ့ သန့်သန့်ခန့်ခန့် နေလာခဲ့တာ၊ ကိုယ်နိုး ဖူးတိုင်း သူများကိုမြှူးတာ မကောင်းပါဘူး"

"ညည်း... ညည်း ငါ့ကို စော်ကားတာ"

ဒေါ်မိမိ ယမာ့ရှေ့သို့ ခြေတစ်လှမ်းတိုးလာ၏။

ယမာက ဂရုမစိုက်သည့်မျက်နှာထား တမင်လုပ်၍ လက် ပိုက်ထားလိုက်သည်။

"ရှင့်ရှေ့မှာရပ်နေတာ ယမာပဲဆိုတာ သတိရရင် နောက် ပြန်ဆုတ်လိုက်လို့ အချိန်မီသေးတယ်နော်၊ ယမာပိုင်စိုးကနေ ယမာ ဖြစ်လာခဲ့တဲ့နေ့ကတည်းက ကျွန်မအတွက် အားလုံးဟာ အသေး အဖွဲ့ပဲ"

ဒေါ်မိမိ ဒေါသဖလပွကို ချုန်းအုပ်၍ နေရာမှတင် မြဲသွား သည်။ ယမာ တီမေ့ကို ကြင်နာသောမျက်ဝန်းတို့နှင့် တစ်ချက် ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက် ဘာမှမပူနဲ့တီမေ၊ ယောက်ျားတစ်ယောက်ကို ပြိုင်ဆိုင်လုပ်ယူရလောက်အောင် ယမာ သိက္ခာမမဲ့ပါရစေနဲ့၊ မြင့်မြတ်တဲ့မိန်းမရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းသွားခွင့်ပေးပါ၊ သမီး မိန်းမမြတ်ဖြစ်ပါရစေ"

"သမီး"

တစ်သက်တာ မကြားခဲ့ဘူးသည့် တီမေ့ပါးစပ်မှ ဆိုနှင့် ကြေကွဲသံကြီးက လှိုက်လှိုက်လှဲလှဲ။ မတတ်နိုင်တော့ပါ။

ဘာမှလည်း ဝေဖန်သုံးသပ်မနေချင်တော့။

ရင်ထဲမှာ မာနတွေပဲရှိနေတာ ဘယ်လိုမှအလျှော့ပေးလို့ မရ။ မာနကြောင့် သွေးတို့ဆူဝေနေလေပြီ။

တီမေ့ကို ခပ်စူးစူးလေးကြည့်ကာ ယမာ အားလုံးကို ကျော နိုင်းပစ်လိုက်သည်။ တီမေ့အသံ... တီမေ့ရဲ့မျက်ရည် မျက်ဝန်းတွေ...ယမာ့ကိုယ်မှာ ပူးကပ်ပါလာ၏။ တီမေရယ်...

ပိုင်ဂေဟာခြံကြီးက လွန်လာသည်နှင့် မျက်ရည်တွေ ဖိုးဖိုး ပေါက်ပေါက် ကျလာလေသည်။ ခွင့်လွှတ်ပါတော့ တီမေရယ်...

ပိုင်ဂေဟာအတွင်းက အရှုပ်တွေးကို ယမာ ဘာမှ သိ။

ဒေါ်မိမိနဲ့ တီမေဟာ ဘာစကားတွေရှိထားပြီး ... တွေ လုပ်ခဲ့ပါသနည်း။ ဒါပေမယ့် ရုတ်တရက်ကြီး တီမေ ... ဘာ ကိုတော့ ယမာ သဘောပေါက်နေသည်။

ယမာ့မှာ နေစရာ၊ အားကိုးစရာ ဘာတစ်ခုမှမရှိတော့သည်





ငို့ တီမေ ပူပန်စွာ စိစဉ်ခြင်း ဖြစ်ပါလိမ့်မည်။

တံခွန်ဆိုတဲ့လူဟာ ဒီလောက်ထိ အဖိုးတန်နေသလား။

ပိုင်ဂေဟာရဲ့ သိက္ခာ အစဉ်အလာတွေကို ဖြုတ်ချ ဖက်တွယ်ချင်လောက်အောင် မက်မောဖွယ် ဖြစ်နေပါသလား။

ဒီကိစ္စတွေဖြစ်နေတာ ဒယ်ဒီ ဘယ်လိုမှမသိဘဲ နေမည် မဟုတ်။ ဒါပေမယ့် ဒယ်ဒီသည် ဒေါ်မိမိလက်ထဲက ပြယုဂ်တစ်ခု မို့... ခုလောက်ဆို အားလုံးနဲ့ အတိုက်အခံဖြစ်ကျန်ခဲ့သည့် တီမေ တစ်ယောက် ဘာတွေဖြစ်ကျန်ခဲ့ပြီမသိ။

ပေါက်ကွဲချင်နေသော ဝေဒနာတို့ကို အံကြိတ်တားဆီးရ လွန်းတော့ ရင်ထဲက အောင့်တက်လာသည်။

ခေါင်းထဲမှာ မူးဝေလာ၏။

တစ်စုံတစ်ယောက်ကို ဖက်၍ အားပါးတရ အော်ငိုပစ်လိုက် ချင်လှသည်။ ထိုတစ်စုံတစ်ယောက်သည် မေရီပဲ ဖြစ်သည်။

ရှေ့မှာလာနေသော တက္ကဆီကို လှမ်းတားပြီး ဒရောသော ပါး လှမ်းထွက်လိုက်သည်နှင့်...

"ဟာ... ဟေ့"

"အား"

ညာဘက်လက်ဖဝါးနှင့် တင်ပဆုံနေရာမှာ စူးခနဲအောင့် တက်သွားကာ ယမာ လန့်ကျသွားလေသည်။

"ဟာ... ကားတိုက်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သေပြီထင်တယ်"

လူတွေ ချက်ချင်းစုပြုံလာကြ၏။

တံခွန် ယမာမှန်းလည်းသိကာ ကားပေါ်မှပြေးဆင်း၍ ယမာ့ကိုယ်လုံးလေးကို ဆွဲပွေ့လိုက်သည်။

"ယမာ... ယမာ"

ယမာ သတိမရ။ သူ စိုးရိမ်စိတ်တွေ ဆူပွက်ကုန်သည်။

ဦးခေါင်းတစ်ခုလုံးကို ပိုက်စိပ်တိုက် လျှောက်စမ်းပစ်လိုက်မိသည်။ ဒဏ်ရာတစ်ခုခုများ ရသွားသလားဟု...

သွေးစ သွေးန မတွေ့ရ၍ အနည်းငယ် စိတ်သက်သာရာ ရသွား၏။

"ယမာ... ညီမ... ညီမ"

သူ့ကားက ယာဉ်စည်းကမ်းအတိုင်း လမ်းမှန်မောင်းလာသည်မို့ လူတွေ ဘာမှမပြောသာဘဲ ပွစိပွစိ ဝေဖန်ကြကာ ယမာ့ကိုသာ ဝိုင်းကြည့်နေ၏။

"ဒါ... ကျွန်တော့်မိတ်ဆွေပါဗျာ၊ သူ့ကို ဆေးခန်းခေါ်သွားရမှာ"

"ဟာ... ခင်ဗျားစကား ယုံရမလား"

"ဟုတ်တယ်၊ ကောင်မလေး တစ်ခုခုဖြစ်သွားရင် အမှုတွေ ဘာတွေဖြစ်မှာစိုးလို့ သက်သက်တွင်တာ"

အရေးထဲ လူတွေက တစ်မျိုး... တံခွန် ဒေါသဖြစ်ဖြစ်နှင့်





တစ်စုံတစ်ရာ ပြန်ပြောမည်ပြင်ဆဲ...

"အား..."

ယမာ လူးလွန့်လာသည်။

"ယမာ... ယမာ... မင်း သတိရပြီလား"

ယမာ မျက်လုံးတွေပွင့်လာကာ သူ့ကိုမြင်လိုက်သည်နှင့် အတင်းကျုံးထသည်။

"မင်းကို တို့ကားနဲ့တိုက်မိသွားတယ်၊ ဘာဖြစ်သွားသေးလဲ၊ ထကြည့်ပါဦး"

ယမာ့ကို သူ ဆွဲထူပေးသည်။

"အား"

တံခွန် သတိနဲ့ကြည့်နေသည်မို့ အချိန်မီ ဖမ်းထိန်းထားလိုက်နိုင်၏။

"ခြေထောက်နာသွားတယ် မဟုတ်လား၊ ကားပေါ်တက်၊ ဆေးခန်းတစ်ခုခုကို သွားရမယ်"

"အို... နေပစေ"

တိုက်တိုက်ဆိုင်ဆိုင် ခံစားနေရတုန်း လာတွေ့သည့် သူ့မျက်နှာကို စေ့စေ့ပင် မကြည့်ချင်ပေ။

သို့သော် တင်ပဆုံတွင်းဆီမှာ တုတ်တစ်ချောင်းထိုးခံထားရသလို စူးရှနာကျင်လှသည့် ဝေဒနာကြောင့် မျက်ရည်များပင် ဝဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းပေါ်မှာ လူတွေဝိုင်းကြည့်နေပြီ ယမာ၊ ကားပေါ်တက်ပါ"

အမိန့်ဆန်ဆန်ပြောကာ ကားပေါ်ကို သူကိုယ်တိုင် တွဲတင်ပေးသည်။ ခုတော့လည်း လူဖွေအားလုံး ပါးစပ်တွေပိတ်လို့…

"ကားကိုရပ်လိုက်ပါ ဦးတံခွန်"

သူ့နာမည်ကို ခေါ်လိုက်သည်မို့ အံ့ဩသွားသော မျက်ဝန်းတွေ ဖျတ်ခနဲ ရောက်လာသည်။

"မင်းကို ဆေးခန်းခေါ်သွားရမှာ၊ ကားရပ်ပြီး ဘာလုပ်မလို့လဲ"

"ရှင့်ကားနဲ့ ကျွန်မ မလိုက်နိုင်ဘူး၊ ကားကို ခုရပ်ပေးပါ"

တံခွန်က ကားကို ဆက်မောင်းနေလျက်…

"မင်း ဘာဖြစ်လို့ တို့ကို ရန်လိုနေရတာလဲ၊ ဒီလောက်ထိဖြစ်… ဟိတ်… ဟိတ်… မလုပ်နဲ့လေ"

ကားက ဦးစောင်းထိုးဆင်းသွားကာ တုံ့ခနဲရပ်သွား၏။

ဖွင့်ထားသော တံခါးကို တွန်းဖွင့်၍ ယမာ အောက်ဆင်းလိုက်သည်။

ဒေါသကလည်းဖြစ်၊ စိုးရိမ်တာရော ရောထွေးကာ တံခွန် ကားပေါ်က ဆင်းလျက် တံခါးကို ဝုန်းခနဲ စောင့်ပိတ်လိုက်သည်။

"ကံကောင်းလို့မသေတယ်၊ မင်း ဘယ်လိုလုပ်လိုက်တာ





လဲဟင်"

သူ အနားရောက်တော့ ယမာသည် မျက်ဝန်းလေးတွေ စူးတောက်နေသော်လည်း ကိုယ်လုံးလေးက မဟန်နိုင်သည့်ပုံစံနှင့် ကားကိုမှီရင်း တအိအိ လျှောကျသွားလေသည်။

သူ ဖမ်းထိန်းလိုက်ဖို့ လက်ပြင်လိုက်လျှင် ယမာက ကိုယ်လေးကိုယို့၍ ခေါင်းကို တအားယမ်းနေသည်မို့ သူ ဘာလုပ်ရမှန်း မသိ။

"ရှင်… ရှင်… ကျွန်မကို ထားခဲ့ပါ၊ ထားခဲ့ပြီး ထွက်သွားပေးပါ၊ ဟင့်…"

ပိုင်ဂေဟာထဲက ပြေးထွက်လာသည်ကိုလည်း သူ မြင်သည်။ ယမာနဲ့ ပိုင်ဂေဟာ ဘယ်လိုပတ်သက်နေမှန်းမသိပေမယ့် တစ်ခုခုဆိုတာ စိတ်က တွေးမိသည်။ ယမာ သူ့ကို ချက်ချင်းကြီး ဒီလောက်ဖြစ်စရာ ဘာအကြောင်းမှမရှိ။

"ယမာ"

"ဟင့်အင်း… ဘာမှမမေးနဲ့၊ ကျွန်မ ရှင်နဲ့ လုံးဝ မပတ်သက်ချင်ဘူး၊ ရှင် ထွက်သွား"

"ဘာဖြစ်လို့သွားရမှာလဲ၊ မင်းမှာ ဒဏ်ရာရထားတဲ့ဟာ ငါက ထားခဲ့ရမှာလား၊ နေပါဦး မင်း ဘာဖြစ်လို့ ငါ့ကို ဒီလောက်ထိ ရန်လိုနေရတာလဲ"

"ရန်လိုတာ မဟုတ်ဘူး၊ မပတ်သက်ချင်တာ၊ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘယ်လောက်အထင်ကြီးကြီး ကျွန်မ အထင်မကြီးဘူး၊ ရှင့်ကိုလည်း…"

ယမာ ပြောလက်စနှင့် စကားကို ရပ်ပစ်လိုက်သည်။

ဒေါ်မိမိတို့ သားအမိမျက်နှာကို မြင်ယောင်လာကာ မျက်ရည်တွေ ဝဲတက်လာသည်။

မသိလို့ သူနဲ့အနီးဆုံးမှာ နေခဲ့မိသည့်အဖြစ်သည် တမင်ဖန်တီး၍ အပိုင်ကြံတဲ့ပုံစံဖြစ်သွားခဲ့ရသည်။

ကံကြမ္မာသည် ကိုယ့်ဘက်ကိုပဲ လူတွေလက်ညှိုးထိုးစရာဖြစ်စေခဲ့သည်လား။

ယမာ စိတ်ကိုတင်းကာ ကားကိုမှီ၍ပဲ ခပ်ဖြည်းဖြည်းထရပ်လိုက်သည်။

ပြီးတော့ သာသာလေး မတ်တပ်ရပ်ကြည့်၏။

သူလုပ်နေသမျှ တံခွန်က မျက်နှာတင်းတင်းနှင့် စိုက်ကြည့်နေသည်။

အားလုံးဟုတ်နေပြီးမှ ခြေလှမ်းစရွေ့လိုက်တော့ တစ်ကိုယ်လုံး ညွတ်ခွေကျသွားတော့သည်။

"အို…"

ယမာ့ကိုယ်လုံးလေး တံခွန့်ရင်ခွင်ထဲ ရောက်သွားသည်။

"ရှင် လွှတ်နော်… ဖယ်ပေး"

ယမာ တုရိုက်နေသည့်ထဲက တံခွန် ယမာ့ကိုယ်လုံးလေး





ကို ရွှေ့ခနဲ ပွေ့ချီလိုက်သည်။

ပြီးတော့ ကားထဲထည့်၊ ဘေးတံခါးတွေကို လော့ခ်ချပစ်ပြီးမှ သူ မောင်းထွက်ခဲ့သည်။

ယမာသည် ဘေးမှာ တရှိုက်ရှိုက်ငိုလျက်…

※※※



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

တံခါးဝမှာရပ်နေသည့် သူ့ကိုမြင်လိုက်လျှင် မေရီ မျက်လုံးလေး ဝိုင်းသွားမိသည်။

"ရှင်… တ… တံခွန်"

"ယမာရှိတယ် မဟုတ်လား"

"ရှိ… အဲ… မရှိ… ဟို…"

မေရီ ထစ်ငေါ့နေဆဲ တံခွန်က စေ့ထားသည့် မှန်တံခါးကို တွန်းပစ်ကာ သူ့ဟာသူ အထဲဝင်လာသည်။

သူ့မျက်လုံးတွေက ဖိနပ်စင်နားမှာ သေသပ်စွာရှိနေသည့် ယမာစီးနေကျ ဖိနပ်အဖြူရောင်လေးဆီ ဝေ့ဝဲကျရောက်ကာ…

"ကျွန်တော် ရိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ၊ ယမာနဲ့ ခဏလောက်တွေ့ပါရစေ မမေရီ"

သစ္စာမွန်စာပေ



ယမာပြောပြ၍ မေရီ အားလုံးသိပြီးဖြစ်သလို ခါးခါးသီးသီးဖြစ်နေသည့် ယမာ့ရှေ့ကိုလည်း ခေါ်သွားမပေးရဲဘဲရှိရာ…

"သူ… သူက ရှင့်ကိုတွေ့ချင်မှာ မဟုတ်ဘူး"

"ကျွန်တော် စကားလေးတစ်ခွန်း နှစ်ခွန်း မေးရုံပါပဲ၊ သူရှိတဲ့နေရာကို ခေါ်သွားပေးပါဗျာ၊ ခဏလေးပါ"

မေရီ အားနာလာသည်။ တံခွန့်လိုလူမျိုးကို ဒီလောက်ထိ သေးနုပ်စွာ မဆက်ဆံသင့်ဟု တွေးမိသည်။

"လာ…"

ယမာရှိတဲ့အခန်းကိုပြ၍ အပြင်မှာ နေခဲ့လိုက်သည်။

မာနတွေ စွတ်ကြီးနေသည့် ယမာ…

တကယ်ဆို ဘာဆိုင်လို့လဲ….

သူတို့က လုယူချင်နေတဲ့သူတွေ…

ကိုယ်က တော်ကောက်ခံရတဲ့သူ…

ဒါဟာ သိက္ခာနဲ့ဆိုင်သလား…

လူလိမ်မှာတစ်ယောက် ချီးမွမ်းတာထက် လူမိုက်တစ်ရာကွဲရဲ့ခါကို ကြောက်စရာလား။

သူ့မှာ ယမာနဲ့ပတ်သက်သမျှ ဘေးကနေ အားမလိုအားမရဖြစ်ရ၊ ဒေါသထွက်ရ… ကြာလျှင် မလွယ်…

❖❖❖

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ယမာ"

"ဟင်"

ပခုံးလေး ဆတ်ခနဲ ကျုံ့သွား၏။

ပြတင်းတံခါးမှာ အပြင်ကိုလှမ်းငေးနေသည့် ယမာ ဆတ်ခနဲ လှည့်ကြည့်လာပုံက အလန့်တကြား။

"ရှင်… ရှင် ဘာလာလုပ်တာလဲ"

"မင်းဆီကိုလာတာလေ၊ မင်း အလုပ်ထွက်မယ်ဆိုလို့ လာတာ"

"ဟုတ်တယ်"

ယမာက ခပ်ပြတ်ပြတ်ဖြေသည်။

"ယမာ… မင်းကို ငါ ချစ်တယ်လို့ပြောခဲ့တယ်နော်"

ယမာ မျက်နှာလေးရဲသွားကာ ခပ်လွှဲလွှဲလုပ်ပစ်၏။

သစ္စာမွန်စာပေ



"ချစ်တယ်ဆိုတာ ကစားစရာမဟုတ်ဘူး၊ မင်းကို အဲဒီစကား ငါ အပျင်းပြေပြောခဲ့တာ မဟုတ်တဲ့အတွက် မင်းနဲ့ပတ်သက်သမျှ ငါ မဆိုင်သလို မနေနိုင်ဘူး"

"အဲဒါ ရှင့်ကိစ္စ၊ ကျွန်မဘက်ကတော့ ရှင့်လိုလူကို အထင်လည်း မကြီးဘူး၊ စဉ်းလည်း မစဉ်းစားဘူး"

တံခွန်က ယမာ့နားထိ လျှောက်လာကာ တိတ်ဆိတ်ခြင်းနှင့် ငုံ့မိုးကြည့်သည်။

"ယမာ"

"… …"

"တစ်ခုပဲ သိချင်တယ်၊ မင်းနဲ့ပိုင်ဂေဟာ ဘယ်လိုပတ်သက်နေသလဲ"

ယမာ သူ့ကို ဆတ်ခနဲ မော့ကြည့်သည်။

ရုတ်တရက် ဘယ်လိုပြောရမှန်း မသိ။

"မင်းဟာ ဒေါ်မိမိရဲ့သမီးတစ်ယောက်လား"

"ဘာမှမဆိုင်ဘူး၊ ပိုင်ဂေဟာနဲ့ကျွန်မ ဘာမှမပတ်သက်ဘူး"

စကားအတွင်း ခံစားချက်တွေ ရုပ်ယှက်ခက်သွားသည်။ ယမာ့မျက်လုံးတွေကို တံခွန်က အလစ်မပေးတမ်း စိုက်ကြည့်နေသည်။

တစ်စုံတစ်ခုကို ဖုံးကွယ်လိုက်ပြီမှန်း အလိုလိုသိ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ဂေဟာမှာ ဒေါ်အိမ်ငြိမ်းစိုးဆိုတဲ့ နာမည်တစ်ခု အစက ကြားဖူးနေခဲ့တယ်၊ အခု အဲဒီနာမည်မရှိတော့ဘူး၊ ဒေါ်အိမ်ငြိမ်းစိုး ဆိုတာ ပိုင်ဂေဟာနဲ့ ဘယ်လိုအပိုင်းက ပါဝင်ပတ်သက်နေတဲ့ ပုဂ္ဂိုလ်လဲဆိုတာ ငါသိချင်တယ်၊ ဒေါ်မိမိနဲ့ ဒေါ်အိမ်ငြိမ်းစိုးနှစ်ယောက် ကြားမှာ တစ်ခုခု ရှုပ်ထွေးမှုရှိနေတယ်လို့ ငါထင်နေတယ်၊ ပြီးတော့ အန်တီမေကိုယ်တိုင်က တစ်ခုခုကို ဖုန်းကွယ်ထားတယ်လို့"

"တီမေ့ကို ရှင် မစွပ်စွဲပါနဲ့"

ဟော… တီမေတဲ့…

တံခွန် မဲ့ရွဲပြုံးကာ စကားမှားသွားသည့် ယမာ့မျက်နှာလေး ပျက်သွားသည်။

"ဒေါ်အိမ်ငြိမ်းစိုးနဲ့ ပိုင်ဂေဟာကို ငါဆက်စပ်ကြည့်ဖို့ ကြားထဲမှာ ကွင်းဆက်လေးတစ်ခုပြတ်နေတယ်၊ အဲဒါဟာ အခုရှိနေကြတဲ့ ပိုင်ဂေဟာနဲ့ အသိုက်အမြုံဟာ အဖွဲ့အစည်းတိုင်းရှိနေတဲ့အတွက် ဒေါ်အိမ်ငြိမ်းဆိုတာကို ဘယ်နေရာက ထည့်တွေးရမှန်းမသိဘူး"

တံခွန် စကားရပ်၍

"ယမာ"

ပျော့ပျောင်းခြင်းမရှိသော အသံနှင့် ခေါ်သည်။

"ငါဟာ ဒေါ်မိမိရဲ့ သမီးနှစ်ယောက်နဲ့ပတ်သက်ပြီး မသင်္ကာတစ်ဝက်နဲ့ တွေဝေနေခဲ့တာ အဲဒီ ဒေါ်အိမ်ငြိမ်းစိုးဆိုတဲ့ နာမည် တစ်ခုကြောင့်ပဲ၊ ငါ့ရင်ထဲမှာ စွဲနေခဲ့တာက ဒေါ်အိမ်ငြိမ်းစိုးဆိုတဲ့





နာမည်၊ အခုလက်ရှိဖြစ်လာတာက ဒေါ်မိမိနဲ့ မှုမှုသွင်တဲ့၊ ဒီအရှုပ်ကို ငါ ရအောင်ဖြေမယ်၊ ပိုင်ဂေဟာနဲ့ ဘာမှန်းမသိတဲ့ ဒေါ်အိမ်ငြိမ်းစိုး ရယ်၊ ဘာမှမပတ်သက်ပါဘူးလို့ ငြင်းနေတဲ့ မင်းရယ်၊ အဲဒီနှစ်ယောက် အိမ်ကွေးရှင်းတစ်ခုရဲ့ တစ်ဖက်တစ်ချက်မှာ ပေါ်လာတဲ့နေ့ဟာ ငါ ဆုံးဖြတ်မယ့်နေ့ပဲ"

ယမာ ဒေါသတွေ ဆောင့်ခုန်ထွက်သွားပြန်သည်။

"ရှင့်ဟာရှင် သေအောင်ဆုံးဖြတ်၊ ယမာကတော့ ဆောရီးပဲ"

တံခွန့်မျက်လုံးတွေ အရောင်တောက်သွားသည်။

သူ့သံသယက အခြေခိုင်သွားခဲ့လေပြီ။

"ယမာ"

သူ ရှေ့ထပ်တိုးတော့ ယမာ နောက်ဆုတ်သွားသည်။

"မင်းဟာ ဒေါ်အိမ်ငြိမ်းစိုးရဲ့သမီး မဟုတ်လား"

ဟင့်အင်းလို့ ပြောမထွက်နိုင်။

ကိုယ့်မွေးသမိခင်တစ်ယောက်လုံးကို မအေမဟုတ်ပါဟု မည်သို့ပြောထွက်နိုင်ပါမည်နည်း။

ယမာ ခြောက်ခြားသော မျက်ဝန်းများဖြင့် ဗျာများသွားတာကို စိုက်ကြည့်ကာ အဖြေက ပို၍သေချာသွားသည်။

ဒါကို အမှတ်တရ သတိထားမိတဲ့အချိန်ကတည်းက သူ အန်တီမေ့ကို မေးဖို့ကြိုးစားခဲ့တာ…



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေက ဖုန်းကို လုံးဝလာမကိုင်တော့။

ဒီအကြောင်းတွေ စတင်၍ အစဖော်လာတုန်းကတော့ ကိုယ့်မှာ ဝိုးတဝါး။ နောက်ပိုင်း လေးလေးဆက်ပြောသမျှ ခေါင်းမှုမတတ် ပြန်လည်စဉ်းစားခဲ့ရသည်။

ဒေါ်အိမြွေစိုးဆိုတဲ့ နာမည်တစ်ခုကို သတိထားမိလိုက်သည့် အချိန်ကျတော့…

"ယမာ"

ယမာက သူထပ်မေးလာမှာကို ရင်မဆိုင်ရဲစွာ အံလေးကြိတ်ထား၏။

"မင်း ကိုယ့်အမေတစ်ယောက်လုံးကို အမေမဟုတ်ပါဘူးလို့တော့ မညာလောက်ပါဘူးလို့ ထင်ပါတယ်"

ယမာ သူ့ကိုမော့ကြည့်ရင်း မျက်ရည်တွေ ကျလာကာ မရှိုက်မိအောင် ထိန်းနေရာသည်။

တံခွန် စိတ်လှုပ်ရှားလွန်းလျက် ကိုယ့်လက်တွေကို ပြန်လည်ဆုပ်ညှစ်ထားနေရသည့်အဖြစ်…

သူ စွဲစွဲနင့်နင့်ချစ်နေသော မိန်းကလေးဟာ သူ့အတွက်တဲ့…

ဖော်မပြတတ်သော ဝမ်းသာလှိုက်ခုန်ခြင်းဟာ ရင်ထဲမှာ ပြောင်းဆန်လျက်…

"ယမာ"

သစ္စာမွန်စာပေ



"ဟင့်အင်း… ရှင် ဘာမှမပြောပါနဲ့၊ ရှင်… ရှင်သွားပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"

"မသွားနိုင်ဘူး ယမာ၊ မင်းနဲ့ငါ ဆွေးနွေးစရာတွေ အများကြီးပဲ၊ မင်း ဒါတွေကိုသိခဲ့လို့ ငါ့ကိုရှောင်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်၊ ရှောင်ရုံတင်မဟုတ်ဘူး၊ ရှင့်ကိုလည်း ဘယ်တော့မှ မစဉ်းစားဘူး၊ ဆွေးနွေးစရာလည်း မရှိဘူး"

ယမာ သူ့ကို ဒီလောက်ထိ ခါးခါးသီးသီးဖြစ်သွားတာ ဘာကြောင့်ဆိုတာ တံခွန် သိချင်နေမိသည်။

"မင်း ပိုင်ဂေဟာနဲ့ ဘယ်လိုပတ်သက်သက် မသက်သက် ဒေါ်အိမြွေစိုးရဲ့သမီးဟာ ငါ့အတွက်ပဲလို့ အစောကြီးကတည်းက ငါ့နှလုံးသားတံဆိပ်ရိုက်ထားခဲ့ရတာ၊ လူကြီးတွေလည်း ကတိရှိထားပြီးသား"

"အို… မသိဘူး၊ ဘာမှမသိဘူး၊ ရှင့်ကို ကျွန်မ စိတ်မကူးဘူးလို့ ပြောထားပြီးသား"

တံခွန်က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်သွင်းလိုက်ကာ

"ငါကတော့ မင်းကိုရမှဖြစ်မယ်၊ မင်းကြိုက်တဲ့နေရာပြေး၊ ကြိုက်သလိုကာကွယ်၊ ငါ ရအောင်ယူပြမယ်"

"ရှင်… ရှင်…"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါသိပ်ချစ်တယ်"

တံခွန် ခိုင်မာစွာဆို၍ နောက်ပြန်ခြေလှမ်း နှစ်လှမ်းခန့် ဆုတ်ပြီးမှ ချာခနဲ လှည့်ထွက်သွားသည်။

ယမှာ ရင်ဝေ့တအားခုန်ပေါက်လျက် ကျန်နေခဲ့သည်။

သူ့ပါးစပ်က ချစ်တဲ့စကား တစ်ခါကြားတိုင်း ရင်သည်သည်သို့ဖြစ်တတ်မြဲ။

အချစ်ကို ကြောက်ရွံ့စွာတားဆီးနေပါလျက် အဘယ်ကြောင့် ဤသို့ဖြစ်နေခဲ့ပါသနည်း။

❀❀❀





BURMESE CLASSIC .com

"လာပါ လာပါ... ဒါမျိုးကျ တယ်လည်းအရှောင်ကောင်းပါလား၊ ဘယ်ဆိုင်နဲ့ ဘာနဲ့ ပြုစုမှာလဲ၊ ငါကတော့ စဉ်းစားပြီးသားပါ၊ အလှူ့ရှင်မကြည်ဖြူမှာစိုးလို့ ဟဲ ဟဲ..."

"ဘာတုံးကွ၊ မင်းဟာက အရင်းမရှိ အမျှားမရှိ"

ရယ်နေသည့် တင်ထွဋ်မျက်နှာ မဲ့သွားသည်။

"ဟိတ်ကောင်... မင်း ဝေ့လည်ကြောင်ပတ်မလုပ်နဲ့နော်၊ တော်တော့်ကိုချောတဲ့ ရှေ့နေမလေးတစ်ယောက်နဲ့ မင်းငြိနေတယ်ဆိုတာ သတင်းအတိအကျရပြီးသား"

တံခွန်က ပြုံး၍ တင်ထွဋ်ရှေ့မှာ ဝင်ထိုင်သည်။

"ဟိတ်ကောင်... ပြုံးစိစိနဲ့ ယောင်တောင်ပေါင်တောင်လုပ်ပြီး မထိုင်နဲ့နော်၊ မင်းကို ဒီနေ့ လက်ဖက်ရည်တိုက်ဖို့ အစီအစဉ်မရှိဘူး၊ ငါကို မင်းနောက်လိုက်မှာ၊ ထ... သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွဋ်က နံက်ခ်တိုင်ကို အကျအနတပ်ပြီး အတက်ချီ ကော့စ်ကို ဆွဲလိုက်သည်။

“ဟ… ဇွတ်ကိုငတ်ကြီးကျနေပါလား၊ အန်တီ… ဒီကောင့်ကို ဘာမှမကျွေးဘဲ လှေကားထစ်မှာချည်ထားတာ ဘယ်နှစ်ရက်ရှိပြီလဲ”

“ဟာ… ခွေးကောင်၊ ငါ့ကိုကြည့်စမ်း”

တံခွန်က ဟက်ခနဲရယ်၍ ဆိုဖာမှာ မှီချလိုက်သည်။

“သတင်းက မြန်လှချေလား၊ မင်းကို ဘယ်သူပြောလဲ”

“မင်း မဟုတ်လို့လား”

“မဟုတ်သေးပါဘူးကွာ၊ ငါ့မှာ ခုမှ သေလုမျောပါး ကြိုးစားနေရတုန်း”

“ဘာ… မင်း”

“အင်း…”

“သေလုမျောပါး”

“ဟုတ်တယ်”

“ကမ္ဘာ့ထူးဆန်းသတင်းပဲ၊ ပြောပါဦး မင်းတို့ဓာတ်လမ်း”

တင်ထွဋ်က နာရီတစ်ချက်ကြည့်ကာ တံခွန့်ေမှာ ဝင် ထိုင်သည်။

“ဘာဓာတ်လမ်းမှကို မစရသေးဘူး၊ ငါ့မှာ ပစ္စည်းပိုင်ရှင် ဖြစ်ပြီး လက်ထဲမှာ ပစ္စည်းမရှိဘူးဖြစ်နေတယ်”





တံခွန်က ရင်ထဲရှိတာတွေ ဖွင့်ချသည်။

တင်ထွဋ်က ဘာမှဝင်မမေးဘဲ နားထောင်နေ၏။

“အဲဒါ ငါတောင် ဘယ်ကဘယ်လို အစကောက်ရမှန်း မသိဘူး၊ စခဲ့တာက အန်တီမေကွ၊ အန်တီမေ့ကို ဒီလိုတစ်ဖက်လှည့် စီစဉ်လိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့တဲ့အတွက် ဒီမြုပ်ကွက်ကို နည်းနည်းမှ သံသယမရှိခဲ့ဘူး၊ ဒေါ်အိန္ဒြေစိုးဆိုတဲ့နာမည်နဲ့ ပိုင်ဂေဟာ ကို ဘယ်လိုပတ်သက်မှန်း ငါမသိတာက ရှုပ်ကုန်တာပဲ”

တင်ထွဋ်က လေးလေးနက်နက် တွေးနေလျက်…

“သူတို့ထဲမှာ ဒေါ်သက်သက်ပိုင်ဆိုတာ တစ်ဘာသာနေ တာကွ၊ မိန်းမတွေချင်းတော့ ပတ်သက်စရာမရှိဘူး၊ ပြီးတော့ သူတို့ မှာ မောင်နှမလေးယောက်ပဲရှိတာဆိုတော့ ဒေါ်အိန္ဒြေစိုးဆိုတာ ဦးသက်ထက်ပိုင်ရဲ့ ပထမ သို့မဟုတ် ဒုတိယ…”

တင်ထွဋ်စကားမဆုံးခင် တံခွန် လက်ဖျစ်တစ်ချက်တီး၍ ကိုယ်လုံးကြီးကို ရှေ့ကို ကိုင်းလာသည်။

“အဲဒါပဲ၊ ဒါကိုငါ လုံးဝမစဉ်းစားမိဘူး၊ ဒုတိယတော့ မဖြစ်နိုင်ဘူးကွ၊ ယမာက မယားကြီးနဲ့ရတဲ့ သမီးဖြစ်ရမယ်၊ ငါ ငယ်ငယ်က ဒီအကြောင်းတွေ ကြားနေပေမယ့် ပိုင်ဂေဟာက သက် တွေ၊ ထက်တွေ ရှုပ်ယှက်ခတ်နေတာကို ငါ စိတ်လည်းမဝင်စား ခဲ့ဘူး၊ ဘာမှလည်း မှတ်မှတ်သားသားမရှိခဲ့ဘူး၊ ဒါဆို အန်တီမေ က ခုလို ဘာလို့လုပ်ရကာလဲ မသိဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း ဒုက္ခိတဆို"

"ဟုတ်တယ်"

"သူ့မှာလည်း ဟိုမှာအတူနေတဲ့သူတွေ ကြည်ဖြူအောင် ဖြစ်မှာပေါ့၊ မင်းကို ဒေါ်မိမိဆိုတဲ့ မိန်းမကြီးက သူ့သမီးတွေနဲ့ သဘောတူမနေဘူးလို့ ပြောနိုင်မလား၊ ပြီးတော့ ဦးသက်ထက်ပိုင် ကိုယ်တိုင် မင်းနဲ့ ရှယ်ယာလုပ်ချင်လွန်းလို့ ကြိုးစားတာ ဘယ်နှစ် ကြိမ်ရှိပြီလဲ၊ ဒီအထင်ကြီးမှုတွေက ကြဲစည်မှုတွေ ဖြစ်မလာနိုင်ဘူးလား"

တံခွန် ခေါင်းညိတ်၍ စဉ်းစားနေသည်။

"မင်းတို့ရဲ့ လူကြီးချင်းပြောထားတဲ့ကိစ္စကို ဟိုကောင်မလေး ဘေးဖယ်ပြီး သူ့သမီးနဲ့ လှည့်စီစဉ်တာနေမှာပေါ့၊ တွေးကြည့်တတ်ရင် ရှင်းပါတယ်"

"တယ်တော်တဲ့ ကွန်ပျူတာပါလား၊ မင်း ဆေးထိုးအပ်မကိုင်နဲ့၊ ဟိတ်ကောင် အတူးစုံစမ်းထောက်လှမ်းရေးထဲဝင်"

"အချွန်နဲ့မနေပြန်ပြီ၊ ဒီမှာ လက်သီးတောင် ကောင်းကောင်း မဆုပ်တတ်တဲ့ကိစ္စ"

"ကဲ… မင်း ငါ့ကို စောစောစီးစီး ဖုန်းဆက်မှာတာ ပြောလေ"

"ပြောပြီးပြီလေ၊ ငါ့ကို ဘယ်ဆိုင်မှာလိုက်ကျွေးမှာလဲ ဆိုတာ"





တံခွန်က ရယ်ကျဲကျဲနှင့် ထရပ်လိုက်သည်။

"မင်းကလည်း… ခုမှ ဟိုက စရံတောင်လက်မခံသေးဘူး၊ ငါ့မှာ…"

"ငိုပြမနေပါနဲ့ကွာ၊ သံယောဇဉ်ဆိုတာ ရှိပါတယ်"

"သံယောဇဉ်ဖြစ်ဖို့အစကကို လွှမ်းစရာမရှိခဲ့သေးတာ၊ သူနဲ့ငါ တွေ့မြင်နေရပေမယ့် တစ်ခါမှအဆင်မပြေဘူးကွ၊ အမြဲ ဘုနဲ့ဘောက်"

"အမလေး… အဲဒါတွေပေါ့၊ နောက်ကျတော့ မခွဲနိုင် မခွာရက်ဖြစ်ကြတာ"

"ငါ့ဘက်ကတော့ ခုတည်းကကို မမြင်ရရင် မနေနိုင်တာ"

"သူကရော"

"ဘာဖြစ်နေမှန်း မသိပါဘူးကွာ၊ အစက တော်တော်ဆိုးသွားသေးတယ်၊ ခါးခါးသီးသီးကို ငြင်းနေတာ"

"ဒါ အကြောင်းရှိမှာပေါ့၊ သူ့ရင်ထဲမှာ ဒီအတိုင်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ်၊ မင်း ဆက်သာကြိုးစား"

တင်ထွဋ်က ဆေးအိတ်ကိုဆွဲ၍ တံခွန့်အနားမှာ လာရပ်လိုက်သည်။

"သွားမယ်ကွာ၊ ဒီမှာ ဗိုက်ဆာနေပြီ"

"မင်း ဆေးရုံသွားမှာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွဋ်က နာရီကို တံခွန်မြင်အောင် ထိုးပြ၍

"ရှစ်နာရီတောင် မခွဲသေးဘူး၊ မင်းကိုညှဉ်းဖို့ တမင် အချိန်ယူပြီး အစောကြီးကတည်း ရေထချိုးထားရတာ"

တံခွန်က ဟားခနဲရယ်သည်။

"တကယ့်ကို အပီအပြင်ငမ်းတဲ့ကောင်နဲ့ လာတွေ့နေရပါလား"

တင်ထွဋ် ဆဲပါတော့သည်။

❋❋❋





"မသူ… မသူ"

ခေါ်လည်းခေါ်လို့ နောက်ကနေ လက်ကပါ ဆွဲထားလိုက်ရသည်။

ဒီတော့မှ မသူဇာ လှည့်ကြည့်သည်။

အပြေးတပိုင်း လိုက်လာရသည့် ယမှာမှာ မောနေတော့သည်။

"ယမှာ… ယမှာ မောလို့ပါလား"

"မောတာပေါ့၊ မသူက တအားလျှောက်တာပဲ၊ ခေါ်တာလည်း မကြားဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ယမာရဲ့၊ ယမာ့ရဲ့တီမေ သိပ်မကျန်းမာဘူး လေ၊ သားခဲ့ရတာ စိတ်မဖြောင့်လို့၊ အဲဒါ သူ့အတွက် ဆေးလာ ဝယ်ရင်း လီလီမှာတာတွေလည်းများတော့ ဈေးလာတာကြာသွား ပြီး စိတ်လောနေတာ”

မသူဇာက တီမေ့အပေါ် ဂရုတစိုက်ရှိတာ မြင်ရ၍ ကျေးဇူးတင်သွားမိသည်။

“မသူ… တီမေ ဘယ်လိုနေလဲဟင်၊ ကြည်ကြည် သာသာ ရှိရဲ့လား”

“ကြည်ကြည်သာသာတော့ ဘယ်ရှိပါ့မလဲ ယမာရယ်၊ သူ့ခမျာ ရန်သူတွေကြားထဲနေရသလိုပဲဟာ၊ ယမာပြန်သွားတဲ့နေ့ ကလည်း သူတို့နဲ့မမေ တော်တော်လေးစကားများကြတယ်၊ ဟို… တံခွန်ဆိုတာလေ”

“အင်း…”

“အဲဒီတစ်ယောက်ကို သူတို့ တော်တော်ဖြစ်နေကြတာ သိလား၊ အဲဒီလူက ယမာနဲ့ချစ်နေတာဆို”

“မဟုတ်ပါဘူး မသူ၊ သူက ယမာရဲ့အလုပ်ရှင်ပါ”

“အဲဒါတွေလည်း ပါတယ်၊ အားလုံးဒီလိုဖြစ်အောင် မမေ(က) ကြိုတ်ဖန်တီးနေတာလို့လည်း ပြောကြတယ်”

“အဲဒါ တီမေက ဘာပြောလဲဟင်”

“ဟုတ်တယ်လို့ ပြောတယ်၊ အဲဒါ ငါ့လုပ်ခွင့်ပဲဆိုပြီး





မမေ ဒေါသမထွက်စဖူးထွက်လို့ အသားတွေတောင် တုန်နေရှာ တယ် ယမာရယ်၊ ငါ့ညီမ မမေကို ဒီတိုင်းပစ်မထားသင့်ဘူး၊ တကယ်ဆို ယမာသောင်းကျန်းလိုက်ရင် သူတို့မှာ ဘာမှပြောခွင့် မရှိဘူး၊ မမေကို ယမာ ကိုယ်ဖိရင်ဖိ လာပြုစုသင့်တယ်လို့ မသူ ထင်တယ်”

ယမာ ငိုင်နေမိသည်။

ကြာတော့လည်း ရွံ့ပစ်ချင့်စိတ်ပင် ပေါက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွဲ့သင့်တာကြာပြီ၊ နင်က နေရာတကာ မာနကြီးတယ် ကြီးတယ်နဲ့၊ အချိန်တန်တော့ သူတို့ဖြစ်စေချင်သလို ဖြစ်ပေးလိုက်တာပဲ၊ တကယ်ဆို နင်အရှုံးပေးနေတာ သိလား"

"မဟုတ်ပါဘူး မေရီရယ်၊ ငါ ဒယ်ဒီ့ကြောင့် ပျော့ညံ့နေတာပါ"

"အခု နင့်ကြောင့် ဟိုမှာ တီမေ ဘယ်လောက်ရင်ဆိုင်နေရသလဲ သိလား"

ယမာ ငြိမ်နေတာကို မေရီက ကြည့်၏။

"ကိုတံခွန်ကို နင် မငြင်းသင့်ဘူး ယမာ၊ သူ့ကို လက်ထပ်လိုက်တာနဲ့ နင့်ဘဝရော၊ အခုဖြစ်နေတဲ့ပြဿနာတွေမှာ အားလုံး သူ့အလိုလို အေးချမ်းသွားမှာ၊ ပြီးတော့ နင် သူ့ကိုချစ်တယ် မဟုတ်လား"





"ဟင့်အင်း.. အဲဒီအထိ ငါ တစ်ခါမှ သူ့ကို စဉ်းစားမကြည့်ခဲ့ဖူးဘူး၊ ဒါပေမယ့် သူနဲ့တွေ့တိုင်း ရန်ဖြစ်ရလွန်းလို့ ရင်ထဲမှာတော့ သူရှိနေတာအမှန်ပဲ"

"ချစ်လာနိုင်စရာတွေ အများကြီးရှိတာပဲ၊ လက်ထပ်လိုက်ပါဟာ၊ သူ နင့်ကို မြတ်မြတ်နိုးနိုးချစ်တာ အရမ်းသိသာတယ်။ သူ့သူငယ်ချင်းနဲ့ငါ သိပ်ခင်တာဟ၊ ဟိုနေ့က ငါ့ကိုတွေ့တော့ ကိုတံခွန့်အကြောင်း သူပြောပြတယ်၊ ဒီကောင် မိန်းမဆို စေ့စေ့ကြည့်တတ်တာမဟုတ်ဘူးတဲ့၊ မချစ်ဖူးတဲ့ကောင် ချစ်ပြီသွားတော့ နေမထိ ထိုင်မသာ ဖြစ်နေရှာတာ သနားတယ်တဲ့၊ နင် အရမ်းကံကောင်းပါတယ်ယမာရယ်၊ ကိုတံခွန်က နာမည်ကျော်လုပ်ငန်းရှင်တစ်ယောက်ရယ်"

"အဲဒီ သူ့ကျော်ကြားမှုတွေကိုပဲ ငါမလိုချင်တာ"

"ဒါကတော့ နင်က သူ့ကိုအထင်ကြီးမပေးနိုင်တာပါ၊ သူ့ကို အထင်ကြီးစွာနဲ့ နင်လက်မခံချင်ဘူး၊ သူ့အရှိန်အဝါတွေ ဖိစီးလာမှာ နင်စိုးနေတာ"

"မသိဘူး"

"မသိရင်လည်း သိလိုက်တော့ဟာ၊ နင်တွေဝေနေရမယ့် အချိန်မဟုတ်ဘူး"

သူတို့ စကားပြောနေရင်း ဖုန်းသံမြည်လာသည်။

မေရီက ထမည်အပြု...



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ မေရီ၊ ငါပဲ ကိုင်လိုက်မယ်"

ယမာ ဖုန်းကိုင်လိုက်တော့

"ဟလို ယမာ စကားပြောနေပါတယ်ရှင်"

"မင်းကို ကိုယ်ချစ်တယ်"

"ဟင်.."

ယမာ မျက်နှာလေး ရဲသွားကာ တံခွန့်အသံကိုလည်း မှတ်မိလိုက်လေသည်။

လှမ်းကြည့်နေသည့် မေရီကို မလုံမလဲလှမ်းကြည့်လိုက်မိသည်။

"ယမာ"

"...."

"ကိုယ်ပြောတာ စဉ်းစားရဲ့လား"

"ရှင်ဘယ်လိုဖြစ်နေတာလဲ.."

"ဒီမှာ နေလို့မရဘူးဖြစ်နေတယ်၊ အဲဒါဘယ်လိုလုပ်ရမလဲ"

"ရှင့်သမိုင်းနဲ့ရှင်ပဲ"

"ဟုတ်တယ်၊ မင်းလို ဂျစ်ကန်ကန် မာကြောကြောလေးကို ဘယ်လိုဖြစ်လို့ ဒီလောက်စွဲလမ်းနေမိမှန်းမသိဘူး၊ မသနားဘူးလား"

"ကျွန်မ ဖုန်းချတော့မယ်၊ သွားစရာရှိသေးတယ်"





"ကိုယ့်မှာလည်း အလုပ်တွေအများမှာ ပုံနေတာပါပဲကွာ၊ လုပ်စရာတွေ လာရှုတ်ပြမနေပါနဲ့၊ စိတ်ရှုပ်စရာ"

"တော်ပြီ...ကျွန်မ ဖုန်းချမယ်"

"ဟာ..ဟေ့.. နေဦးလေ.. ဒီမှာအရေးကြီးတာ မပြောရသေးဘူး"

"မြန်မြန်ပြော"

"မနက်ဖြန် စနေလေ"

"ဘာဖြစ်လဲ..."

"အဲဒါ ကိုယ့်မွေးနေ့"

"မဖိတ်နဲ့ မလာဘူး"

"မဖိတ်ပါဘူး၊ မွေးနေ့တိုင်း ပါတီတွေ ဒင်နာတွေလုပ်တာ ဒီကောင်က လုံးဝ ဝါသနာပါတာမဟုတ်ဘူး၊ ဘုရားသွားမယ်"

"သွားပေါ့"

"မင်းကို လာခေါ်မယ်"

"အို..ဘာဆိုင်လို့လဲ"

"ဘာလို့ မဆိုင်ရမှာလဲ၊ မင်းလိုက်ကိုလိုက်ရမယ်၊ ဘုရားရှေ့မှာ ဒူးထောက်ပြီး မင်း ငါ့ကို ပြန်မချစ်ဘဲ ညှဉ်းဆဲထားတာ လက်ဆွဲပြပြီး တိုင်ပြောမယ်"

"ဟင့်.."

ဟန်မဆောင်နိုင်ဘဲ ယမာ ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းရယ်တာလား"

"မရယ်ပါဘူး"

"မညာနဲ့နော်"

"ဖုန်းချမယ်"

"မနက်ဖြန် ကိုးနာရီ အတိအကျ လာခေါ်မယ်၊ မလိုက်လို့ လုံးဝမရဘူး၊ အဲဒါအပိုင်နော်"

သူကအရင် ဖုန်းချသွားသည်။

ယမာ ငြင်းလို့မရအောင် ဖြစ်မှာပေါ့။

"ဘာတဲ့လဲ ဟင်း..ဟင်း.. ပြောတုန်းဆိုတုန်း နောက်ဒင်းအသက်ရှင်ဦးမယ်"

မေရီက ရယ်၍ ထလာသည်။

"မနက်ဖြန် သူ့မွေးနေ့မှာ ဘုရားသွားမယ်တဲ့ မေရီရယ်"

"နင့်ကိုခေါ်တာလား"

"အင်း.."

"လိုက်သွားပေါ့၊ နင့်ဟာနှင် ချစ်ချစ်မချစ်ချစ် အစကလည်း သူက ကိုယ့်အလုပ်ရှင်၊ နောက်လည်း မပတ်သက်လို့မရမယ့်လူ"

"ငါမျက်နှာပူတယ်"

"ဘယ်ဖြစ်လို့လဲ"

"သူက ကိုယ့်ကို ချစ်နေမှန်း သိသိကြီးနဲ့ ဘယ်လိုလုပ်





ရှီးရှီးသားသား နေတတ်မှာလဲ"

"ဒါဆိုလည်း ပြန်ချစ်လိုက်ပေါ့"

"သွား.."

ယမာ မေရီ့လက်မောင်းကို ထုပစ်လိုက်သည်။

ရယ်နေမိဆဲ ပေါ်မိမိတို့ သားအမိ ပေါ်လာကာ နှုတ်ခမ်းတို့က ဟင်းခနဲ ဇွေသွားသည်။

တစ်ဆက်တည်း ကိုယ်ဘာလုပ်သင့်တယ်ဆိုတာပါ ဆုံးဖြတ်ပြီးသား ဖြစ်သွားလေသည်။

⁂



www.burmeseclassic.com

www.burmeseclassic.com



"ယမာ"

မထူးဘဲ ယမာ ငဲ့ကြည့်သည်။

"မင်း ကိုယ်ခေါ်တဲ့နောက်ကို လိုက်ပေးတယ်နော်၊ ကိုယ်လုံးဝမထင်ခဲ့ဘူး၊ ဝမ်းသာလိုက်တာအရမ်းပဲ"

တံခွန် တကယ့်ကို ဝမ်းသာနေတာကို ယမာမြင်နေရသည်။

မျက်နှာကြီးက ချိုအိလျက်…

နှစ်ယောက်သား စက်လှေခါးတွေ၊ ဓါတ်လှေကားတွေမတက်ဘဲ လှေခါးထစ်ကလေးတွေအတိုင်း တက်လာခဲ့ကြသည်။

တံခွန်က ယမာ့ကို ငုံ့တကြည့်ကြည့်…

ဖေဒါရောင် ကိမိုနိုထမီနှင့် ပိုးသားဖေဒါရောင်လက်ရှည်ရင်စေ့ပါးပါးလေး ဝတ်ထားသည့် ယမာ့ကိုယ်လုံးလေးက **တင်းရင်း**လျက်ရှိသည်။

သစ္စာမွန်စာပေ



ဆံပင်ရှည်ကြီးများကို နောက်မှာ လက်ကိုင်ပဝါလေးနှင့်ခပ်ရိုးရိုးပဲစည်းထားပေမယ့် ဝင်းဖန့်နေသည့်မျက်နှာလေးကို တံခွန်ကြည့်လို့မဝ။

ဘုရားရင်ပြင်ပေါ်ရောက်လာတော့ တံခွန်က သူကိုင်လာသည့် ပန်းကို တစ်ဝက်ခွဲပေးသည်။

"ရှင်ပန်းကပ်လေ… ကျွန်မ ဆီမီးပဲလှူမယ်"

"ဆီမီးလည်း အတူတူပဲလှူမှာပေါ့၊ နှစ်ယောက်တည်းလာပြီး ခွဲခြားခွဲခြား မလုပ်နဲ့လေ"

ဘာပဲလုပ်လုပ် တံခွန် ယမာ့ကိုပဲ တကြည့်ကြည့်။

ဘုရားရေသပ္ပါယ်တော့လည်း သူက အသက်ရဲ့တစ်ဝက်ကိုပဲ သပ္ပါယ်ပြီး ယမာ့ကို တာဝန်တစ်ဝက်ပေးသည်။

"အို… ကိုယ့်အသက်နဲ့ သက်စေ့ ကိုယ်တိုင်သပ္ပါယ်ရတာ၊ ရှင့်ဟာရှင်လုပ်ပေါ့"

"အတူတူပါပဲ ယမာရယ်… ရော့… ကိုယ် ဆယ့်သုံးအထိပြီးပြီ၊ နှစ်ဆယ့်ငါးပြည့်အောင် ယမာဆက်လှူပေး"

တစ်ခါတစ်ခါကျတော့ တကယ့်ကလေးဆိုးကြီးလို။

ယမာ ရင်တွေလည်းခုန်ရ၊ ရှက်ရတာရော၊ ပျော်သလိုလိုခံစားမိရတာတွေရော၊ ရင်ထဲမှာ ခံစားချက်တွေစုံအောင် ပေးနေတဲ့သူ။

အပြန်ကျတော့ ကားကို လူရှင်းတဲ့ လမ်းဘေးတစ်ရိပ်

ယစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအောက်မှာ ရပ်လိုက်သည်။

"ဘာလို့ရပ်တာလဲ ကိုတံခွန်"

"ခဏလေးဆင်းပါ၊ စကားပြောရအောင်"

"ဟင့်အင်း… မဆင်းတော့ဘူး"

"ခဏလေးပါ ယမာ၊ မင်းကို အိမ်ပြန်ပို့ပြီးဘာနဲ့ နောက်ဘယ်လိုအကြောင်းပြချက်တွေနဲ့ ပြန်တွေ့ခွင့်ရအောင် ကြိုးစားရမလဲဆိုတာ မသေချာဘူး၊ ကိုယ် မင်းကို ပြောချင်တာတွေ အများကြီးပဲ"

"ရှင် ဒါတွေပဲပြောမလို့ မဟုတ်လား"

"ဘာတွေလဲ… ယမာ သိနေလား"

တမင်ကပ်မေးမှန်းသိလို့ ယမာ နှုတ်ခမ်းလေးရှုံ့၍ မျက်စောင်းထိုးလိုက်မိသည်။

တံခွန် ကျေနပ်စွာပြုံးလျက် ယမာ့နား တိုးလာသည်။

"ယမာ… ကိုယ် အသည်းယားအောင်မလုပ်နဲ့ကွာ၊ သိနေပြီးသားဆိုလည်း ကိုယ့်အတွက် စဉ်းစားပြီးသားရှိမှာပါ၊ ဖြေလေ"

"ကျွန်မမှာ ပြဿနာတွေရှိသေးတယ် ကိုတံခွန် အချစ်ရေးကို မစဉ်းစားနိုင်သေးဘူး"

"ကိုတံခွန်ဆိုတာကြီးက မနိမ့်ပါဘူးကွာ၊ ခက်တာပဲ၊ ချစ်တယ်လို့လည်း မပြောသေးတော့ ဘယ်လိုခေါ်ခိုင်းရမှန်းလည်း





မသိဘူး"

ယမာက မပြုံးမရယ်မျက်နှာလေးနှင့် သူ့ကို ကြည့်နေသည်။

"နာမည်ကလည်း အဖျားဆွတ်ခေါ်လို့မကောင်းဘူး၊ ဒီလိုလုပ်၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ရှင့်ထက် သုံးနှစ်ငယ်တယ်"

"နှစ်ဆယ့်နှစ်ပေါ့၊ ငယ်ငယ်ကွာ… ကိုယ့်ကို ခွန်လို့ပဲခေါ်၊ ကိုတပ်ခေါ်ရင် နားထောင်ရတာကန့်လန့်ကြီး"

တံခွန်က ဒက်ရှ်ဘုတ်နဲ့ ယမာမှီထားတဲ့ ကုရှင်ကို လက်တစ်ဖက်ဖြင့် ထောက်ထားလိုက်တော့ ယမာ သူ့ရင်ခွင်ထဲ အလိုလို ရောက်သွားလေသည်။

"ယမာ"

"ရှင် ဟိုဘက်တိုးထိုင်ပါ"

"ဘယ်မှာပဲထိုင်ထိုင်ပါကွာ၊ ယမာ့ကို ကိုယ် လက်ဖျားရော၊ ခြေဖျားရော ဘာနဲ့မှမထိရသေးပါဘူး၊ လူကို မယုံမကြည်နဲ့"

ယမာ ဘာမှမပြောဘဲ တစ်ဖက်လှည့်နေလိုက်သည်။

"ကိုယ် တစ်ခုစဉ်းစားမိတယ် သိလား၊ မင်း ကိုယ့်ကို ခါးခါးသီးသီးဖြစ်နေတဲ့ထဲက ခုလို အခွင့်အရေးပေးလိုက်တာ မှားသွားဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်လိုထင်လို့လဲ"

"မထင်တတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကိုယ် အသုံးချခံလိုက်ရတဲ့အဖြစ်မျိုး ရောက်လာခဲ့မယ်ဆိုရင် ကိုယ်က ငုံ့ခံနေမှာမဟုတ်ဘူး"

"ရှင့်ကို ကျွန်မက အသုံးချနေတယ်လို့ ထင်တယ်ပေါ့"

"အဲဒါ မင်းကိုယ်တိုင်က ပိုသိမှာပေါ့၊ ဒါပေမယ့် ကိုယ် ဂရုမစိုက်ပါဘူး၊ ကြိုသတိပေးထားတာက တစ်နေ့ ဒီလိုဖြစ်လာရင် မင်း ကိုယ့်ကိုရိုင်းတယ်လို့ မထင်ဖို့"

တံခွန်ရဲ့ ပါးနပ်မှုကို ယမှာ အထင်ကြီးသွားမိသည်။

တော်ရုံနှင့် လှည့်စားလို့ရမယ့်သူမဟုတ်ဘူးဆိုတာလည်း သဘောပေါက်သွားမိလေသည်။

***





"လူလေး... အန်တီမေပြောတာ ကြားရဲ့လား"

"ကြားပါတယ် အန်တီမေ၊ ကျွန်တော် အားလုံးကို ဘယ်လိုမှသဘောမထားပါဘူး၊' ခုလို စုံစုံစေ့စေ့ သိရတဲ့အတွက်လည်း အန်တီမေ့ကို ကျေးဇူးတင်ပါတယ်"

"အန်တီမေ ပျော့ညံ့ခဲ့ပါတယ် ကလေးရယ်၊ ပိုင်စိုးလေး ကိုယ်တိုင်ကလည်း နားချလို့မရ၊ တစ်ဖက်ကလည်း နားပူလွန်းလို့ အန်တီမေ သူတို့သဘောကျ ခေါင်းညိတ်ခဲ့ရတာပါ၊ ခုတော့ အန်တီမေ ဘာကိုမှမငဲ့နိုင်တော့ဘူး၊ ကြည့်နေရင်းနဲ့ အန်တီမေ့ တူမလေး လမ်းဘေးရောက်သွားတော့မှာ၊ သူတို့ သိပ်ကိုအနိုင်ကျင့် လွန်းတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယမာ့အတွက် စိတ်ချပါ အန်တီမေ၊ ဒါတွေမသိခင် ကတည်းက ကျွန်တော့် ယမာ့ကို မေတ္တာရှိပြီးသားပါ၊ အခု အန်တီမေက ရှင်းပြလို့သိခဲ့ရတော့ ပိုပြီးသံယောဇဉ်ဖြစ်ရတာပေါ့၊ ကျွန်တော် ယမာ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ဖို့ကြိုးစားမှာပါ"

"ဝမ်းသာလိုက်တာ သားရယ်၊ သမီးလေးကလေ တကယ်တော့ ပင်ကိုင်စိမ်းသမီးလေးပါကွယ်၊ မာနကြီးမှန်းသိတဲ့ ကလေးကို သူ့ဘိုက အားနည်းချက်နင်းပြီး ပစ္စည်းတွေ ရအောင် ယူလိုက်၊ အိမ်ကိုရအောင်ယူလိုက်နဲ့၊ ကလေးဒုက္ခရောက်မှာ အန်တီမေ သိပ်စိုးရိမ်တယ်"

"ကျွန်တော်ရှိပါတယ် အန်တီမေ၊ ဘာမှမပူပါနဲ့၊ အန်တီမေသာ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ယမာနဲ့ကျွန်တော် အန်တီမေ့ဆီ လာခဲ့ပါဦးမယ်"

"အေး အေး… သားနဲ့သမီးသာ အဲဒီလို ချစ်ချစ်ခင်ခင် တွဲလာတာမြင်ရရင် အန်တီမေ သေပျော်ပါပြီ၊ တကယ်လို့များ သမီးလေးက မာနကြီးကြီးနဲ့ သားအပေါ် ပြောမှားဆိုမှားဖြစ်ခဲ့ ရင်လည်း ခွင့်လွှတ်နားလည်ပေးလိုက်ပါ သားရယ် နော်"

ဒေါ်ယဉ်မေပိုင် ဖုန်းပြောရင်း မျက်ရည်တွေလည်းကျ ဝမ်းလည်းသာ…

"ယမာ့ကို ကျွန်တော် နားလည်ပြီးသားပါ၊ အန်တီမေ စိတ်ချမ်းသာအောင်နေပါ"

သစ္စာမွန်စာပေ



"ကောင်းပါပြီကွယ်"

"အခု အန်တီမေ နေကောင်းရဲ့လား"

"ကောင်းတယ် သား၊ အခု အန်တီမေပြောပြတာတွေ၊ အန်တီမေရဲ့ ဆန္ဒတွေကို သမီးလေးကို သွားပြောပေးနော်၊ သားတို့ နှစ်ယောက် လာမယ့်နေ့ကို မျှော်နေမယ်လို့"

"ဟုတ်ကဲ့"

"ဪ… ပြောဖို့ကျန်သေးတယ် သား၊ ယမာ့ရဲ့ပစ္စည်း"

အသံက ပျောက်သွားသည်။

ဖုန်းနားထောင်ရင်း တံခွန် မျက်မှောင်ကုတ်သွားမိသည်။

"အန်တီမေ"

သူထပ်ခေါ်လိုက်တော့မှ တစ်ဖက်က ဖုန်းချသွားသည်။

စကားပြောနေရင်း ဘာဖြစ်သွားပါသနည်း။

တစ်စုံတစ်ယောက် နှောင့်ယှက်ပြီဆိုတာ သိလိုက်သည်။ ဒီအိမ်မှာ အန်တီမေ ဒီလောက်ထိ အဖြစ်ဆိုးနေသလား…။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒါက ဘယ်ကိုဆက်နေတာလဲ မမေ''

လက်ထဲကဖုန်းကို ဆွဲယူခံလိုက်ရသဖြင့် ဒေါ်ယဉ်မေပိုင် အရေပြားတို့ ကဖျစ်ဖျစ်ကွဲထွက်တော့မတတ် ခံပြင်းစိတ်တို့ ပြင်းထန်သွားသည်။

''မင်း စော်ကားလှချေလား မိ၊ ဒီအိမ်မှာ ငါက ဖုန်းဆက်ခွင့်တောင် မရှိတော့ဘူးလား''

''ကိုယ်က လူနာပဲ၊ လူနာလိုပဲနေတာ မကောင်းဘူးလား မမေ၊ ကျွန်မတို့သားအမိအကြောင်း မေ ဒီလောက်အတင်းအဖျင်း ပြောနေတာ ဘယ်လိုနားနဲ့ ဆက်နားထောင်ရမှာလဲ၊ တကယ်တမ်း ကိုယ့်နေရာမှာ ကိုယ်မနေတာက မေပဲ''

ဒေါ်ယဉ်မေပိုင်က ခပ်မိန့်မိန့်ကြီး မဲ့သည်။





''ငါဆိုတဲ့မိန်းမဟာ ဘယ်တော့မှ သူများအကျိုးယုတ်အောင် အတင်းအဖျင်းမပြောခဲ့ဘူး၊ နက်ကိစ္စမှာ ကာယကံရှင်သိအောင် မပြောလို့မရတော့တဲ့အတွက် ပြောပြနေရတာ၊ မင်းတို့ဘယ်လောက်ပဲ ဖန်တီး ဖန်တီး သူတို့ချင်းက ချစ်နေကြပြီးသား''

''အဲဒါတွေ မေပဲ ရေမှုတ်တစ်ဖက် မီးစတစ်ဖက် လုပ်ခဲ့တာ၊ ခုတော့ ကျွန်မတို့သားအမိက အရှက်မရှိ ပိုင်းလုံးမတွေလို့လို့၊ ရှင်ဟာ ပျော့စိပျော့စိနဲ့ သိပ်ကောက်ကျစ်တဲ့မိန်းမ''

ဒေါ်မိမိက ပြော၍ တယ်လီဖုန်းကို အဝတ်ခြင်းထဲ ပစ်ထည့်လိုက်သည်။

ဒေါ်ယဉ်မေပိုင်က ဝှီးချဲလ်ကို ဒေါ်မိမိရှိရာသို့ တိုးလိမ့်လာကာ…

''အဲဒီစကားလုံးတွေနဲ့ မင်း ငါ့ကို မစော်ကားနဲ့ မိ၊ ငါ့တူမအတွက် ငါလုပ်စရာရှိတာကိုလုပ်တာ''

''ကျွန်မမွေးထားတာတွေကလည်း ရှင့်အစ်ကိုနဲ့ရထားတာပါ၊ ရှင်က ဒီတစ်ယောက်ကျမှ သွေးသားလို့သတ်မှတ်ထားတာ မလွန်လွန်းဘူးလား''

''ဒါကတော့ ပေးတဲ့ယူတဲ့ စေတနာတွေ ကွာသွားတာဖြစ်ပါလိမ့်မယ်၊ ဒီ၄ာ မိ… ပိုင်စိုးလေးဟာ ပင်တိုင်စံဖြစ်ပါလျက်နဲ့ အခု လမ်းဘေးရောက်သွားအောင် ဘယ်သူလုပ်တာလဲ''

''ဘယ်သူမှမလုပ်ဘူး၊ သူ့မာနနဲ့ သူသွားတာ''



www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒီမာနကိုပဲ မင်းတို့လိုချင်တာရှိတိုင်း လိုက်ကိုင်လုပ်ခဲ့ကြတာ မဟုတ်လား၊ ဒါပေမယ့် မင်းတို့မသိလိုက်တာတွေ ရှိသေးတယ်၊ ပိုင်စိုးလေးဆီက မင်းတို့ရလိုက်တဲ့ ရတနာဘူးဟာ အသေးအဖွဲလေးပါ၊ သူ့အတွက် သူ့မအေထားခဲ့တဲ့ ရတနာတွေက နည်းတာမှတ်လို့၊ ဒါတွေအားလုံးရော၊ ငါပိုင်ပစ္စည်းအားလုံးရော ငါ အားလုံးထိန်းသိမ်းထားတာအကုန် သူ့အတွက်ချည်းပဲ"

ဒေါ်မိမိ ရှက်တာရော၊ မခံချင်တာရော စုပြုံကာ အသားတွေ တုန်လာသည်။

ဒေါ်ယဉ်မေပိုင်ကလည်း ဂရုမစိုက်စွာ…

"ပစ္စည်းဥစ္စာဆိုတာ သိပ်လောဘတက်လာရင် ဘယ်တော့မှမရဘူး မိ၊ ကိုယ်နဲ့ထိုက်မှစံစားရတာ၊ မင်းနဲ့ မင်းသမီး တွေ ပိုင်စိုးအပေါ် ကျူးလွန်ထားခဲ့ ကြံစည်ထားခဲ့သမျှ…"

"ရှင့်ပါးစပ်ကြီး ပိတ်လိုက်စမ်း"

ဒေါ်မိမိ အသက်ရှူတွေပြင်းကာ မျက်လုံးတွေပါ မြူးကျယ်လာ၏။

ထိုစဉ် မသူဇာ အခန်းဝမှာ ဖျတ်ခနဲပေါ်လာပြီး ပြန်ကွယ်သွားလေသည်။

ဒေါ်မိမိနဲ့ ဖြစ်နေတာကျတော့ သူ မပါရဲ။

"ရှင်က အခုတောင် ကျွန်မတို့သားအမိကို မိန်းမယုတ်တွေ ဖြစ်အောင် လျှောက်ပြောနေသေးတာ၊ နောက်ဆို ရှင် ပိုဆိုးတော့မှာ"





"မတရားမှုဆိုတာ တကူးတကဖော်စရာမလိုဘူး မိ၊ အမှန်တရားက ပေါ်လာမှာပဲ၊ ငါ သက်ကိုလည်း ဖုန်းဆက်ခေါ်ပြီးပြီ၊ တံခွန်တို့လည်း လာကြမှာ၊ ရှေ့နေရှေ့ရပ်တွေခေါ်ပြီး သူတို့ကို တစ်ခါတည်း လက်ထပ်ပေးမယ်၊ ပေးစရာရှိတဲ့ အမွေတွေအားလုံး ပေးပစ်လိုက်မယ်"

"ဟား ဟား ဟား…"

ဒေါ်မိမိ ဟားတိုက်ရယ်ပစ်လိုက်သည်။

"ရှင်က ဒုက္ခတကြီးဖြစ်နေတာတောင် တော်တော်လျှင်ပါလား မေ၊ လုပ်ကြည့်စမ်းပါ၊ ဒီအိမ်မှာ မိမိကိုကျော်ပြီး ဘယ်သူ ဘာလုပ်လို့ရမလဲဆိုတာ…"

"မင်းကို မကျော်ရဲရအောင် မင်းက ဘာမို့လဲ မိ၊ တကယ်တမ်း ဒီအိမ်မှာ ငါတို့တွေကို မော်မကြည့်ရဲရမှာက မင်း၊ မင်းဟာ ချမ်းသာခြင်းကို ဆုပ်ကိုင်မိနေတာတောင် လောဘမသတ်နိုင်ဘဲ အမိုက်မှောင်ဖုံးနေတဲ့ မိန်းမ"

"ဟုတ်တယ်၊ ချမ်းသာခြင်းကို မမက်မောတဲ့သူ ဘယ်သူရှိလို့လဲ၊ အဲဒီထဲမှာ ကျွန်မက ထိပ်ဆုံးကပဲ၊ ကျွန်မ အမိုက်မှောင်ဖုံးနေလောက်အောင် လောဘတက်နေတာလည်း အမှန်ပဲ၊ အမှောင်ဟာ ဘာကိုမှမမြင်ရဘူးပေါ့၊ ဟုတ်တယ်… ဟား ဟား… မိန်းမလည်ကြီး၊ ရှင် လည်စမ်းပါ"

ဒေါ်မိမိမျက်နှာကြီးကို စိုက်ကြည့်ရင်း ဒေါ်ယဉ်မေပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျောထဲမှာ စိမ့်သွားသလိုလို…

တစ်စုံတစ်ရာသော ပူပန်မှုသေးသေးလေးက မသိမသာ လှုပ်ခတ်သွားလေသည်။





"ယမာ"

"ဟင်"

"ကိုယ်ပြောတာ ကြားလား"

"ကြားရင် ပြန်ပြောလေကွာ၊ ကိုယ် အဲဒီကိုလာချင်တာ၊ ဖုန်းထဲကပြောရတာ အားမရဘူး၊ လာလို့လည်းမရဘူး၊ ဒီမှာ အသုပ်တွေက ပုံနေတယ်"

သူသည်းနေတာကို နားထောင်ရင်း ယမာ ပြုံးလိုက်မိသည်။ ခုတလော တခွန်း သူ့ဆီမလာတာ အတော်လေးရက်ကြာသွားပေမယ့် ဖုန်းကတော့ တစ်နေ့နှစ်ကြိမ်လောက် ဆက်တတ်သည်။

"ဟော့… ပြောလေကွာ"

"ဘာပြောရမှာလဲ"

"အန်တီမေ့ဆီ ဘယ်တော့သွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယမာ အဲဒီအိမ်မသွားချင်ဘူး"

"ဘယ်က သူများအိမ်ရမှာလဲ၊ အဲဒါ မင်းမိဘရဲ့အိမ်ပဲ၊ မိဘလည်းရှိနေသေးတယ်၊ ဘာလို့မသွားချင်ရတာလဲ"

"အဲဒီသွားတိုင်း အမြဲစိတ်ညစ်ရတာ၊ ပြီးတော့ ရှင်နဲ့ မသွားချင်ပါဘူး"

"မသွားချင်လို့ရမလား၊ အန်တီမေက နှစ်ယောက်လာခဲ့ပါ လို့ သေချာမှာထားတာ"

ယမာ အတန်ကြာငြိမ်သက်သွားပြီးမှ…

"ရှင်က အားလို့လား"

"မင်းသွားမယ့်အချိန်ကိုပြော"

"ခု"

"ဟာ… အဲ့… အဲလိုတော့မလုပ်နဲ့လေ၊ အခုဖုန်းချတာ နဲ့ meeting ဝင်ရမှာ၊ ယမာ… ကိုယ့်ကို သက်သက်ညစ်တာ မဟုတ်လား"

"မဟုတ်ဘူး၊ တကယ်ပြောတာ၊ အခု ရှင်မလာရင် ယမာ ဘာသာ သွားမှာ"

တံခွန် တိတ်ကျသွားသည်။

"ဒါဆို လာခဲ့မယ်၊ နာရီဝက်စောင့်"

ယမာ တစ်ယောက်တည်း ပြုံးလိုက်မိကာ…

သစ္စာမှန်စာပေ



"ခွန်"

"ဟင်…"

"အလကားစတာပါ၊ မနက်ဖြန် ရှင်အားတဲ့အချိန်လာခဲ့ လေ"

"အိုကေ…"

နှုတ်ဆက်၍ ဖုန်းချလိုက်လျှင် ဘယ်တုန်းကတည်းက စောင့်နေမှန်းမသိသော ဖုန်းက ဆက်တိုက်မြည်လာ၏။

ယမာ အရှိန်မပြေသေးသော မျက်နှာပြုံးတုံးတုံးလေးနှင့် ဖုန်းကို ပြန်ကိုင်လိုက်ရသည်။

"ဟလို… ဟုတ်ကဲ့… ယမာပါ"

"ယမာ… မသူပါ"

"မသူ… ဘာဖြစ်လို့လဲဟင်… မဆက်စဖူး"

"ယမာ… မမေဆုံး…"

"ဟင်… မသူ… မသူ… ဘာလဲ… မသူ"

ယမာ စကားပြောခွက်ကို မျက်လုံးပြူးနှင့် ပြန်ငုံ့ကြည့် သည်။ မကျေနပ်နိုင်ဘဲ နားနှင့်ပြန်ကပ်လိုက်သည်။

ဖုန်းကချသွားပြီ။

ဘာဖြစ်တာလဲ…

ဂဏန်းတွေကို ကမန်းကတန်း ကောက်နှိပ်လိုက်သည်။

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါ၊ သုံးခါ ပြန်စောင့်ခေါ်တဲ့အထိ လုံးဝမရတော့…

ယမာ တစ်ကိုယ်လုံးတောင့်တင်းသွားသည်။

ဒါ… လုံးဝမရှိသားတာ…

မသူ ဘာပြောတာလဲ… မမေဆုံးဆိုတာကို ဖျတ်ခနဲ ပြန်သတိရလိုက်၏။

မမေဆုံးပြီလို့ ပြောမလို့လား။

ယမာ ဖုန်းကို ခွက်ခနဲချ၍ ချာခနဲလှည့်ပြေး၏။

"ဟဲ့ ဟဲ့… ယမာ နေပါဦး၊ ဘာတဲ့လဲ"

စောစောကပဲ တံခွန်နှင့်ချိန်းနေတာ ကြားလိုက်သေးသည်။

ချက်ချင်း ပုံစံပြောင်းသွားသည့် ယမာ့ကို မေရီ အတင်းဆိုက်ဆွဲသည်။

"အို… ယမာငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်၊ နောက်ဆက်တာ ဘယ်သူလဲ"

"မေရီ"

"ဟင်… ပြောလေ… ပြော"

"တီမေ ဘာဖြစ်တယ် မသိဘူး၊ မသူ ဆ… ဘာ၊ ဆုံးအောင်လည်း မပြောဘူး၊ တီမေ ဆုံးပြီထင်တယ် …"

ယမာ မေရီ့ကိုလည်း ပြန်ပြောကာ ပိုက်ဆံအိတ်ကလေး ပြေးယူ၍ အတင်းတိုးထွက်သွားသည်။





ရုတ်တရက် မေရီ ဘာလုပ်ရမှန်းမသိ။

ယမာ အလုပ်ထွက်ပြီးကတည်းက မေရီက ယမာနဲ့အတူ လာနေခဲ့သည်။

အကူနေကြသလို ခံစားချက်ကလည်း နှစ်ကိုယ့်တစ်စိတ်ပါ။ ယမာဒုက္ခရောက်တိုင်း မေရီ နေလို့မရ။

လက်ထဲက စာအုပ်ပစ်ချကာ တယ်လီဖုန်းဆီပြေးသွား၍ ဂဏန်းတွေ ကောက်နှိပ်လိုက်သည်။

"ဟုတ်ကဲ့… နေတံခွန်ကလားရှင်၊ ကျွန်မ ဦးတံခွန်နဲ့ စကားပြောချင်လို့ပါ၊ သိပ်အရေးကြီးလို့ပါရှင်"

"သူ ဒွေး စည်းဝေးခန်းမထဲ ရောက်နေပါတယ်ရှင်၊ အရေးကြီးရင် မှာခဲ့လို့ရပါတယ်"

"အဲဒါ ကျွန်မမစောင့်နိုင်ဘူး၊ ဖြစ်နိုင်ရင် သူ့ကို သွားပြောပေးပါ၊ ယမာပိုင်စိုး မှာတယ်ဆိုရင် သူစိတ်ဆိုးမှာမဟုတ်ပါဘူး၊ သိပ်အရေးကြီးလို့ ပိုင်ဂေဟာကို ခုချက်ချင်းလိုက်ခဲ့ပါလို့နော်"

တစ်ဖက်က စဉ်းစားနေသလား ဘာလားမသိ။

မေရီ ဖုန်းချကာ ယမာ့နောက်လိုက်ရမလား။ ဒီအတိုင်းပဲ ထိုင်နေရမလား။ ထိုင်လို့လည်း ဖင်ကျမှာမဟုတ်။

ဒုက္ခပါပဲ…

***



www.burmeseclassic.com

www.burmeseclassic.com



ပါးဝေါ်ကျလာသည့် ရိုက်ချက်က ပြင်းလှသည်။ ဖြန်းခနဲဆို မသူဇာ လက်ထဲဖုန်း လွတ်ထွက်သွားကာ စားပွဲကြားထဲသို့ လဲကျသွားလေသည်။

"ဟင်... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ရိုက်တာလဲ မိမိ၊ မသူဇာ ဘာလုပ်လို့လဲ"

အနားသို့ ဦးသက်ထက်ပိုင် အပြေးတစ်ပိုင်း ရောက်လာသည်။

"ပြဿနာတစ်ပုဒ်က မအေးသေးဘူး၊ ဘာဖြစ်လို့ ပြဿနာ ထပ်ရှာတာလဲ မိမိရယ်"

"သူ ဖုန်းဆက်နေတာ"

"ဘယ်ကိုဆက်တာလဲ"





ဒေါ်မိမိက နီမွဲ့ချိမြင့်ချိ လှုပ်ခါနေသော ရင်ဘတ်ကြီးထဲကို ပင်ပန်းစွာ အသက်ရှူသွင်းလျက် မသူဇာကိုသာ စားမတတ်ဝါးမတတ် စိုက်ကြည့်နေလေသည်။

"ဟဲ့ ကောင်မ... နင် ယမာဆီဖုန်းဆက်တာ မဟုတ်လား၊ ပြောစမ်း"

"ဟုတ်ပါတယ်၊ ကျွ... ကျွန်မ... မမေဆုံးတဲ့အကြောင်း ပြောမလို့ပါ"

"အဲဒါ ညည်းကိစ္စလား၊ ညည်းနဲ့ဘာဆိုင်သလဲ၊ ဒါ ငါတို့မိသားစုအရေး... ညည်း စပ်စုလှချေလား"

သူတို့နားသို့ မှူးမှူးသွင်တို့ ညီအစ်မပါ ရောက်လာကြလေသည်။

"သူလည်း မိသားစုဝင်ပဲ မိမိရယ်၊ ဒီကိစ္စ သူမပြောလည်း ငါတို့အကြောင်းကြားရမှာပဲ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ သေးတဲ့ကိစ္စကို ပုံကြီးချဲ့ရတာလဲ"

"အို... မလိုဘူး၊ မဆက်ရဘူး၊ ဒီအလောင်း ဒီအိမ်က မထွက်မချင်း ဘယ်သူမှ မသိစေချင်ဘူး၊ အလောင်းကြီးဖက်ပြီး အိမ်ပေါ်မှာ ငိုကြ၊ ယိုကြ၊ အလွမ်းသယ်ကြ၊ ဘာမှမကြားချင်ဘူး၊ မြင်လည်း မမြင်ချင်ဘူး"

ဒေါ်မိမိ အမူအရာတွေ ပျက်ယွင်းခြောက်ခြားနေသောကို



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထက်ပိုင် သတိမထားမိဘဲ…

နဂိုကတည်းက ယမှာအပေါ် ဒေါ်မိမိ မကျေလည်ခဲ့တာ ကြောင့်ပဲဟု ရိုးရိုးလေးပဲ မြင်ခဲ့သည်။

“ဒီလိုဘယ်ဟုတ်မလဲ မိမိ၊ ဒါ သူ့အခေါ်ပဲ… သူ့အခေါ်ကို သူမြင်ချင်မှာပေါ့၊ ဖအေတစ်ယောက်လုံးကို သားသမီးက ပြောစရာဖြစ်အောင် မင်းမလုပ်ပါနဲ့”

မြင်ချင်မှာပေါ့တဲ့…

ဒီအလောင်းကို မြင်ကိုမမြင်စေချင်တာ…

ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်အတွက် ကိုယ့်မှာ ဘယ်လိုမှနေလို့ မလုံခြုံ။

အလောင်းကို သုသာန်သို့ အမြန်ဆုံးပို့နိုင်ဖို့ သူ အပူ တပြင်း စီစဉ်နေတာ အဲဒါကြောင့်…

ယမာရောက်လာတဲ့အဖြစ်ကို ဒေါ်မိမိ လုံးဝ**အဖြစ်မခံနိုင်**။

ယမာ မသက်သာဖြစ်ကာ အရစ်ရှည်မ**နေဘူးလို့** ပြောနိုင် မလား။

ထိုစဉ် ခြံထဲသို့ ကား**တစ်စီးဝင်သည်။**

အလောင်းသယ်မည့်**ကားလားဟု ဝမ်းသာ**အားရ ဒေါ်မိမိ ခေါင်းထောင်ကြည့်လိုက်မိသည်။

ဒေါ်သက်သက်ပိုင်ရဲ့ ကားလေးမှန်းသိလျှင် မျက်နှာပျက်





သွားလေသည်။

သူရော ဘာထူးလဲ။ **အစက** မကြည့်မလင်… လက်မခံ ချင်တာကို တစ်ယောက်**တော့** မိုင်အောင်ပေါင်းမှုဆိုပြီး သူတို့သား အမိ ဘယ်လောက်**အောက်ကျ**ခံပြီး ပေါင်းသင်းထားသလဲ။

ဒီအိမ်မှာ **ကိုယ့်လင်ကအစ** ကျေနပ်ချင်စရာ ဘယ်သူမှမရှိ။

“ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီးရယ်၊ သက်ဖြင့် ကြား လိုက်တာ ယုံတောင်မယုံချင်ဘူး၊ မနေ့ညနေကမှ သက်ဆီကို သူ ဖုန်းဆက်သေးတာ အကောင်းကြီးရယ်”

ဒေါ်သက်သက်ပိုင်သည် လက်ပွေ့အိတ်ကြီး တယမ်း ယမ်းနှင့် အပြေးဝင်လာကာ ငိုလည်းငို၊ ပြောလည်းပြော။

“ငါလည်း ဘာမှမသိဘူး၊ ဆုံးတယ်ကြားတော့မှ အလုပ် ထဲက ပြန်ပြေးလာတာ”

သူတို့တွေ ဒေါ်ယဉ်မေပိုင်ရဲ့အလောင်းရှိတဲ့ အခန်းထဲ ဝင်လာကြသည်။

“မမမေ… မမမေ… ဖြစ်ရလေ မမမေရယ်၊ အိပ်နေတဲ့ အတိုင်းပဲ… ဟီး… ဟီး”

ဒေါ်သက်သက်အားမှာ လီလီသွင်တို့ ညီအစ်မနှစ်ယောက် လည်း မျက်ရည်တွေတွေကျလျက် ရှိုက်ငိုနေကြသည်။

သေဆုံးကာစမို့ ပတ်ဝန်းကျင် ဘယ်သူမှလည်း မသိကြ



www.burmeseclassic.com

www.burmeseclassic.com



သေးပေ။

ဒေါ်မိမိ တမင် မသိစေခဲ့တာလည်း ပါသည်။

ဦးသက်ထက်ပိုင်မှာ ခေါင်းရှုပ်ထွေးမှုသော မျက်နှာကြီးနှင့် ညီမရဲ့အလောင်းကို စိတ်မကောင်းစွာကြည့်၍ ကတုန်ကရင် ဖြစ်နေတော့သည်။

သူ့မှာ ဒီညီမတစ်ယောက်ကို လုံးဝလှည့်မကြည့်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။

နောက်ဆုံး မျက်နှာချင်းပင် မဆိုင်ဖြစ်ခဲ့။

ယမှာ့အမွေကိစ္စနှင့် ပတ်သက်၍ပါ။

ယမှာ့အတွက် အမွေတွေ မနည်းမနောရှိနေတာ သူတို့မောင်နှမသုံးယောက်ပဲ သိကြသည်။

မွေးနေ့မှာ ယမှာ ဒေါ်မိမိကိုချပေးခဲ့သည့် ရတနာဘူးနှင့် ပတ်သက်၍ ဒါကိုပဲ အကြောင်းပြစရာဖြစ်ကာ ယမှာမှ ယမှာ ဖြစ်လျက်…

သူ့အမွေတွေကိုပါ ယမှာတစ်ယောက်တည်းကိုပဲ ပေးမည့်အကြောင်း ပြောလာကတည်းက စိတ်က အခုအခံဖြစ်နေခဲ့မိတာ။

တကယ်ဆို ယမှာက သူ့မှာနဲ့သူ အပြင်ထွက်သွားပေမယ့် မအေပေးခဲ့တဲ့ ခြံနဲ့တိုက်နဲ့ ရတနာတွေ ရှိနေသေးသည်။

နာမည်ကြီးပြီး ဘာမှမရှိတာက မှုမှုသွင်တို့ ညီအစ်မရယ်။

သစ္စာမွန်စာပေ



သူ့မှာ ဒီသမီးနှစ်ယောက်အတွက် ပေးစရာအမွေ ဘာဆိုဘာမှမရှိတော့တာပြောလျှင် ဘယ်သူယုံမှာလဲ…

ဇနီးလုပ်သူက ဖဲရိုက်၊ ဖဲရှုံးတော့ လုပ်ငန်းတွေပြုတ်…

ဒါတွေအားလုံးလွန်မှချည်းပဲ သူသိခဲ့ရသည်။ ဘာမှလုပ်လို့မရတော့ပေ။ နောက်ဆုံး မိန်းမကဖြုန်း၊ သမီးတွေက မလိမ္မာနှင့် အတွင်းပစ္စည်းရတနာ ဘာများရှိတော့လို့လဲ…

ဒါကို မေလည်းသိသည်။

အစကတော့ အစ်ကိုလုပ်သူကို အရင်းအနှီး ထုတ်ထုတ်ပေးဖော်ရသေးသည်။ နောက်တော့ လုံးဝမထုတ်တော့။

သူ့တူမနောင်ရေးတဲ့…

ပြည့်ပြီးသားအိုးကို ဖြည့်ချင်တာ…

သမီးချင်းအတူတူပါပဲ… အစက မအေမဲ့ခဲ့သည့် သမီးလေးမို့ သူလည်း ကရုဏာပိုခဲ့ပါသည်။

ဒါပေမယ့် တစ်စစကျဆင်းခဲ့တာက ကိုယ်…

တကယ်သနားစရာကောင်းတာက မိစုံဖစုံနဲ့နေရပြီး ဘာမှမရှိတော့တဲ့ ကိုယ့်သမီးနှစ်ယောက်ဖြစ်နေသည်။

ဒါကြောင့်…

သမီးကြီးနဲ့တခွန်ကို ဖြစ်စေချင်လို့ မယားလုပ်သူ ဇွတ်ကြိုးပမ်းနေတာကို သိတာလည်း မသိသလို… မသိတာလည်း

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သိသလို၊ ကိုယ့်မှာ ဖအေဖြစ်ပြီး ဒီအတိုင်းကြည့်နေခဲ့မိသည်။

သမီးကြီး တံခွန်နဲ့လက်ထပ်သွားနိုင်လျှင် သူတို့တစ်မိသားစုလုံး ဘာမှပူစရာမလိုတော့တာ သူလည်းသိနေသည်။

ဒါကို မေက ယမာနဲ့သာဖြစ်စေချင်တဲ့စေတနာက လွန်ကဲနေလျက်… မူမူသွင်နဲ့ဆို အင်တင်တင်…

"အစ်ကိုကြီးသမီးတွေက မျက်နှာငယ်ရှာတာပါ **မေရယ်၊** နင်တို့အမြင်မှာ သမီးပိုင်စိုးက ဘေးထွက်နေရတယ်**လို့ပဲ မြင်တာ၊** တကယ်တော့ သူ့မှာ ဘာလိုလေသေးရှိလို့လဲ၊ **တကယ်တမ်း** မပြည့်စုံတာက မူမူတို့ညီအစ်မရယ်ပါ၊ တူမချင်း**အတူ**တူပါပဲ၊ အစ်ကိုကြီးမျက်နှာကိုငဲ့ပြီး မူမူတို့ကို နင် ပြန်ကြည့်သင့်ပါတယ်"

ကိုယ့်မှာ အကြီးတန်မဲ့ ဟန်မဆောင်နိုင်ခဲ့ပေ။

သမီးနှစ်ယောက်ကို အမွေခွဲခြမ်းပေးဖို့အရေး ပြောကြည့်ခဲ့မိသည်။ ကိုယ့်မှာ အခွံချည်းပဲရှိတော့တာ…

"မတူဘူး အစ်ကိုကြီး၊ ပိုင်စိုးလေးဘဝကို အိန္ဒြေကျွန်မလက်ထဲအပ်ခဲ့တာ၊ ပိုင်စိုးဟာ ကျွန်မလက်ပေါ်မှာကြီးခဲ့တဲ့တူမ"

အဲဒီလိုခွဲခြားတဲ့ စေတနာတွေထားခဲ့လို့ သူ တယူသန်အတွေးများနဲ့ ညီမတစ်ယောက်လုံးကို ပစ်ထားခဲ့သည်။

ဒေါ်ယဉ်မေမိုင်ရှိတဲ့ဆီကို သူလည်းမသွား။ မေးလည်းမမေး။





ခုလို ဆုံးသွားပြီဆိုတော့မှ ရင်ထဲမှာဆို့နင့်ကာ ဘယ်လိုကြီးမှန်းမသိသော ကြေကွဲခြင်းက နှိပ်စက်နေသည်။

မြင်နေကျအတိုင်း အေးချမ်းနေမြဲသော ဒေါ်ယဉ်မေမိုင်မျက်နှာကတော့ လူသေရုပ်ပင်မရှိဘဲ အိပ်နေသည့်အတိုင်း…

"ဟော… အလောင်းသယ်မယ့်ကား လာပြီ"

အလောင်းသယ်မည့်ကား ရောက်လာတော့မှ ပတ်ဝန်းကျင်သတိထားမိလျက်…

တစ်ဦးစ နှစ်ဦးစ ဝင်လာကြသည်။

"ထုတ်… ထုတ်… အလောင်းထုတ်မယ်"

ဒေါ်မိမိ ပျာယာခတ်သွားသည်။

"အို… ဘယ့်နှယ် အလောင်းကို သင်္ချိုင်းပို့ထားရမှာလဲ၊ မနက်ကမှဆုံးတာ၊ ချက်ချင်းကြီး"

ဒေါ်သက်သက်ပိုင်က မကျေနပ်…

"ချက်ချင်းပို့မှဖြစ်မှာပေါ့ သက်ရဲ့၊ သူက နာတာရှည်ဖြစ်ထားတာ၊ ချက်ချင်းမပို့ပဲ့လာမှာ၊ သေပြီးမှ ဘာထူးမှာမို့လို့လဲ"

"မထူးဟာကို သိတယ်လေ၊ ဒါပေမယ့် ကလေးလည်း မလာသေးဘူး မဟုတ်လား၊ အစ်ကိုကြီး ပိုင်စိုးကို အကြောင်းကြားထားပြီးပြီလား"


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိနှင့် ဦးသက်ထက်ပိုင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

ဒေါ်မိမိမျက်နှာတွေက မလှမ်းမကမ်းမှာရှိနေသည့် မသူဇာဆီ ဖျတ်ခနဲရောက်ကာ...

"ဟဲ့... ခုနက ယမာနဲ့တွေ့လား"

"တွေ့ပါတယ်၊ ဒါပေမယ့် မပြောလိုက်ရပါဘူး၊ သူ မသိလောက်ဘူးထင်ပါတယ်"

"ဘယ်လို"

ဒေါ်သက်သက်ပိုင်က တအံ့တဩ...

"ပိုင်ဆိုးနဲ့တွေ့ပြီး မပြောလိုက်ရဘူး၊ ဘာဖြစ်လို့လဲ"

ဒေါ်မိမိက ကြားဝင်ကာ..

"ဖုန်းလိုင်းကျသွားလို့"

"ဟမ်"

ထပ်ဆင့်၍ အံ့ဩရပြန်၏။

"ဟိုနေရာနဲ့ ဒီနားဆက်တာ ဖုန်းလိုင်းကျတယ်၊ အံ့ပါရဲ့အေ"

"ကဲ ကဲ... တော်ကြတော့၊ မသူဇာ သမီးဆီ ဖုန်းထပ်ဆက်၊ ခဏစောင့်ပြီး အလောင်းသယ်ဖို့လုပ်ရမယ်၊ ကားက စောင့်နေပြီ"





သူတို့ပြောနေဆဲ အငှားကားလေးတစ်စီး ခြံထဲဝင်လာလေသည်။ အားလုံး လှမ်းကြည့်နေမိကြသည်။

နောက်ခန်းထဲမှ ယမာ ဖျတ်ခနဲခုန်ချကာ ကားခပြေးရှင်းပြီး အိမ်အပေါ် အတင်းပြေးတက်လာ၏။

အိမ်ရှေ့မှာ ကားတွေတန်းစီလျက် အလောင်းသယ်မယ့်ကားကြီးက ကျက်သရေမဲ့စွာကြို့နေကတည်းက ယမာ မျက်ရည်တွေ သွန်ကျလာခဲ့သည်။

"တီမေ"

ယမာ တီမေ့အလောင်းနားထိ ပြေးဝင်သွားပြီးမှ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲမှာ ဆို့တက်သွားကာ ငုံ့စိုက်ကြည့်ရင်း တောင့်တောင့်လေး ရပ်နေမိသည်။

ဒူးတွေ တဖြည်းဖြည်းညွှန်ကျကာ တီမေ့ဘေးမှာ ဒူးထောက်လျက်လေး ထိုင်ချလိုက်၏။

ငွေချည်ထိုးဇာပဝါပါးလေးနှင့် အုပ်ထားသော တီမေ့မျက်နှာကို လှန်မကြည့်ရက်ဘဲ ဒီအတိုင်း စိုက်ကြည့်နေရင် မျက်ရည်တို့က အဆက်မပြတ်ကျလာ၏။

သမီးနဲ့တံခွန် နှစ်ယောက်လာခဲ့ဆို တီမေ...

သမီးလာတဲ့အထိ ဘာလို့မစောင့်ရတာလဲ တီမေရယ်...

တီမေဖြစ်စေချင်တာအားလုံး သမီးလုပ်တော့မယ်ဆိုမှ...



www.burmeseclassic.com

www.burmeseclassic.com

"သမီး ငိုလိုက်လေ သမီးရယ်... ငိုလိုက်ပါ... ဟီး... ဟီး"

ဒေါ်သက်သက်ပိုင် တူမကိုပြေးဖက်၍ သူပါလှုပ်ငိုသည်။

ဘာသူးလို့လဲ... ဒီအစ်မအပေါ် သူရော တာဝန်ကျေခဲ့လို့လား။

သေပြီဆိုတော့မှ ထမင်းလေးခွံကျွေးပါရစေဆိုလည်း သွားလေသူက ထစားနိုင်တော့မှာမဟုတ်။

လမ်းလေးတွဲလျှောက်ကြရအောင်ခေါ်လည်း သူ့ခမျာ မလိုက်နိုင်တော့ပေ။ ဒေါ်သက်သက်ပိုင် ဖြေလို့မရတိုင်း ငိုနေမိသည်သာ။

ယမာ မဖွင့်ရဲသည့် ပဝါစကို ဒေါ်သက်သက်ပိုင်က အသာဆွဲဖွင့်ကာ

"ကြည့်ပါဦး သမီးရယ်၊ အိပ်နေတဲ့အတိုင်းပဲ"

ယမာ တီမေ့ရဲ့အေးစက်နေတဲ့ လက်ဖဝါးလေးကို ဆုပ်ညှစ်၍ အံကြိတ်လိုက်သည်။

ပြီးတော့ ခပ်ဖြည်းဖြည်းထကာ မျက်ရည်သုတ်လိုက်သည်။

"တီမေ ဘာဖြစ်လို့ဆုံးသွားတာလဲ ဒယ်ဒီ"

ဦးသက်ထက်ပိုင် မျက်နှာကြီးနီမြန်းလျက် ခေါင်းခါနေ





သည်။

"ဖယ်ဒီမသိပါဘူး သမီးရယ်၊ သူအိပ်နေရင်း ဆုံးနေရှာတာတဲ့"

"မဖြစ်နိုင်ဘူး"

ဒေါ်မိမိကိုယ်ကြီး ဆတ်ခနဲ တုန်သွားသည်။

"မသူ"

ယမာခေါ်လျှင် မသူ ချက်ချင်းရောက်လာသည်။

"မသူ တီမေနဲ့ အတူရှိနေတာယ်မဟုတ်လားဟင်... တီမေ အဲဒီလိုသေသွားလောက်အောင် ရောဂါဖြစ်နေလို့လား၊ ယမာမေးတုန်းကတော့ ကောင်းပါတယ်ဆို"

"ဟို..."

"ညက မသူ တီမေနဲ့အတူရှိနေသလား"

"ရှိပါတယ်"

"ဘယ်အချိန်ထိရှိသလဲ"

"ကိုးနာရီခွဲတဲ့အထိ မှသူ နှိပ်ပေးနေပါသေးတယ်"

"အဲဒီအချိန်ထိ တီမေ ဘယ်လိုနေသလဲ"

"ဘာမှမဖြစ်ပါဘူး၊ ခါတိုင်းလိုပါပဲ"

ယမာမေးနေသမျှကို အိမ်သားတွေရော အပြင်လူတွေပါ တစစများလာကာ ဝိုင်းကြည့်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"တီမေ့ကို မသူ အိပ်ခါနီး ဘာဆေးတိုက်သလဲ၊ စားစရာ ဘာကျွေးသလဲ"

"ဆယ်နာရီထိုးခါနီးမှာ သူအိပ်တော့မယ်ဆိုလို့ ခါတိုင်းလိုပဲ အားဆေးနဲ့ နွားနို့တိုက်လိုက်ပါတယ်"

"သမီး"

ဦးသက်ထက်ပိုင် မျက်နှာကြီး တင်းမာနေသည်။

"ဒါ... အသုဘအိမ် သမီး၊ တရားခွင်မှတ်နေသလား၊ ရောဂါသည်သေသွားတာကို သမီးက မသင်္ကာသလို စစ်လား၊ ဆေးလားနဲ့၊ အိမ်သားတွေကို သက်သက်စော်ကားနေတာလား"

"မဟုတ်ဘူး ဒယ်ဒီ၊ သမီး မေးသင့်လို့မေးနေတာ၊ ဘယ်သူ့ကိုမှလည်း ဉပါဒ်လို့ မဟုတ်ဘူး၊ တီမေဟာ ဝိုးချုလ်နဲ့နေရတဲ့ ဒုက္ခိတပေမယ့် ရောဂါသည်ကြီးမှမဟုတ်ဘဲ၊ ရုတ်တရက်သေသွားခဲ့တာ ဘာကြောင့်လဲဆိုတာ သမီးသိရမှဖြစ်မယ်"

"အဲဒါကိုက အလုပ်မဟုတ်တာ၊ သမီးမဉပါဒ်ဘူးဆိုပြီး သံသယရှိနေတာက စော်ကားနေတာ"

သူတို့ အချေအတင်ဖြစ်နေကြဆဲ အနက်ရောင်ကားလေး တစ်စီး ထိုးရပ်လာသည်။

တိုက်ပေါ်မှာ ဖြစ်နေသမျှ အခြေအနေအားလုံးကို လှမ်းကြည့်ရုံနှင့် တံခွန် သဘောပေါက်သွားသည်။





တံခွန့်ကိုမြင်လျှင် ဒေါ်မိမိ မစားရတဲ့အမဲကိုမြင်သလို မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

တံခွန်က ကားသော့ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ ယမာ့ဘေးနားထိ လျှောက်ဝင်လာကာ အလောင်းကို ငုံ့ကြည့်သည်။

"ကဲ... အခု သမီး ကြည့်ပြီးပြီ မဟုတ်လား၊ အလောင်းကို သယ်ဖို့လုပ်"

"မသယ်နဲ့ဒယ်ဒီ၊ ယမာ တီမေ့အလောင်းကို ဆေးရုံကို သယ်မှာ"

"ဘာ..."

"ဘာပြောတယ်"

ဦးသက်ထက်ပိုင် အသံကြီး ကျယ်သွားသလို ဒေါ်မိမိ ကြွေမဆောင်နိုင်တော့ဘဲ ရှေ့တက်လာသည်။

သူ့ဘေးမှာ မှူမှူသွင်ကပါ ကပ်ပါလာ၍

"ညည်းက ကိုယ့်ကိုယ်ကို ဘာကြီးမှတ်နေလဲ ယမာ၊ အန်တီမေ့ကို ညည်းက အဒေါ်တော်သလို ငါတို့လည်း အဒေါ်တော်တာပဲ၊ ညည်းပြောခွင့်ရှိသလို ငါတို့လည်း ပြောခွင့်ရှိတယ်"

"နင့်ကို ဘယ်သူက ပါးစပ်ပိတ်ခိုင်းနေလို့လဲ၊ ငါကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ၊ ဒယ်ဒီ သမီး တီမေ့အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သယ်သွားမယ်"

"မသယ်ရဘူး"

ဦးသက်ထက်ပိုင် ခွင့်မပြု။

ဒေါ်မိမိကပါ ခါးခါးသီး လက်သီးဆုပ်လျက်...

"ညည်း... ဒီအလောင်းကို ဘယ်မှသယ်ခွင့်မရှိဘူး။ ထိရဲရင်ထိကြည့်"

"ဘာလို့မထိရဲရမှာလဲ၊ ကျွန်မ လုပ်သင့်တာကိုလုပ်တာ၊ ဘယ်သူ့မှဂရုမစိုက်ဘူး"

မှူးမှူးသွင်က ယမာ့ဘေးမှာရပ်နေသည့် တံခွန့်ကိုလှမ်းကြည့်ကာ

"ညည်းဟာ အားကိုးနဲ့ကျယ်နေတာလား ယမာ၊ သခင်အားကိုးနဲ့ ကိုက်တဲ့ခွေးကို..."

"ဘာ... ကဲ"

အောင့်အင်းမျိုသိပ်ခဲ့ရသော ဒေါ်သတို့ပါ စုပြုံ၍ထွက်လျက် ယမာ အရှက်သည်းစွာ တအားလွှဲ၍ ရိုက်ချလိုက်သည်။

လီလီသွင် ပုံပျက်ပန်းပျက် ပုံကျသွား၏။

"ညည်း... တိရစ္ဆာန်မ"

ဒေါ်မိမိ ရှေ့ပြေးတက်လာလျှင် ယမာ့ရှေ့မှ တံခွန် ဝင်ရပ်လိုက်လျှက်...





"အလောင်းရဲ့ဘေးမှာ သူတစ်ပြန် ကိုယ်တစ်ပြန်ဖြစ်နေကြရင် မကောင်းပါဘူး အန်ကယ်၊ သူတို့ကို ထိန်းထားပေးပါ"

တံခွန်က တစ်ဆက်တည်း ဦးသက်ထက်ပိုင်ကိုပါ လှည့်ပြောသည်။

ထိုစဉ် ဒေါ်သက်သက်ပိုင်က ယမာ့ဘေးနား ပြေးကပ်သွားကာ

"အန်တီသက်ကို ပြောပါဦး သမီး... သမီး မသင်္ကာစရာ တွေ့လို့လားဟင်၊ သမီး မမေအလောင်းမှာ ဘာမသင်္ကာစရာ တွေ့လို့လဲ၊ ပြောပါဦး သမီးရယ်"

"တီသက်"

"သမီး"

ယမာ ဒေါ်သက်သက်ပိုင်ကို ဖက်၍ငိုသည်။

"သမီး သိတယ်၊ တီမေ သေချိန်မတန်ဘဲသေတာ၊ တီမေ မသေသင့်သေးဘူး၊ ဘာကြောင့်ပဲသေသေ ဒီကိစ္စ သမီးသိရမှ ဖြစ်မယ်၊ သမီး စစ်ရမှဖြစ်မှာ"

"သမီး... မဖွယ်ရာတဲ့ကိစ္စကို ဘာဖြစ်လို့ ထပ်ထပ်ပြောနေရတာလဲ"

"ဟုတ်ပါတယ် သမီးရယ်၊ သမီးထင်တာတစ်ခုတည်းနဲ့ အားလုံးသိက္ခာတွေကျကုန်အောင် မလုပ်ပါနဲ့တော့ကွယ်... နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်သက်ပိုင်ကလည်း တောင်းပန်သည်။

ဒါပေမယ့် ယမာ ခေါင်းမာမာနှင့် ငြင်းနေဆဲ…

“ကျွန်တော် တစ်ခုပြောပါရစေ၊ လူသေကို ရင်ခွဲရုံပို့တာ သိက္ခာကျဖို့မလိုဘူးလို့ ထင်ပါတယ်၊ အားလုံး အခုမြင်နေတဲ့ အခြေအနေကြောင့် ပတ်ဝန်းကျင်က သို့လော သို့လောတွေ တွေးကြမှာပဲ၊ ဒီတော့ ဒီကိစ္စ အားလုံးရှင်းသွားအောင်၊ သူလည်း ကျေနပ်သွားအောင် ဆေးရုံကို သယ်သွားခွင့်ပြုကြပါ”

“ဟုတ်ပါတယ်၊ ကောင်မလေးဆန္ဒရှိသလို လုပ်ပေးလိုက်ပါ”

“အဲဒါ မှန်ပါတယ်”

အနီးနားပတ်ဝန်းကျင်က လူတွေကလည်း ဝိုင်းပြောလာကြသည်မို့ ဦးသက်ထက်ပိုင် လက်လျှော့လိုက်ရသည်။

ဒေါ်မိမိမျက်လုံးတို့သည် ယမာ့ဘက်က ဝင်ပြောသွားသည့် တံခွန့်ကို ပြာကျမတတ်ကြည့်လျက်…

ဓိဓိဓိ





ဓါတုဗေဒဌာနက ထွက်လာသည့် result ကို ယမာ စိတ်စောစွာ ထုတ်ကြည့်လိုက်မိသည်။

“ဟင်”

ထင်သည့်အတိုင်းပါပဲလား…

တီမေ့အစာအိမ်တွင်းမှာ ရှိနေသော အစာတွေထဲမှာ အဆိပ်တွေ…

“တောက်…”

ယမာ တက်တစ်ချက်ခေါက်လျက် ယူကျုံးမရခြင်းများ ပြည့်လျှံကာ ဟီးခနဲ ငိုချလိုက်မိတော့သည်။

ကားနှစ်စီးနားမှာ အသီးသီးရပ်နေကြသော ဦးသက်ထက်ပိုင်နှင့် တံခွန်…



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့လုပ်ရပ် ရိုင်းပျမှုကို လက်ညှိုးထိုးကာ ပစ်ပစ်နှစ်နှင့် ပြောရန် မျက်မှောင်ကုတ်၍ စောင့်ကြည့်နေသော ဦးသက်ထက်ပိုင် ယမာ အမူအရာတွေပျက်သွားကာ ဟီးခနဲငိုချလိုက်တာမြင်လျှင် ကိုယ်လုံးကြီးဆတ်ခနဲ တုန်သွား၏။

တံခွန် မျက်မှောင်ကုတ်သွားကာ ယမာ့နားလျှောက်လာသည်။

"စိတ်ကိုထိန်းလေ ယမာ၊ ဧည့်ခန်းရှေ့မှာ လူတွေကြည့်ကုန်ကြပြီ"

"ခွန်"

ယမာ သူ့ကိုမော့ကြည့် ခေါ်လိုက်ပုံလေးက တွေးမွေ နှစ်သိမ့်ပစ်ချင်စဖွယ်…

တကယ့် ခိုးကိုးရာမဲ့သွားတဲ့ ကလေးငယ်လေးလို…

တံခွန် ယမာ့လက်ထဲက စာရွက်ကိုယူ၍ result ကို ဖတ်လိုက်သည်။

သူတို့နားသို့ ဦးသက်ထက်ပိုင် မရဲတရဲပုံစံနှင့် လျှောက် လာပုံက ခြောက်ခြားနေသလို…

"ဒယ်ဒီ"

ယမာ့ခေါ်သံက ကြေကွဲသံမကင်းပေမယ့် မာထန်နေ သည်။





"ဒယ်ဒီ့မိန်းမဘာက်က ဒယ်ဒီ ကြိုက်တဲ့နည်းနဲ့ ကာကွယ် ပေတော့၊ ခုချိန်ကစပြီး ဒီလုပ်ကြံမှုကို သမီးပညာနဲ့ သမီးရအောင် ဖော်ထုတ်မယ်"

"သမီး… ဒယ်ဒီ ပြောပါရစေဦး၊ ဒီကိစ္စ…"

"မပြောနဲ့တော့ ဒယ်ဒီ၊ ဟိုမေ့ကိုသေအောင်သတ်တာ သမီး ဒီတိုင်းကြည့်မနေနိုင်ဘူး၊ ဒါ လူမဆန်ဘူး၊ ရက်စက်တယ်၊ ဟိုမေ့ကို ဘာအငြိုးနဲ့ ဒီလောက်ရက်စက်ရတာလဲ…"

ယမာ ပြောရင်း ငိုရှိုက်ကာ တံခွန့်ကားဆီ ပြေးသွားသည်။ ဦးသက်ထက်ပိုင် ကြံ့ခိုင်မဆောင်နိုင်ဘဲ အယားဖားလျား ပြေးလိုက် လာကာ…

"သမီး… သမီးစဉ်းစားပါဦးကွယ်၊ ဒယ်ဒီ့မျက်နှာကို လည်း ပြန်ငဲ့ပါဦး၊ ဒီကိစ္စကြီးဟာ အင်မတန်မဖွယ်ရာတဲ့ကိစ္စကြီး ပါ၊ ဒါကို သမီးဖွင့်ချလိုက်ရင် မေမေ့မျက်နှာ ဘယ်လိုထားရမလဲ"

ယမာက နည်းနည်းမှ တွေဝေမသွားပေ။

ဦးသက်ထက်ပိုင်ကိုင်ထားသည့် ကားတံခါးကို ဆွဲပိတ် ပစ်လိုက်ကာ…

"အဲဒါ ဒယ်ဒီ ကြိုစဉ်းစားထားလိုက်ပါ၊ ယမာကတော့ သူလုပ်တဲ့အပြစ်အတိုင်း သူကျခံရအောင် မဖြစ်မနေ ကြိုးစားရမှာ ပဲ"



www.burmeseclassic.com

www.burmeseclassic.com



တံခွန် သားအဖကြားမှာ စိတ်မသက်မသာနှင့် ကားပေါ် တက်လိုက်သည်။

"မောင်တံခွန်"

တံခွန် ကားစက်ဖွင့်လိုက်လျှင် ဦးသက်ထက်ပိုင်က တံခွန့်ဘက်သို့ ပြေးလာပြန်ကာ…

"မောင်တံခွန်… သမီးကို နားချပေးပါဦးကွယ်၊ နောက်ဆုံး နားချလို့မရရင်တောင် ချက်ချင်းအမှုမဖွင့်ဖြစ်အောင် ဆွဲထားပေးပါ"

တံခွန် ဘာပြောရမှန်း မသိ။

ယမ္မာမျက်နှာက တင်းသည်ထက် တင်းနေသည်။

ရင်ထဲမှာ ကြေကွဲလို့မဆုံး…

ဒီအိမ်မှာ ဒီလောက်ဂြိုလ်မွှေတဲ့မိန်းမ…

နောက်ဆုံး ကိုယ့်ညီမအရင်းခေါက်ခေါက်ကို သတ်ပစ်ခဲ့တဲ့ မိန်းမ…

ဒါကို ဒယ်ဒီ ခုချိန်ထိ ကာကွယ်ဖို့ကြိုးစားနေဆဲ…

***

သစ္စာမွန်စာပေ

ငိုလည်းငို၊ ရန်လည်းတွေ့နေသည့် ဒေါ်မိမိကို ဦးသက်ထက်ပိုင် စိတ်ပျက်ညာစ်ညူးစွာ ကြည့်လိုက်မိသည်။

"မင်းဟာ တော်တော့်ကိုရက်စက်တဲ့ မိန်းမ၊ မင်းအတွက် တွေအားလုံးဟာ စည်းစိမ်ပဲ၊ စည်းစိမ်ကလွဲပြီး ဘာမှမင်းမမြင်ဘူး၊ လူတစ်ယောက်ရဲ့အသက်တစ်ချောင်းကို ငါလို ယောက်ျားရင့်မာကြီးတစ်ယောက်ကတောင် မကြံစည်ရဲဘူး၊ မင်း ကိုယ်ထိလက်ရောက် လုပ်ခဲ့တယ်၊ ပြီးတော့ မေဟာ သိပ်ကိုသည်းခံတတ်တဲ့ မိန်းကလေး၊ ဒါကို မင်းမို့…"

"ရှင် မိကိုချည်း ဖိဟောက်မနေပါနဲ့၊ ရှင့်ညီမပြောတဲ့ စကားလုံးတွေကရော ခံချင်စရာရှိသလား… ပြီးတော့… ပြီးတော့…"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိလေသံ ချက်ချင်းပျော့ကျသွားသည်။

"မိတို့မွေးထားတဲ့ သမီးတွေမှာ ဘာမှအားကိုးစရာမရှိတော့ဘူးဆိုတာ အစ်ကိုကြီးသိပါတယ် အစ်ကိုကြီးရယ်... ဒီထဲမှ သူက တံခွန်နဲ့ယမှာကို နိုးစပ်အောင် ဖန်တီးပေးလိုက်တယ်၊ လက်ထပ်ပေးပြီး သူ့အမွေတွေပါ ပေးဦးမတဲ့"

"အဲဒါ သူ့စိတ်နဲ့သူ့ကိုယ်ပဲ၊ အခုလို မင်းဖန်တီးတော့ရော မင်းရလာသလား"

"ရရ မရရ သူ့ကို မိ မုန်းတယ်၊ အေးအေးလေးနဲ့ ပါဝါပြသွားတာကို လုံးဝမခံနိုင်ဘူး၊ တံခွန်နဲ့ မှုမှုလွဲခဲ့တာ၊ ဒီမှာနဲ့တင်ပြီးသွားမှာ မဟုတ်ဘူး အစ်ကိုကြီးရဲ့၊ သိလား... မိတို့ ကြိုးစားကြံစည်ခဲ့သမျှ သူက တံခွန့်ကို ဖွင့်ချပြောနေတာ မိနားနဲ့ ကြားရတာ၊ ဒါတွေ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ"

ဒေါ်မိမိ ဦးသက်ထက်ပိုင်၏ အင်္ကျီလက်မောင်းစနစ်ဖက်ကို ဆုပ်ဆွဲကာ

"ကလေးတွေရဲ့မိခင်နေရာမှာ အစ်ကိုကြီး ဝင်စာနာပေးစမ်းပါ၊ ငါ့ညီမကိုသတ်တဲ့ တရားခံတစ်ယောက်အနေနဲ့ မကြည့်ဘဲ ငါ့သမီးတွေအတွက် သူ့မအေ ကြိုးစားရှာတာပါလားလို့ မြင်ကြည့်စမ်းပါ၊ မိ မှားသလား အစ်ကိုကြီး၊ ဟင်... မိ ဒီအိမ်မှာ ခွေးတစ်ကောင်လို မာန်ဖီနေခဲ့ရတာပဲ ရှိတာပါ၊ မိမှာ နာမည်ဆိုးကြီး





ကျန်ခဲ့တာပဲ အဖတ်တင်တာပါ အစ်ကိုကြီးရယ်၊ နောက်ဆုံးတော့ မိရှေ့မှာ ကျန်ခဲ့တာတွေက အရှိုးအရင်းတွေချည်းပါ"

ဒေါ်မိမိ ရူးမတတ် ခံစားနေရရှာတာကိုလည်း သိရလျက်၊ တစ်ဖက်ကလည်း ညီမတစ်ယောက်လုံးကို လုပ်ကြံထားသည်ဆိုတဲ့ အသိကိုဖျောက်လို့မရနိုင်သည့် ဦးသက်ထက်ပိုင် အကြိတ်နေမိသည်မှလွဲ၍ ဘယ်သူ့ကို ဘယ်လိုပေါက်ကွဲရမှန်း မသိ။

"အစ်ကိုကြီး"

ဒေါ်မိမိ လက်တွေတုန်နေရှာသည်။

"မိ... မိ အဖမ်းမခံပါရစေနဲ့ အစ်ကိုကြီးရယ်၊ ဒီကိစ္စကို ကိုကြီးသမီးနဲ့ အစ်ကိုကြီး ရအောင်ဆွေးနွေးပေးပါနော်၊ မိ တောင်းပန်ပါတယ်"

"မရတော့ဘူးကွ၊ မင်း ဒါတွေ အစက မသိခဲ့ဘူးလား၊ မတွေးမိဘူးလား၊ သူများကိုသတ်ရင် ကိုယ့်ကိုသတ်မှာပဲ၊ ဥပဒေကို ဘယ်တော့မှလှည့်စားလို့မရဘူး၊ မင်းမို့ကွာ..."

"ထပ်... ထပ်ပြီး အပြစ်တင်နေတာနဲ့ပဲ မိအပြစ်က ပျောက်သွားမှာလား၊ မိကို အစ်ကိုကြီးကိုယ်တိုင်က ညီမကိုသတ်တယ်ဆိုပြီး ထောင်ထဲပို့ချင်နေတာလားဟင်"

"စိတ်တော့ကောင်းနိုင်ပါ့မလား မိရယ်၊ မင်း တွေးကြည့်စမ်းပါ၊ ဒါပေမယ့် မင်းကို ထောင်ထဲပို့ရလောက်အောင် ငါ မပြတ်



www.burmeseclassic.com

www.burmeseclassic.com

သွားပါဘူး"

"ဒါဆိုရင် အစ်ကိုကြီးရယ်"

"မင်းကို ထောင်ထဲပို့မှာက ငါမဟုတ်ဘူး၊ ဒီကိစ္စကို ငါ့မှာ ဖန်တီးခွင့်ဘာမှမရှိဘူး"

"ယမာက အစ်ကိုကြီးသမီးပဲ၊ သူ့ အစ်ကိုကြီးအတွက်ဆို အစစ အရာရာ လိုက်လျောပေးတတ်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ကြိုးစားပေးပါဦး၊ မိ အဖမ်းခံရမှာကြောက်တာထက် မိ ထောင်ထဲရောက်သွားရင် မိရဲ့သမီးတွေ နာမည်ပျက်၊ သိက္ခာတွေ ကျပြီး ခွေးဖြစ်ကုန်ကြမှာ၊ အဲဒါ အစ်ကိုကြီးသမီးတွေပါ အစ်ကိုကြီးရယ်၊ အဖေတစ်ယောက်အနေနဲ့ အစ်ကိုကြီး မကာကွယ်တော့ဘူး လားဟင်"

ဦးသက်ထက်ပိုင် ဘာပြော၍ ဘာလုပ်ရမှန်းမသိနိုင်တော့ဘဲ တောင့်တောင့်ကြီးဖြစ်နေတော့သည်။

"တကယ်ဆို မိလုပ်ခဲ့တာ သူ့ဟာသူ ပြီးပြီးသား၊ မိသူ့ဇာ ဂြိုလ်မွှေတာ"

အလောင်းကို အိမ်ကမထုတ်ဖြစ်မီ ယမာရောက်လာ၍ ပြဿနာတက်ရသည်ဟု ဒေါ်မိမိ တွေးမိနေသည်။

"ယမာ့ကို မင်း လျှော့တွက်လှချေလား မိမိ၊ မေ့အလောင်း မီးသဂြိုဟ်စက်ထဲရောက်သွားတာတောင် သူမသင်္ကာရင် အဲဒီပြာထဲ

သစ္စာမွန်စာပေ



လိုက်ပြဿနာရှာမှာပဲ၊ အေးလေ... ဒီလိုလျှော့တွက်ခဲ့လို့လည်း မင်း ခုလို ကျူးလွန်ဝံ့တာပေါ့၊ ဥပဒေရှိတဲ့နေရာမှာ လူတစ်ယောက်ကို မကျေနပ်တိုင်းသတ်လို့ရနေရင် မင်း သူများကို မသတ်ခင် မင်းကို သူများက လာသတ်သွားမှာပေါ့၊ မင်းမုန်းတဲ့လူရှိသလို မင်းကိုမုန်းတဲ့လူလည်း ရှိမှာပဲ မဟုတ်ဘူးလား"

တစိမ့်စိမ့်တွေးတိုင်း တဖြည်းဖြည်း ပြေးပေါက်ကျဉ်းလာသလို ခံစားရရင်း ဒေါ်မိမိ ခြောက်ခြားလာသည်။

"မိ... မိမခံနိုင်ဘူး၊ မိ အဖမ်းမခံနိုင်ဘူး အစ်ကိုကြီး၊ အစ်ကိုကြီးသမီးကို အစ်ကိုကြီးလည်း မတတ်နိုင်တော့ဘူးဆိုရင် မိမှာ အားကိုးစရာမရှိတော့ဘူးပေါ့"

"ဟာ... မိ... မိမိ မလုပ်နဲ့လေ"

ကန်တော်ကြီးရေပြင်ဘက်သို့ တအားပြေးဆင်းသွားသည့် ဒေါ်မိမိကို ဦးသက်ထက်ပိုင် အသည်းအသန် လိုက်ဆွဲထားလျက်...

"ဘယ်လိုဖြစ်တာလဲ မိမိ၊ မင်း လုပ်တန်းက လုပ်ခဲ့ပြီးမှ ကျန်တဲ့လူတွေကို တစ်ပူက နှစ်ပူဆင့်အောင် လုပ်ချင်သေးလို့လား"

ဓါတုဗေဒဌာနက ပြန်လာလာခြင်း စစ်ဆေးတွေ့ရှိချက်ထဲက result အပေါ် တအံ့တသြ ခံစားနေရလျက်၊ ဒေါသတွေလည်း ဖြစ်ရကာ ဒေါ်မိမိကို ကန်တော်ကြီးစောင်း လူရှင်းတဲ့နေရာဆီ ခေါ်ချလာ၍ မေးနေခဲ့ခြင်း ဖြစ်ပါသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဒေါ်မိမိ ဝန်လည်းဝန်ခံ၍ အကြောက်ကြီးကာ ကန်တော်ကြီးရေထဲ ခုန်ချကာ အဆုံးစီရင်ဖို့ ကြိုးစားရှန်းကန်နေတော့သည်။

ဦးသက်ထက်ပိုင် ကြေကွဲရှုပ်ထွေးခြင်းများနှင့် ဘာကို ဘယ်လိုဆုံးဖြတ်ရမှန်းမသိ။

ဒေါ်မိမိနှင့် သမီးနှစ်ယောက် ဘဝမပျက်ရအောင် သူ့ဘက်က ဘယ်လိုကာကွယ်နိုင်မလဲ…

သူ့ဘက်က ဘာလုပ်ခွင့်ရှိသေးလဲ…

ဒေါ်မိမိကို ချုပ်နှောင်ဖက်တွယ်ထားလျက် သူ အထပ်ထပ်စဉ်းစားသည်။

အဖြေသည် တစ်ခုတည်း…





"ဘာ… ဒယ်ဒီ၊ ဒယ်ဒီ ဘာပြောလိုက်တယ်"

"ဟုတ်တယ် သမီး၊ မေ… မေ့ကို ဒယ်ဒီ… ဒယ်ဒီ လုပ်ကြံလိုက်မိတာ"

ယမာ ဖျတ်ခနဲ ထရပ်လိုက်သည်။

အံ့သြခြင်းမက အံ့သြနေသော မျက်ဝန်းတို့က ဦးသက်ထက်ပိုင်ရဲ့ မျက်နှာပေါ်မှာ စူးစူးရှရှ။

"ဒယ်ဒီ တီမေ့ကိုသတ်လိုက်တယ် ဟုတ်လား"

ဦးသက်ထက်ပိုင် မျက်နှာလွှဲလျက် ခေါင်းညိတ်သည်။

ယမာ ဆက်တီကြားထဲကနေ နောက်ပြန်ဆုတ်ထွက်၍ ဆက်တီနောက်မှီမှာ ပြန်ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး၊ ဒါ လုံးဝမဖြစ်နိုင်ဘူး၊ ဒယ်ဒီ တီမေ့ကိုသတ်ရလောက်အောင် ဘယ်လိုအမုန်းတွေရှိနေလို့လဲ၊ ပြီးတော့ ဒါဟာ ဒေါသအလျောက်ဖြစ်ခဲ့တဲ့ ကျူးလွန်မှုမဟုတ်ဘူး၊ သွေးအေးအေးနဲ့ ရက်ရက်စက်စက် လုပ်ကြံတာ"

ပြောရင်း ယမာ့မျက်ဝန်းတွေက အေးစက်သွားသည်။ ဦးသက်ထက်ပိုင်ကို စူးစူးစေ့စေ့ကြည့်၏။

"ဒယ်ဒီ... ဒယ်ဒီ တကယ်သတ်တဲ့အကြောင်း ယမာ့ကို စေ့စေ့ကြည့် ပြောပေးပါ၊ ယမာ့ကိုကြည့်ပြီး ဝန်ခံပါ ဒယ်ဒီ"

ဦးသက်ထက်ပိုင် ဖျတ်ခနဲကြည့်လိုက်ပြီးမှ မျက်နှာ ပြန်လွှဲကာ ရုတ်တရက် စကားမဆိုနိုင်။

ယမာ သဘောပေါက်သွားသည်။

"လိမ်ညာရမှာကိုတောင် ဒီလောက်တုန်လှုပ်နေတဲ့ ဒယ်ဒီဟာ တီမေ့ကိုသတ်တယ်တဲ့လား"

ဦးသက်ထက်ပိုင် ဖျတ်ခနဲ မော့လာပြန်သည်။

"တကယ်ပါ သမီးရယ်၊ ဒယ်ဒီ့ကို သူ မလေးမစား မဖွယ်မရာ ခံပြောတယ်၊ ပြီးတော့ သမီးနဲ့ပတ်သက်တဲ့ အမွေကိစ္စကို မူမူတို့အတွက် လုံးဝထည့်မစဉ်းစားဘဲ ဖွတ်စီစဉ်မယ်လုပ်နေလို့ ဒယ်ဒီ... ဒယ်ဒီ အားလုံးကိစ္စအေးသွားအောင် ကြံစည်လိုက်မိတာပါ၊ ဒါကြောင့် အစကတည်းက အမှုမဖွင့်ဖို့ သမီးကို ဒယ်ဒီ



အမျိုးမျိုး တောင်းပန်ခဲ့တာပေါ့၊ ဖအေအရင်းခေါက်ခေါက်ကို သမီးလုပ်သူက တရားစွဲတယ်ဆိုတာ အရုပ်တကာ ကြားလို့မသင့်တော်ပါဘူး သမီးရယ်၊ ဒယ်ဒီ့ဂုဏ်သိက္ခာ၊ ဒယ်ဒီ့ဘဝ အားလုံး ရေစုန်မျောကုန်အောင် မလုပ်လိုက်ပါနဲ့သမီးရယ်၊ ဒယ်ဒီ တောင်းပန်ပါတယ်"

ယမာ ဦးသက်ထက်ပိုင်ကို ကျောခိုင်းပစ်လိုက်သည်။

နှုတ်ခမ်းလှလှလေးမှာ နာကျင်ကြေကွဲသော လှုပ်ခတ်ခြင်းတို့ ဝေသီလျက် ခနဲပြုံးအပြင် မဲ့ကျသွားသည်။

ယုတ္တိရှိအောင် ဒယ်ဒီ မလိမ်တတ်သေးပါလား...

"ဒယ်ဒီ"

တဖြည်းဖြည်း ပြန်လှည့်ကြည့်၍ ယမာ့ခေါ်သံက ယတိပြတ်...

ဆုံးဖြတ်သားဟန်များနှင့်...

"အဖေပဲဖြစ်ဖြစ်၊ အစ်ကိုပဲဖြစ်ဖြစ်၊ ဥပဒေဟာ ဥပဒေပဲ၊ ယမာကတော့ လုပ်သင့်တာကို လုပ်မှာပါပဲ၊ အဲဒီတော့ ဒယ်ဒီ စဉ်းစားပါ၊ အမှုအခင်းဖြစ်လာရင် သတ်ပါတယ်လို့ ဝန်ခံတဲ့သူမပြောနဲ့၊ မသင်္ကာဖြစ်ဖွယ်ရှိတဲ့လူကိုတောင် အားလုံးကို ဖမ်းချုပ်ထားခွင့်ရှိတယ်၊ ဒယ်ဒီ အခု ယမာ့ရှေ့မှာပြောနေတဲ့စကားမျိုး တစ်ယောက်ယောက်ရှေ့မှာ သွားပြောမိမယ်ဆိုရင် ဒယ်ဒီရဲ့ ခုလို လွတ်လပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားခွင့်တွေအားလုံး ဆုံးရှုံးကုန်မှာပဲ"

"ဒယ်ဒီ တကယ်..."

"တကယ်ကျူးလွန်ခဲ့တာ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ရဲဘက်ကတော့ မသက်သေမှန်သမျှ အားလုံးကို ဆွဲသွင်းမှာပဲ၊ အားလုံးပြီးသွားရင်တော့ အမှန်တရားကို ဘာနဲ့မှဖုံးထားလို့မရပါဘူး ဒယ်ဒီ၊ ဒယ်ဒီ့မိန်းမအတွက် ဘယ်လောက်ပဲ စွန့်လွှတ်အနစ်နာခံချင်နေနေ၊ ဒယ်ဒီ့မေတ္တာ စေတနာတွေကို မှတ်တမ်းတင်ပေးထားမှာ မဟုတ်ဘူး၊ ထွက်လာမယ့်အဖြေက အမှန်တရားအတိုင်းပဲ ထွက်လာမှာပဲ"

"ဒီအမှုကို သမီးကသာ စခန်းမှာ အမှုမဖွင့်ဘူးဆိုရင် အားလုံးက ပြီးသွားမှာပါ သမီးရယ်၊ ဒယ်ဒီ့ကို မငဲ့ညှာနိုင်ဘူးလားကွယ်"

"ဒယ်ဒီနဲ့မဆိုင်ပါဘူး ဒယ်ဒီ၊ ဒယ်ဒီ ခုလို မားခုတ်ရာ လက်လွှဲပြီး မိန်းမအပြစ်ကို ပခုံးပြောင်းယူရလောက်အောင် တရားခံအပေါ် စေတနာထားနေတာ ယမာ ရင်နာတယ်၊ လုပ်ကြံခံလိုက်ရတဲ့သူက ဒယ်ဒီ့ညီမ မဟုတ်ဘူးလား"

"တကယ့်ကို ဒယ်ဒီသတ်ခဲ့မိတာပါ သမီးရယ်"

"တော်ပြီ ဒယ်ဒီ၊ ဒယ်ဒီသတ်ကယ်ဆိုလည်း ယမာ တရားစွဲရမှာပဲ၊ ဒီအမှုကို အစအဆုံး ယမာလိုက်မယ်၊ ရအောင်





ဖော်မယ်၊ တရားခံကို ထိုက်ထိုက်တန်တန် အပြစ်ပေးနိုင်အောင် ကြိုးစားမယ်"

ဦးသက်ထက်မိုင် ဆတ်ခနဲ ထရပ်လိုက်သည်။

"ကောင်းပြီလေ၊ တရားခွင်မှာ သမီးက ဖအေကို တရားစွဲပြီး စစ်ချက်ယူမယ့်အဖြစ်တစ်ခု ရာဇဝင်တွင်သွားတာပေါ့"

ယမာ နှုတ်ခမ်းလေး တင်းတင်းစေ့ထားသည်။

"သမီး ဒယ့်ဒီကို ဒီနည်းနဲ့ မွေးကျေးရှူးဆပ်လိုက်တာ ဒယ်ဒီ့အတွက် အမှတ်တရဖြစ်သွားတာပေါ့"

"မြားဦးက ပစ်မှတ်ဆီကိုပဲ တည့်တည့်သွားတာပါ ဒယ်ဒီ၊ မြားဦးရှေ့မှာ ရင်ဖွင့်ပြီး တည့်တည့်ပြေးရပ်တာ ... ဒယ်ဒီပါ၊ အဲဒီအတွက် ယမာ့မှာ အပြစ်မရှိဘူးလို့ ထင်ပါတယ်"

ယမာက ဦးသက်ထက်မိုင်ကို မျက်ရည်ဝေသော မျက်လုံးတို့ဖြင့် ငေးကြည့်ကာ...

"ဒယ်ဒီလည်း ဒယ်ဒီ့သံယောဇဉ်နောက်ကို ဒယ်ဒီလိုက်သလို ယမာကလည်း အမှန်တရားနောက်ကို လိုက်မှာပဲ၊ အဆုံးအဖြတ် တစ်ခုခုထွက်မလာခင်အချိန်ထိတော့ ပဋိပက္ခကြားမှာ ရှိနေကြလိမ့်မယ်၊ ဒီအတွက် ယမာ့ကို ခွင့်လွှတ်ပါ"

ယမာ ဒယ်ဒီ့ရှေ့က ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဦးသက်ထက်မိုင် မျက်လုံးပြူးကြီးနှင့် ရပ်ကျန်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ လုံးဝ ထင်ထားခဲ့သည်။

သမီးဟာ သူသတ်တာပါလို့ ပြောလိုက်တာနှင့် ထိတ်ထိတ်ပျာပျာဖြစ်ကာ အမှုဖွင့်ဖို့ကို လုံးဝစိတ်ကူးတော့မှာ မဟုတ်ဟု။

ခုတော့...

ယမာ့ရဲ့ပါးနပ်မှုကို အထင်ကြီးအံ့ဩရရင်း ကြိတ်မနိုင်ခဲမရ ဒေါ်သတို့သည်လည်း...

❋❋❋



ဒေါ်မိမိ ခိုဖာထက်မှ ဆတ်ခနဲထရပ်လိုက်တာ ပုံပျက်ပန်းပျက်...

"မာမီ"

မှုမှုသွင်က ကမန်းကတန်းဆွဲ၍ ပြန်ထိုင်ခိုင်းရသည်။

ဦးသက်ထက်ပိုင် ရင်တွင်းမှ ပူပြင်းသောအရှိန်က အာခေါင်တွေ ခြောက်ကပ်အက်ကွဲတော့မတတ် နာကျင်လာကာ တုန်ရင်သွားသော လက်တို့ကို မသိမသာ လက်သီးဆုပ်ထားရ၏။

ရှေ့ဆုံးက ဝင်လာသူတွေက ဒုရဲအုပ်နှင့် အမှုစစ်အရာရှိ...

နောက်က ယူနီဖောင်းအပြည့်နှင့် ရဲလေးယောက်...

နောက်ဆုံးက ယမာ...

"ကျွန်တော်တို့ ဒေါ်ယဉ်မေပိုင်သေဆုံးခဲ့တဲ့ အမှုအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်တဲ့ ဓာတုဗေဒစစ်ချက်အရ လာခဲ့တာပါ"

ဒုရဲအုပ်က အဆင်သင့်တွေ့ရသော ဦးသက်ထက်ပိုင်တို့ မိသားစုကို ဝေ့ကြည့်၍ ဝင်ဝင်ချင်း ပြောလိုက်သည်။

"ထိုင်... ထိုင်ပါခင်ဗျာ"

ဦးသက်ထက်ပိုင် အသံကိုထိန်း၍ ပြောသည်။

"သူဟာသူ အစားအသောက်များပြီး ရှော့ခ်ဖြစ်ပြီးဆုံးတာကို ဘာအကြောင်းရှိသေးလို့ လာကြတာလဲ၊ မိတ္တိနဲ့ ဘာဆိုင်လို့လဲ"

ဒေါ်မိမိက လေသံမာမာနှင့် ဝင်ပြောသည်။

အမှုစစ်အရာရှိက မျက်မှောင်ကုတ်ကြည့်၏။

"အစာအဆိပ်သင့်တာ မဟုတ်ပါဘူး၊ စစ်ဆေးတွေ့ရှိချက်က ဒါဟာ တမင်ကြံစည်မှုပါ၊ ကျွန်တော်တို့ ဒီတစ်အိမ်သားလုံးကို စစ်ဆေးရမှာ ဖြစ်ပါတယ်၊ အားလုံး စခန်းလိုက်ခဲ့ကြပါ"

"ဘာ..."

"ခင်ဗျာ... တစ်အိမ်သားလုံး"

"ဟုတ်ပါတယ်၊ လောလောဆယ် သေဆုံးသွားသူနဲ့ ပတ်သက်သမျှ သဲလွန်စက တစ်ခုခုရဖို့အတွက် ဒီအိမ်မှာ ကျွန်တော်တို့ ရှာဖွေရပါလိမ့်မယ်"

"အို... ဒါ သက်သက်ကြံစည်တာ၊ ယမာ... ညည်း..."

သစ္စာမွန်စာပေ



ညည်း ငါတို့ကို မုန်းမုန်းနဲ့ တမင်သိက္ခာတွေကျ၊ အရှက်ကွဲအောင် လုပ်လိုက်တာပေါ့လေ၊ ညည်း ယုတ်မာလှချေလား၊ မရှာနဲ့... လုံးဝ အရှာမခံနိုင်ပါဘူး"

"ရှာလို့မရပါဘူး၊ ကျွန်တော်တို့မှာ ရှာဖွေခွင့်ပုံစံ အပြည့်အစုံပါလာပါတယ်၊ ဟော့... ဝင်ရှာစမ်း"

"ရှာကြပါဗျာ... ရှာပါ"

ဦးသက်ထက်ပိုင် ခေါင်းညိတ်၍ မျက်နှာကြီးရဲသွားသည်။

ယမာ အားလုံးကို စေ့စေ့ကြည့်၍ ဘာတစ်လုံးမှ ဝင်မပြောပေ။

အားလုံးရဲ့နောက်မှ အေးဆေးစွာ လိုက်ဝင်သွားကာ တီမေ့ အခန်းထဲကိုပဲ သူဝင်သွားမိသည်။

တီမေနဲ့ပတ်သက်သော အငွေ့အသက်တို့ ရိုက်ခတ်၍ မျက်ရည်က အိခနဲ ဝေတက်လာသည်။

ခါတိုင်းဆိုလျှင် ယမာ အခန်းထဲက ခုလိုဝင်လာတာ မြင်လိုက်သည်နှင့်...

"ဟယ်... သမီးလေး"

ဆိုတဲ့ အသံလေးနဲ့ ဝမ်းသာအားရ ကြိုဆိုရှာတဲ့ တီမေ... အခန်းရဲ့ထောင့်မှာ သခင်မဲ့နေသော ဗီးချပ်ကြီးက ရင်နင့်ဖွယ်...

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး မီးဖိုထဲကမကျွန် အားလုံးရှာဖွေသော်လည်း ဘာမှမတွေ့။

ယမာ မီးဖိုခန်းထဲလိုက်ဝင်သွားကာ သကြားပုလင်းတွေ၊ ဟောလစ်တွေ စီတန်းထားသည့် စင်နားလေး လျှောက်သွား၏။

အိုးခွက်ပန်းကန်ဗွေသာထားသည့် သုံးထပ်စင်မြင့်ကြီးရှေ့မှာ အကြာကြီးရပ်၍ စဉ်းစားနေဆဲ ခြေထောက်မှာ ဆစ်ခနဲဖြစ်သွားသဖြင့် ကပျာကယာ ခြေလှမ်းရှေ့ကာ ငုံ့ကြည့်လိုက်မိလျှင်…

"ဟင်…"

ဖျော့ရည်မွှေသော အမြီးရှည်နှင့် ဖွန်းလေးတစ်ချောင်း၊ ဖွန်းခွက်ရဲ့အပေါ်မှာ ပုရွက်ဆိတ်တွေ စုပြုံအုံခဲလျက် ကြမ်းပြင်မှာ ပုပုရွရွ ပြေးလွှားနေဆဲသော ပုရွက်ဆိတ်များ…

သူ့ခြေထောက်ကို ပုရွက်ဆိတ် ကိုက်လိုက်ခြင်းပါလား…

ယမာ ထိုင်ချကာ တန်းရဲ့အောက်ဖက်အကွယ်ထဲ ရောက်နေသော ဖွန်းကို သေသေချာချာ ငုံ့ကြည့်သည်။

နို့ရဲ့စုပုံ၍ သေနေသော ပုရွက်ဆိတ်တွေက မြင်မကောင်းပေ။

ယမာကိုင်ထားသည့် ပိုက်ဆံအိတ်လေးထဲက လက်ကိုင်ဝဝါကို ထုတ်ယူကာ ဖွန်းကို ဖွဖွလေးအုပ်၍ ကောက်ယူလိုက်သည်။



ဆုပ်ကိုင်ဖတ်ပြလို့မရနိုင်ပေမယ့် သိနေပြီးသောကိစ္စအတွက် ဖွန်းကိုကောက်ယူလိုက်ရင်း မျက်ရည်စက်တို့ ဆင်းကျလာလေသည်။

ဒါဟာ တီမေ့ကို သေစေခဲ့တဲ့ လက်နက်တစ်ခု…

ယမာ အပြင်ထွက်လာခဲ့လျှင်…

"အိပ်ခန်းတစ်ခုထဲက ပရိုဗီတင်း ဆေးတစ်ထောင့်တွေ့တယ် ဆရာ"

ပြောင်လက်နေသော ဆေးတောင့်လေးကို လက်ကိုင်ပဝါပေါ်မှာ တင်လျက်သားနှင့် ရဲတစ်ယောက်က အားလုံးရှေ့မှာ ဖြန့်ပြသည်။

"ဒါက အားဆေးပဲ၊ ဘာဆိုင်လို့လဲ"

ဒေါ်မိမိအသံပဲ ထွက်လာသည်။

အမှုစစ်မျက်လုံးတွေ မှိုင်ကျဉ်းမြောင်းသွား၏။

ယမာ ဒယ်ဒီ့ကို ခပ်စူးစူး တစ်ချက်ကြည့်ကာ လက်ထဲမှာ ဆုပ်ကိုင်လာသည့် လက်ကိုင်ပဝါအထုပ်ကလေးကို အမှုစစ်လက်ထဲထည့်ပေးလိုက်သည်။

အမှုစစ်မျက်လုံးတို့က ခဏခဏ အသံထွက်လာတတ်သော ဒေါ်မိမိဆီ ဒိုင်းခနဲ ရောက်သွားသည်။

ဒေါ်မိမိ ထိုအရာကိုကြည့်၍ စကားတစ်လုံးမှ မဆိုနိုင်

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ယမာ့ထံ ပြန်မော့ကြည့်သော မျက်လုံးတို့သည် ရူးရူးရဲရဲ…

ယမာ အားလုံးကို ကျောခိုင်းလိုက်သည်။

ခြောက်ခြားပျက်ယွင်းနေသည့် ဒယ်ဒီ့မျက်နှာကိုလည်း မမြင်လိုတော့။

အားလုံးဟာ ကံတရားအတိုင်းသာ…





"ဟိတ်… ငိုင်လှချေလား၊ ဘာလဲ… အမှုကိစ္စတွေကြောင့်လား၊ ဟိုတစ်ယောက်နဲ့ ဝေးနေရလို့လား"

ယမာက မေရီလှမ်းပေးသည့် နွားနို့ပူပူထည့်ထားသော ကြွေပန်းကန်လုံးလေးကို လှမ်းယူလိုက်သည်။

"ပြောလေဟာ၊ ဘယ်သူ့အတွက်လဲ၊ ဘာကြောင့်လဲ၊ မျက်နှာကတော့ ဆွေးရိပ်သန်းနေတာ သေချာတယ်"

"ဟုတ်တယ်၊ သူ အနားမှာမရှိတော့ တစ်မျိုးတော့ တစ်မျိုးပဲ မေရီရယ်"

"တစ်ခုခုလိုနေသလိုပဲလား"

"အင်း… ဘယ်ဆိုကြီးမှန်း မသိဘူး၊ အမြဲတမ်း ကျိုသို့



www.burmeseclassic.com

www.burmeseclassic.com



မာနနဲ့ကိုယ် တစ်ယောက်တည်းနေတတ်အောင် ကြိုးစားထားခဲ့သမျှ ခုတော့ နွဲ့ချင်နေသလိုပဲ၊ သူမရှိတော့ ဟာတာတာနဲ့"

"သေချာပြီ"

"ဘာသေချာလဲ"

"နင် သူ့ကို အားကိုးမြတ်နိုးစွာ ချစ်ခင်စုံမက်နေတာပေါ့"

"ဟင်... ဒီလောက်ကြီးတော့ မဟုတ်နိုင်ပါဘူး၊ မိတ်ဆွေ ရင်းတစ်ယောက်လို အားကိုးစိတ်ဝင်လာမိတာမျိုး ဖြစ်မှာပါ"

"ဟဲ့... မိတ်ဆွေတစ်ယောက်လို နင့်မှာ မိတ်ဆွေ ယောက်ျားတွေ အများကြီးရှိတာပဲ၊ တရားသူကြီး ဦးနေသူရိန်ဆို... ဟဲ ဟဲ..."

"မေရီနော်"

မေရီက ပခုံးလေးကျုံ့၍ ချိတ်ထမီကို တင်းသည်ထက် တင်းအောင် ဆွဲဝတ်လိုက်သည်။

ပြီးတော့ လက်ကိုင်အိတ်နဲ့ ရွှေနေဝတ်စုံထည့်ထားသည့် အိတ်ကို ရောကိုင်ကာ ယမှာ့နဖူးလေးကို ငုံ့နမ်းသည်။

"ကဲ... သွားမယ်၊ တစ်ယောက်တည်းလွမ်းလို့ မျက်ရည် ကျမနေနဲ့နော်၊ ငါတိုက်ထားတဲ့ နွားနို့အရသာလေးကို မြုံ့ပြီး သာသာ လေး မှေးနေ၊ စိတ်ပင်မန်း၊ နှလုံးသားလေးပါ ပန်းပြီး တော်ကြာ ပစ်ထားတာကြာပြီဖြစ်တဲ့ ဥပဒေလျှောက်ထုံးလေးတွေပါ မေ့ကုန်





ဦးမယ်၊ သေချာပြန်ကြည့်ပြီး ကိုယ့်အမှုအတွက် ကိုယ် ကြိုးစားထား ဦး"

"အင်းပါ... သွားပါ"

"ဟိုက ဆယ့်ငါးရက်ကြာမယ် ပြောသွားတာ၊ ခုမှ ဆယ်ရက်ပဲရှိသေးတယ်"

"မေရီနော်... ဒါပဲပြောနေ"

"တူကနည်း... ချစ်ရဲ့တားနဲ့ ချက်နေရှန့်ဘိ"

"ကြည့်ပါလား"

မေရီက တခစ်ခစ်ရယ်ရင်း တိုက်တံခါးဝဆီ ပြေးထွက် သွားသည်။

"ဟောတော့"

မေရီ့အသံနှင့် ကားသံ တစ်ထပ်တည်းမို့ ယမှာ ခေါင်း လေး ထောင်သွားမိသည်။

"ပြောရင်း အသက်ရှည်ဦးမယ်"

မေရီက မချိုမချဉ်လေးပြော၍ ယမှာ့ဘက်လှည့်ကာ မျက်စိ မှိတ်ပြသည်။

တံခွန် ကားပေါ်ကဆင်းကာ နောက်ခန်းထဲမှာ ဘာတွေ ငုံ့ယူနေသည်မသိ။

"ကဲ... ယမှာရေ၊ မျှော်တဲ့လူတော့လာပြီ၊ တို့သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမေရီ… ခဏနေဦးလေ၊ ဒီမှာ လက်ဆောင်တွေ ပါတယ်"

မေရီက လှေခါးဆုံးအောင် ဆင်းချသွားပြီးမှ ပြန်လှည့်လာသည်။

"ဟုတ်လား… ကြည့်ချင်လိုက်တာ၊ ဒါပေမယ့် အချိန်မရတော့ဘူး၊ ရှုံးချိန်နီးနေပြီ ကိုတံခွန်ရဲ့၊ ယမာ့ဆီမှာပဲ ထားခဲ့လိုက်တော့နော်၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဟဲ ဟဲ…"

မေရီက ခပ်သွက်သွက်လေး လျှောက်ထွက်သွားသည်။

တံခွန်က အထုပ်တွေ မွေ့ရိုက်လျက် အခန်းထဲဝင်လာသည်။

"ယမာက ထွက်တောင်မကြိုဘူးကွာ၊ ရက်စက်တယ်"

"ဟင်"

သူပြောမှပဲ ယမာ ထွက်ကြိုသင့်မှန်း သတိရသည်။

ဘာဖြစ်လို့ ထွက်မကြိုမိပါလိမ့်။

သူ့အသံကြား၍ ယမာ ရှက်ရှက်နှင့် သတိမရမိတာ သေချာပါသည်။

ဒါပေမယ့် ရှင်းမပြရဲ…

"ဟို… ဟိုလေ… ယမာ… သိပ်နေမကောင်းလို့"

"ဟုတ်လား"





တံခွန်က ယမာ့မျက်နှာလေးကို ရူးစမ်းဟန်နှင့် စိုက်ကြည့်သည်။

"ပြီးတော့ ယမာ့ဘေးမှာ ထိုင်ချလိုက်ကာ…

"အရမ်းသတိရတာပဲ ယမာရယ်၊ ကိုယ် ဟိုမှာ ဆယ့်ငါးရက်ပြည့်အောင် ဘယ်လိုမှမနေနိုင်ဘူး၊ အဲဒါနဲ့ အလုပ်တွေကို လွှဲသင့်တာလွှဲ၊ လုပ်သင့်တာလုပ်ပေးခဲ့ပြီး လစ်ထွက်လာတာ"

"ဂျပန်မှာ ဂျပန်မချောချောလေးတွေ မတွေ့ခဲ့ဘူးလား"

"တွေ့တာပေါ့၊ ဂျပန်မတွေက ဘာလုပ်ရမှာလဲ"

တံခွန့်မျက်နှာမှာ အလိုမကျခြင်းတွေ ဖြတ်ပြေးသွားသည်။

"ယမာ"

"ဟင်"

"မင်းရော ကိုယ့်ကို သတိမရဘူးလား"

ယမာက ပြုံး၍ မျက်နှာလေး ငုံ့သွားသည်။

"မင်းမျက်နှာလေး ချောင်သွားတယ်၊ ကိုယ့်ကို သတိရလို့လား၊ တီမေ့ကိစ္စကြောင့်လား"

ယမာ သူ့ကို မော့ကြည့်သည်။

"နှစ်ခုစလုံး ပါပါတယ်"

"ကိုယ့်အတွက်ပါတယ်"

သူဆပ်မေးတော့ ယမာ့မျက်နှာလေး နီသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းလိုလို ဖြန့်ချထားတတ်သည့် ယမာ့ကျောပေါ်က ဆံပင်တွေကို တံခွန် တယုတယ ဆွဲယူ၍နမ်းသည်။

"အို… ခွန်ကလည်း"

"ကိုယ် ဟိုမှာတုန်းက ယမာ့ကိုတွေ့ရင်း အဖြေအတင်း တောင်းပြီး…"

တံခွန့်စကားက တိုးရှသွားကာ….

"ဟို… ဒါပေမယ့် မျက်နှာလေးမြင်တော့ မလုပ်ရက်ဘူး၊ မင်းကို ကိုယ် အဲဒီလောက်ချစ်တာ သိလား၊ မြတ်မြတ်နိုးနိုး တန်ဖိုးထားတာ၊ ဝေးနေလေ ပိုပြီးချစ်မှန်းသိလေ၊ အစားထိုးနိုင်ဖို့ နေနေသာသာ ဒီပြင်မိန်းကလေးတွေမြင်တိုင်း မင်းမဟုတ်ပါလားလို့ ဆိုပြီး ဒေါသဖြစ်မိတယ်၊ မင်း ကိုယ့်ကို နည်းနည်းလေးမှာ ချစ်ဖို့ မစဉ်းစားဘူးလားဟင်"

တံခွန်က ယမာ့ဆံပင်တွေကို ဒုတိယအကြိမ် နမ်းရှိုက်လိုက်ပြီး ကျောပြင်လေးပေါ် အသာပြန်တင်ပေးသည်။

ဒါလေးကိုပဲ အရှက်သည်းနေရှာသည့် ချစ်သူလေးကို သူ့မှာ ငုံ့တကြည့်ကြည့်…

"ယမာ"

ယမာက ဘေးတိုက်လေး ငဲ့ကြည့်သည်။

"ယမာ စိတ်ဆင်းရဲနေတဲ့အချိန်မို့ ကိုယ် အဖြေမတောင်း





ရက်ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ပြောချင်တယ်"

"ပြောလေ"

"မင်း ဒီလိုတိုက်ကြီးတစ်လုံးထဲမှာ တစ်ယောက်တည်း မနေပါနဲ့"

"မေရီ လာနေပါတယ်"

"သူနေပေမယ့် သူ့မှာလည်း မိဘနဲ့၊ မိသားစုနဲ့၊ ပြန်တဲ့အခါ ပြန်တာပဲ၊ ကိုယ် ဂျပန်မှာနေရင်း ရင်ပူနေရတာ အဲဒါပဲ၊ ခုလည်း အဲဒီကိစ္စပြောချင်လွန်းလို့ အိမ်ကိုတောင်မရောက်သေးဘူး၊ လေယာဉ်ကွင်းကနေ ဒီကိုတန်းလာတာ"

တံခွန်က ယမာ့လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်သည်။

"ဒီတိုက်မှာပဲ ယမာနေမယ်ဆိုရင် ကောင်မလေးနှစ်ယောက်နဲ့ ကားတစ်စီး ကိုယ်ထားပေးမယ်၊ ကားအတွက် ဒရိုင်ဘာ ဦးလေးထွန်း ပါလာမယ်၊ အိမ်မှာ စောင့်ရှောက်နိုင်တယ်လေ"

"အဲဒီ အစောင့်အရှောက်တွေ ယမာ မလိုချင်ဘူးခွန်၊ ပြီးတော့ ခွန်နဲ့ ယမာက ဘာမှ…"

"ဘယ်သောအခါမှ ဘာမှဆိုင်ခွင့်မရှိရဘူးလို့ မင်း ဆုံးဖြတ်ထားတာလား ယမာ၊ ကိုယ်က မင်းအတွက် ဘာမှမဆိုင်သလို နေပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးခွန်၊ အဲဒီကျမှ ခွန်ကြိုက်သလိုစီစဉ်ပါ၊ ခုနေ ဆိုရင် ဘာမှမဆိုင်ကြသေးဘဲနဲ့ ယမာ့ကို သူများတွေပြောစရာ ဖြစ်ကုန်မှာပေါ့၊ ပြီးတော့ ဒီတိုက်ကြီးက ယမာမပိုင်တော့ဘူး၊ ဒယ်ဒီ ပေါင်ထားတာ ကြာပြီ၊ မကြာခင် ယမာ ဆင်းပေးရတော့မှာ"

"ဘယ်တော့မှ ဆင်းပေးစရာမလိုဘူး၊ ဒီတိုက်ကို ယူထားတာ ကိုယ်ပဲ၊ အဲဒါလည်း အပေါင်ခံထားတာ မဟုတ်ဘူး၊ သူ ကိုယ့်ကိုလျော်ရမယ့် ရှယ်ယာအတွက် ဒီတိုက်နဲ့ခြံဂရန် လာထိုးပေး ထားလို့ ကိုယ်ယူထားရတာ"

"ဟင်..."

ယမာ တအံ့တဩ လှည့်ကြည့်သည်။

"အဲဒီတုန်းက မင်းနဲ့ဒီတိုက်ကို ကိုယ် လုံးဝတွဲမသိခဲ့ဘူး၊ ပိုင်ရှင်ဟောနဲ့မင်းရဲ့ ပတ်သက်မှုကို ကိုယ်ဘာမှမသိခဲ့ဘူးလေ"

"ဒါ... ဒါဆို... ဒီတိုက်ကို ခွန့်ဆီမှာ"

"ဟုတ်တယ်၊ အဲဒါတွေ မေ့ထားလိုက်တော့ကွာ၊ အခု ကိုယ်ပြောတဲ့ကိစ္စ မင်းစဉ်းစား၊ မင်း ကိုယ့်ကို လက်ထပ်ဖို့အထိ တကယ်ရည်ရွယ်ထားတာမှန်ရင် ကိုယ့်အစီအစဉ်ကို လက်ခံမှဖြစ် မယ်"

တံခွန်ပိုင်သည့်တိုက်ပေါ်မှာ နေရတာပါလားဆိုသည့် အတွေးနှင့် ယမာ ရှက်သလိုလို မခံချင်ဖြစ်မိသလိုလို...





"ယမာ... မင်း ဘာတွေတွေးနေတာလဲ၊ ဒီကိစ္စကို ကိုယ်က မဖြစ်လို့ပြောပြတာ၊ ဒါကိုဖွင့်ပြောပြီး မင်းအပေါ် ချုပ်နှောင်ဖို့ မစီအစဉ်မရှိခဲ့ဘူးနော်၊ မလိုအပ်ဘဲနဲ့ ဘယ်တော့မှမပြော တော့ဘူးလို့လည်း ဆုံးဖြတ်ပြီးသား"

ယမာ မျက်နှာလွှဲထားတာကို တံခွန် အားမလို အားမရ ဖြစ်နေမိသည်။

"ယမာ... ကိုယ့်ကိုကြည့်စမ်းပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်ကို မကြည်မလင်ဖြစ်သွားတာလား"

ယမာ သူ့ကိုမကြည့်ပေမယ့် မျက်နှာမော့လာသည်။

"စိတ်ထဲမှာ နည်းနည်း ကသိကအောင့်ဖြစ်သွားတာ တော့ အမှန်ပဲ"

"မင်းကို ကိုယ်စချစ်ခဲ့ကတည်းက မင်းဘက္ကကရော၊ ကိုယ့်ဘက်ကရော ဘာမှအဆောင်အယောင် စည်းစိမ်မှမပါဘူး ယမာ၊ ယမာဆိုတဲ့ မိန်းကလေးကိုပဲ ချစ်ခဲ့တာ၊ သူ့မိဘ၊ သူ့အသိုင်း အဝိုင်းဆိုတာကိုလည်း ကိုယ် လုံးဝစိတ်မဝင်စားခဲ့ဘူး၊ အခု ဒီကိစ္စ တွေ ကိုယ့်ရဲ့စီးပွားရေးပိုင်းနဲ့ ပတ်သက်တဲ့ အခြားအကြောင်းတွေပဲ၊ ဒါတွေနဲ့ မင်း ကိုယ့်ကို ရောမပစ်ပါနဲ့"

ယမာ တွန့်ချိုးထားသော မျက်ခုံးလှလှလေးနှစ်ဖက်ကို မပြေဘဲ တစ်ဖက်ပြန်လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယမှာ"

"အို… ဘယ်လိုလုပ်တာလဲ"

တံခွန်က ယမှာ့လက်မောင်းလေးနှစ်ဖက်ကို လွှတ်မပေးဘဲ ခပ်တင်းတင်း ဖိကိုင်ထားသည်။

"ကိုယ့်ကို အဲဒီလိုမျက်နှာမျိုးနဲ့ မဆက်ဆံပါနဲ့ ယမှာ၊ မင်းနဲ့ပတ်သက်လို့ ကိုယ့်ဘက်က နည်းနည်းမှ အတိမ်းအစောင်း မခံနိုင်ဘူး၊ မင်း ဘာဖြစ်ချင်သလဲ ပြော"

"ယမှာ့ကို လွှတ်ပါ"

"ကိုယ်မေးတာကို ဖြေလေ"

ယမှာ့မျက်နှာလေး လွှဲလိုက်လျှင် ဆံပင်ရှည်တွေက တံခွန့် လက်ခုံနှင့် လက်မောင်းတွေပေါ် အိကျလာသည်။

"ရှင့်ကို မကျေနပ်စရာ ဘာမှမရှိပါဘူး၊ ဒီခြံနဲ့တိုက်ကို ရှင်မယူလည်း သူများယူသွားမှာပဲ"

"ဒါဆို မင်း ခုနကဖြစ်သွားတဲ့ တစ်ခုခုက ဘာလဲ"

"ရှက်သလိုလိုတော့ ဖြစ်မိတယ်၊ အဲဒါ ပြောမပြတတ်ဘူး"

တံခွန် လက်ကို အသာပြေချကာ လက်ဖဝါးလေး တစ်ဖက်ကိုတော့ ဆုပ်ကိုင်ထားသေးသည်။

"ဒါဖြင့် ပြောထားတဲ့ကိစ္စ ပြန်ဖ ်က်မယ်"





"မဆက်ပါနဲ့၊ အဲဒါ ယမှာ လက်မခံချင်ဘူး၊ ဘာမှမဆိုင် ကြသေးဘဲနဲ့ ဒီလိုမဖြစ်သင့်ဘူးလို့ထင်တယ်"

"ဒါဆိုလည်း ဆိုင်လိုက်မယ်ကွာ၊ မင်းနဲ့ကိုယ် သက်ထပ် မယ်"

"အို… မဟုတ်တာ"

"စေ့စပ်ထားမယ်"

"ဟင့်အင်း"

"ဘာမှမလုပ်ချင်လည်း ကိုယ်ထားပေးသလိုနေကွာ"

"ဘယ်ကောင်းမလဲ"

"ယမှာနော်… မင်း ငါ့ကို ဘောတိုက်လုပ်မနေနဲ့"

တံခွန်က စိတ်တိုလာလျှင် ကိုယ်အစား ငါဖြစ်လာတတ် သူ…

ယမှာက ခပ်ကျိတ်ကျိတ်လေး ပြုံးသည်။

"ရှေ့ကလည်းမသွားဘူး၊ နောက်ကလည်း မလိုက်ချင် ဘူး၊ ငါ အသည်းယားလာအောင် မင်းမလုပ်နဲ့၊ တစ်ခါတည်း ကားပေါ်ဆွဲတင်သွားပစ်လိုက်မယ် သိလား၊ ဒီမှာ ခရီးသွားက ပြန်လာပြီး အမောမပြေဘူး"

"သံပုရာရည်ဖျော်တိုက်မယ်လေ"

"မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ယမာ ပြုံးစစလေး စောင်းကြည့်ပြောတော့ တံခွန်ရင်ထဲမှာ ယားကျိကျိဖြစ်လာလျက် ယမာ့ကိုယ်လုံးလေးကို ဆွဲဖက်ထားလိုက်သည်။

"ဟာ… ဘာလုပ်တာလဲ၊ ခွန်… လွှတ်ကွာ"

"မလွှတ်ဘူး"

"စိတ်ဆိုးပစ်လိုက်မှာ သိလား"

"ရှက်တာနဲ့ စိတ်ဆိုးတာ တခြားစီပါကွာ၊ မထူးတော့ဘူး၊ မင်းဆီက ချစ်တဲ့အဖြေမရရင် လုံးဝမလွှတ်ဘူး၊ စိတ်ဆိုးရင် ပြန်ချစ်လိုက်"

ယမာ ရင်တွေတအားခုန်လျက် သူ့ရဲ့ဖက်တွယ်ထားမှုထဲမှာ လှိုက်မောလာသည်။

"ယမာ…"

"… …"

"မထူးဘူးလား၊ ဒီတစ်ခါ ထပ်အသည်းယားရင် ကိုယ်နမ်းပစ်မှာနော်"

"ခွန်နော်… လူကို အတင်းချုပ်နှောင်ပြီး အဖြေတောင်းရလား… လွှတ်"

"တစ်ခါတလေ ဒီလိုပဲ ကြမ်းသင့်ရင် ကြမ်းရတယ်၊ ချော့နေရင် ချစ်တယ်ဆိုတဲ့စကားက ခုန်ပေါက်ထွက်လာမှာ မဟုတ်





ဘူး"

"ခုန်ပေါက်ထွက်လာတာကို လိုချင်တယ်ပေါ့"

"လိုချင်တယ်၊ ချစ်တယ်ဆိုရင်ပြီးရော၊ ခုန်ပေါက်ပဲထွက်ထွက်၊ သေနတ်နဲ့ပဲပစ်ထွက်ထွက်"

ယမာ အသံထွက်အောင် ခေါင်းငုံ့၍ရယ်သည်။

"ယမာ… ပြောကွာ၊ အဲဒီမှာမကြားဘူးလား၊ ဒီကောင့်ရင်တွေတအားခုန်နေတာ၊ ပေါက်ကွဲကုန်ရင် ပြဿနာတက်သွားနိုင်တယ်နော်"

"ပြောမယ်"

"ပြော"

"ပြောပြီးရင် လွှတ်ပေးရမယ်"

"ချစ်တယ်ဆိုရင် လွှတ်မယ်"

"ကြည့်ပါလား… သူ့ပဲအပိုင်"

"မပိုင်လို့မရဘူး၊ ခင်ဗျားမချစ်ရင် သေသွားနိုင်တယ်၊ မယုံဘူးလား"

"ဒီမှာမွန်းနေပြီ၊ နည်းနည်းလျှော့… ပြောမယ်"

တံခွန်က လက်ကို အနည်းငယ်ဖြေချကာ…

"ကိုယ့်ကို မော့ကြည့်ပြော"

"ဟင့်အင်း… မကြည့်ဘူး၊ ပြောပြီးရင်လည်း ဟို…



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးရင်… ခွန်… ဘာမှမလုပ်ရဘူး”

တံခွန် လှစ်ခနဲ ပြုံးသည်။

“မလုပ်ဘူး… ပြော”

ယမာက တံခွန့်လက်မောင်းလေးတစ်ဖက်မှာ ခေါင်းလေး မှေးစင်လိုက်၍

“ချစ်တယ်”

“မကြားလိုက်ဘူး၊ နည်းနည်းကျယ်ကျယ်ပြော”

“မပြောဘူး”

ရင်ဘတ်ကိုထု၍ ယမာ အတင်းရုန်းတော့ တံခွန်က တင်းတင်းပြန်ဖက်ထားကာ…

“ဝမ်းသာလိုက်တာကွာ၊ ဘယ်လိုပျော်မှန်းကို မသိဘူး၊ ယမာ… ဒီမျက်နှာကြီးကို ကြည့်စမ်းပါ၊ ခေါင်းကြီးငုံ့ပြီး ဘာမှန်းလည်း မသိဘူး”

တံခွန်က ယမာ့မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် အတင်းဆွဲမော့သည်။

“ဟာ… ရှက်နေတာကြည့်စမ်း၊ လှလိုက်တဲ့ မျက်နှာလေး”

“ခွန်နော်”

“တကယ်ပြောတာ၊ တနော်နော်နဲ့ ခြိမ်းခြောက်တဲ့ နှုတ်ခမ်း





လေးက ပိုလှတာ၊ ကိုယ် နမ်းမယ်နော်”

“ဟင့်အင်း… ခွန်နော်၊ ပြောထားပြီးသား”

“ဘာပြောလိုက်တာလဲ၊ ကိုယ်က မှတ်ဉာဏ်သိပ်မကောင်းဘူး”

“ဟာ… မရဘူး၊ ခွန်နော်… ကြည့်ပါလား”

ဆိုးတတ်တာလည်း သူပါပဲ…

ယမာ ရှက်ရှက်နှင့် မျက်ဝန်းလေးတွေ မှိတ်ထားလိုက်မိသည်။

ရင်ခုန်သံတို့သည် နှစ်ဦးစလုံး၏ရင်မှာ စည်းချက်မညီ…

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



''တရားသူကြီးမင်းခင်ဗျား… အခု တရားခံလို့ စွပ်စွဲခြင်းခံထားရတဲ့ ကျွန်တော့်အမှုသည် ဒေါ်မိမိဟာ သူ့ရဲ့သက်တမ်းတစ်လျှောက်လုံး အမှုမပေါ်ပေါက်မီအချိန်ထိ ဥပဒေနဲ့ငြိစွန်းခဲ့ဖူးသည့် နာမည်ပျက်တစ်စုံတစ်ရာ မရှိခဲ့ပါဘူး''

တရားခွင်တစ်ခုလုံးမှာ တရားခံရှေ့နေ ဦးလှညွန့်၏ တည်ကြည်ပြတ်သားသော အသံတစ်ခုသည်သာ စိုးမိုးလျက် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

''သေဆုံးသူ ဒေါ်ယဉ်မေပိုင်ဟာ တရားခံလို့ စွဲဆိုခြင်းခံရသည့် ဒေါ်မိမိနဲ့ အတူနေ သမီးယောက်မချင်းမို့ ခွန်းကြီးခွန်းငယ် စကားများခဲ့ဖူးတယ်ဆိုတာကလည်း အခုမှမဟုတ်ပါဘူး၊ဟိုးအရင်ကတည်းက မကြာခဏ ဒီလိုဖြစ်ခဲ့ဖူးသလို ဘယ်လိုအငြိုးအတေးမှ





မထားခဲ့ကြဘဲ ဒေါ်ယဉ်မေပိုင်ကို လိုအပ်သမျှ ပြုစုလုပ်ကိုင်ပေးရင်း အတူနေလာခဲ့ကြတဲ့ သက်တမ်းက မနည်းလှပါဘူး''

ရှေ့နေ ဦးလှညွန့်က တရားခံခြံလေးထဲမှာရှိနေသော ဒေါ်မိမိကိုကြည့်၍ တရားသူကြီးရှိနေသော စင်မြင့်ထက်သို့ ပြန်လှည့်ကာ ဦးညွှတ်ကာ

''တရားသူကြီးမင်း ခင်ဗျာ - တစ်ဖက်က တင်ပြထားခဲ့သလို အမွေကိစ္စနဲ့ပတ်သက်လို့လည်း လုံးဝဖြစ်နိုင်ချေမရှိကြောင်း ပြန်လည်တင်ပြလိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သေဆုံးသူ ဒေါ်ယဉ်မေပိုင်ဟာ အမွေကိစ္စနဲ့ပတ်သက်သမျှ အားလုံးကို သူပေးလိုတဲ့ ဆန္ဒရှိတဲ့တစ်ဖက်ကို ပေးထားပြီးကြောင်း ကျွန်တော့်အမှုသည် ဒေါ်မိမိနဲ့ အပါအဝင် မိသားစုအားလုံး သိထားကြပါတယ်၊ ဒီအတွက်နဲ့ လောဘစိတ်နဲ့ ကြံစည်သတ်ဖြတ်တယ်ဆိုတာ လုံးဝအခြေအမြစ်မရှိတဲ့ စွပ်စွဲချက်သက်သက်သာဖြစ်ကြောင်း တင်ပြလိုပါတယ် ခင်ဗျား''

ရှေ့နေ ဦးလှညွန့် ဦးညွှတ် အရိုအသေပြုလျက် ပြန်ထိုင်သည်။

စင်မြင့်ထက်မှ တရားသူကြီးမင်း၏အကြည့်တို့က ထရပ်လိုက်သော ယမာဇထံ ရောက်ရှိသွားလေသည်။

တရားလိုရှေ့နေ ယမာဇ တရားသူကြီး စင်မြင့်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ဦးညွတ်အရိုအသေပြု၍…

"တရားသူကြီးမင်းရှင့်၊ ရှေ့ကစစ်ဆေးပြီးခဲ့တဲ့ သက်သေ မသူဇာနဲ့ယူအာပလပ်စ် (U.R Plus) ဆေးဆိုင်ရဲ့ အရောင်းစာရေး ကိုဝင်းမြင့်တို့ရဲ့ ထွက်ဆိုချက်များအရ တရားခံ ဒေါ်မိမိဟာ ဒေါ်ယဉ်မေပိုင် မသေဆုံးမီ ညရှစ်နာရီတိတိမှာ လွန်စွာကြောက်မက်ဖွယ်ကောင်းတဲ့ စကားလုံးများနဲ့ ခါတိုင်းဖြစ်ခဲ့ဖူးတဲ့ မငြိုပက္ခများနဲ့ ဘာမှမဆိုင်တဲ့ ထိနိုက်သတ်ပုတ်လုနီးနီး အခြေအနေတစ်ခုဖြစ်သွားခဲ့ကြောင်းအပြင် ကြိမ်းသည့်သည်ဖြတ်လိုတဲ့ ဆန္ဒပြစကားလုံးများပါ ပြောသွားခဲ့ကြောင်း ထွက်ဆိုသွားပါတယ်"

တရားသူကြီးက ငြိမ်သက်စွာနားထောင်နေသည်။

တရားခွင်တစ်ခုလုံး မှတ်တမ်းတင် လက်နှိပ်စက်ရိုက်သံများသာ လွှမ်းမိုးနေ၏။

တရားရုံးချုပ်ရှေ့နေ ယမာက ဒေါ်မိမိကို တည်ငြိမ်စွာ တစ်ချက်ကြည့်ကာ တရားသူကြီးနဲ့ နာယကကြီးများကို အရိုအသေပြုလိုက်ပြီး

"တရားသူကြီးမင်းရှင့်၊ ဒေါ်မိမိကိုယ်တိုင် ကိုင်တွယ်ဖျော်စပ်ထားတယ်လို့ ယူဆရတဲ့ နွားနို့ဖျော်လက်စနဲ့ ဇွန်းမှာ စစ်ဆေးတွေ့ရှိတဲ့ အဆိပ်နဲ့ သေဆုံးသူ ဒေါ်ယဉ်မေပိုင်ရဲ့ အစာအိမ်ထဲက အဆိပ်ဟာ တစ်မျိုးတစ်စားတည်း ဖြစ်နေပါတယ်၊ မသူဇာ





ဟာ အားလုံး အဆင်သင့်ပြင်ထားပြီးတဲ့ နွားနို့ကို အိုးထဲကနေ ဖန်ခွက်ထဲ လောင်းထည့်ခဲ့တာကလွဲလို့ မည်သည့်ဇွန်းနှင့်မျှ မွှေနှောက်ဖျော်စပ်ခြင်း မပြုခဲ့ဘူးဆိုတာလည်း အသေအချာ အစစ်ခံထားပါတယ်"

တရားလိုရှေ့နေပီပီ ယမာက အမှုကိုလမ်းကြောင်းပေါ်ရောက်အောင် ဖြစ်နိုင်သမျှ ဆွဲသိမ်းတင်ပြသွားသည်။

"အဆိပ်ဖြစ်စေတဲ့ ဒီဆေးကို U.R Plus ဆေးဆိုင်မှာ တရားခံ ဒေါ်မိမိကိုယ်တိုင် ည ကိုးနာရီတိတိမှာ လာရောက်ဝယ်ယူသွားကြောင်းလည်း ဆေးရောင်းခဲ့သူ ကိုဝင်းမြင့်က အတိအကျ ထွက်ဆိုထားပါတယ်၊ ပိုင်ဂေဟာကနေ ဆေးဆိုင်ကို ကားစီးသွားမယ်ဆိုရင် အသွားအပြန် ဆယ်မိနစ်ထက် မကြာပါဘူး"

ယမာက ဒေါ်မိမိကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဒေါ်မိမိ မျက်လုံးတို့က တောက်ပမှုကင်းလျက်၊ လက်နက်ချ ဒူးထောက်ရသည့် စစ်မြေပြင်က သုံ့ပန်းတစ်ဦးလို…

"လမ်းလျှောက်သွားမယ်ဆိုရင် မိနစ်နှစ်ဆယ်တိတိ ကြာပါတယ်၊ မသူဇာက ဒေါ်ယဉ်မေပိုင်ကို ညဆယ်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ နို့နဲ့ဆေးကို တိုက်ခဲ့တဲ့အတွက် တရားခံ လှုပ်ရှားကြံစည်ခဲ့တဲ့အချိန်ဟာ အားလုံးကွက်တိပါပဲ၊ ဒါ့အပြင် ဒေါ်ယဉ်မေပိုင် သေဆုံးပြီးမှ ဒေါ်မိမိရဲ့ အိပ်ရာအောက်က သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတဲ့ ပရိုဗိမင် ဆေးတောင့်ထဲမှာလည်း သေဆုံးသူကို တိုက်ကျွေးခဲ့တဲ့ အလားတူ အဆိပ်မျိုးတွေ ရှိနေပါသေးတယ်၊ ဒါကြောင့် ဒေါ်မိမိဟာ သူ့ရဲ့ပထမအကြိမ် လုပ်ကြံခြင်း မအောင်မြင်ပါက ဒုတိယအကြိမ် ထပ်မံကြံစည်၍ မသေမချင်း သတ်ပစ်ရန် ရည်ရွယ်ထားတယ်ဆိုတာ ထင်ရှားနေပါတယ်''

အားလုံးရဲ့ရှေ့မှာ ရှိနေသော ဦးသက်ပိုင်ထက် ကိုယ်လုံးကြီး မတ်ခနဲ ဖြစ်သွားသလို ဒေါ်မိမိလည်း သူမ နေရသော ခြံလေးထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

တရားခွင်ကို လာရောက်ကြည့်ရှုကြသူများ တီးတိုးစကားတို့ဆိုကြ၏။

ယမာက တစ်ချက်မှ တွန့်ဆုတ်ခြင်းမရှိဘဲ တင်ပြစရာရှိသမျှတို့ကို ဆက်လက်တင်ပြသွား၏။

''တရားသူကြီးမင်းရှင့်... တရားခံဒေါ်မိမိဟာ အရင်ကတည်းက မသင့်မြတ်ခဲ့တဲ့ ဒေါ်ယဉ်မေပိုင်အပေါ် မကျေနပ်ချက်အတော်များများရှိခဲ့ပေမယ့် အဲဒီအချိန်တွေက ဒေါ်ယဉ်မေပိုင် လျှို့ဝှက်စီစဉ်ထားတဲ့ အမွေကိစ္စကို မသိခဲ့ပါဘူး၊ ဒေါ်ယဉ်မေပိုင် သေဆုံးမယ့် ညပိုင်းမှာ စကားများကြတဲ့အခါကျမှ အမွေကိစ္စကို သိရတဲ့အပြင် ဒေါ်မိမိဟာ ဒီကိစ္စအတွက်နဲ့ အတော်လေး ခံပြင်းပေါက်ကွဲခဲ့ကြောင်း သူတို့နဲ့ မနီးမဝေးမှာ တစ်ချိန်လုံးရှိနေခဲ့တဲ့ မသူဇာက





ပြည့်ပြည့်စုံစုံ ထွက်ဆိုထားပါတယ်''

ယမာက လျှောက်လွှဲချက်စာစောင်ကို အပြီးသတ်ဖတ်ရှု၍ တရားသူကြီးစင်မြင့်ဆီ ပြန်မော့ကာ...

''အထက်ဖော်ပြပါ တင်ပြချက်များအရ တရားခံဒေါ်မိမိဟာ ဒေါ်ယဉ်မေပိုင်ကို အပြုံးအစေးကြောင့် သေစေလိုသော ဆန္ဒနှင့် ရက်စက်စွာ ကြံစည်သတ်ဖြတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း တင်ပြအပ်ပါသည်ရှင့်...''

တရားသူကြီးက ခေါင်းတစ်ချက်ညိတ်၍ လည်ချောင်းရှင်းသည်။

''တွေ့ရှိ သိမ်းဆည်းထားတဲ့ပစ္စည်းနဲ့ ပတ်သက်တဲ့ လက်ဗွေများဆိုင်ရာ စစ်ဆေးတွေ့ရှိချက်နဲ့ ဒီအမှုကို လာမယ့် နှစ်ဆယ့်နှစ်ရက်နေ့မှာ ထပ်မံစစ်ဆေးမယ်''

တရားခွင်သိမ်းပြီ။

ယမာ စာရွက်စာတမ်းတွေကို သိမ်းဆည်း၍ နေရာမှထလျှင် သူ့ကို စူးစူးစိုက်စိုက်ကြည့်၍ရပ်နေသော ဦးသက်ထက်ပိုင်ကို တွေ့လိုက်ရလေသည်။

စိတ်ပျက်အားလျှော့နေသည့် ဦးသက်ထက်ပိုင်မျက်နှာက လွန်ခဲ့သောရက်ပိုင်းများကနှင့်ပင်မတူဘဲ ခပ်ချောင်ချောင် ညှိုးညှိုး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမှာ မျက်နှာလွှဲလိုက်ပေမယ့် ဦးသက်ထက်ပိုင်ရဲ့ ဗူးရဲ့ ပြောင်လက်နေသော မျက်လုံးတွေထဲက ဒေါသများကို မြင်နေရဆဲ…

မယား အပြစ်ကလွတ်မလားရယ်လို့ ဦးသက်ထက်ပိုင် အစွမ်းကုန်ကြိုးစားခဲ့သည်။

သိက္ခာတွေ၊ ပါဝါတွေချကာ သက်ဆိုင်သမျှ လူတွေထံ ပြေးကပ်တောင်းပန်ခဲ့သည်။

နောက်ဆုံး သမီးရှေ့ထိလာ၍ သူကိုယ်တိုင်သတ်တဲ့ အကြောင်းပြောကာ အမှုမဖွင့်ဖို့ တောင်းပန်ခဲ့တဲ့အထိ…

ဒေါ်မိမိဟာ ပရိဗီမင်ဆေးလေးထဲက အားဆေးမှုန့်တွေကို ထုတ်ပစ်၍ သေစေနိုင်သော ဆေးအဆိပ်တွေ အစားထိုးကာ မူလ အစီအစဉ်မအောင်မြင်လျှင် အားဆေးအမှတ်နှင့် ထပ်မံလုပ်ကြံဖို့အထိ ကြံရွယ်ထားတာ ထင်ရှားနေသည်။

ဒါဟာ မသေမချင်း ကြံစည်မှုဖြစ်သည်။

၎င်းကို ယမှာ အတိအကျဖော်ထုတ်ခဲ့ခြင်းအပေါ် ဦးသက်ထက်ပိုင် မကျေနပ်တာ ယမှာ သိပါသည်။

ဒါပေမယ့် ကိုယ့်အလုပ်ကတော့ ပြီးအောင်လုပ်ရမှာပဲ ဖြစ်သည်။ သက်သေထွက်ဆိုချက်များနှင့် ထင်ရှားနေသော အမှု အခြေအနေအရ မောင်နှမအရင်းလည်းဖြစ်သော ဖြစ်ပွားချိန်မတိုင်ခင်





မှစ၍ ဒေါ်ယဉ်မေပိုင် သေဆုံးခဲ့ချိန်အထိ တစ်ညလုံး အိမ်မှာရှိမနေခဲ့သော၊ မနက်ခြောက်နာရီထိုးမှ ကုမ္ပဏီဒါရိုက်တာနှစ်ယောက်နှင့်အတူ ပြန်ရောက်လာတာ သေချာနေသော ဦးသက်ထက်ပိုင်သည် အမှုနှင့်ပတ်သက်ခြင်းမရှိသည်မို့ အချုပ်မှ လွှတ်ထားခဲ့ပြီးသား…

ယမှာ ဒယ်ဒီ့ကို ခပ်ငေးငေးလေး ပြန်ကြည့်နေပြီးမှ ရုံးထဲက ထွက်ခဲ့သည်။

“ဟင်… ခွန် စောင့်နေတယ်”

တံခွန်က ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်သွင်း၍ နံရံမှာ ခပ်နွဲ့နွဲ့မှီနေရာမှ ပြုံးကာ ယမှာ့နား လျှောက်လာသည်။

“မင်း လျှောက်လွှဲချက်စပေးကတည်းက ရောက်နေတာ”

“ဟုတ်လား”

အနက်ရောင် အင်္ကျီလက်ရှည်ရင်စေ့မှာ လည်စည်းအဖြူရောင်လေးနှင့် အောက်က သူ ဂျပန်ကဝယ်လာပေးခဲ့သော ကီမိုနိုပန်းရောင်လေးကို ဝတ်ထားသည့် ယမှာ့မျက်နှာလေးက ဆံပင်ရှည်တွေကို နောက်တွဲဆံထုံးပြည့်ပြည့်လေးထုံးကာ သဇင်ခက်ကလေး ပန်ထားသည်မို့ ထင်းရှင်းကာ ကျက်သရေရှိနေသည်။

တံခွန်က ယမှာ့တစ်ကိုယ်လုံးကို စိုက်ခနဲ ငေးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ်က ဆံပင်တချို့ကို နောက်လှန်ပစ်လိုက်သည်။

"စိတ်မချဘူးကွာ"

"ဘာလဲ ခွန်"

"မင်းကိုပေါ့"

"ဘာဖြစ်နေလို့လဲ"

"သိပ်လှနေလို့"

"ဘယ်သူမှမပြောဘူး၊ ခွန်ပဲပြောနေ"

"ယမာ… ပြောင်ချော်ချော်မပြောနဲ့ကွာ၊ ကိုယ် တကယ်ပြောနေတာ၊ မင်း လှအောင်သိပ်မပြင်နဲ့"

"ဘာဖြစ်လို့လဲ… သနပ်ခါးပဲ လိမ်းထားတဲ့ဟာ"

"ဘာသနပ်ခါးမှမရှိတော့ဘူး၊ မင်းမျက်နှာက မိတ်ကပ်လိမ်းထားတဲ့အတိုင်းပဲ"

"ခက်ပါလား… ယမာက ညာစရာလားခွန်ရဲ့"

"ညာမှန်းသိတယ်၊ မင်း အဲဒီလောက်ထိလှတာကို ပြောပြတာ"

"ယမာ့ကိုချည်း ဖိတွယ်မနေပါနဲ့၊ ခွန့်မှာ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတာ မသိဘူးမှတ်လို့လား"

"ဘာဖြစ်လဲ ဝိုင်းတာ၊ ကိုယ်က ယောက်ျား၊ ကိုယ်လိုချင်မှဖြစ်တာ၊ မင်းက မိန်းကလေး၊ ကိုယ့်ဆန္ဒပ ပါ မပါပါ… ဒုက္ခ





ရောက်သွားနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီအမှုပြီးရင် လက်ထပ်မယ်ကွာ"

ယမာ ပြုံးနေသည်။

"ဟော… ဦးလေးထွန်း မရှိတော့ပါလား၊ ခွန် ပြန်လွှတ်လိုက်တာလား"

ယမာက ဦးလေးထွန်းစောင့်နေခဲ့သည့် ကားနေရာမှာ လစ်ဟာနေ၍ တံခွန့်ကို မော့ကြည့်မေးသည်။

"ဟုတ်တယ်၊ ကိုယ် ညနေ မြဝတီကိုဆင်းရမှာ၊ ဒါကြောင့် အလုပ်ထဲက အစောကြီးပြန်ချလာတာ၊ မင်း တရားခံကို ဖွဲ့ချက်တင်ပုံလေးတွေက နားထောင်လို့ကောင်းတယ်၊ ပြီးတော့ ဒီရှေ့နေဝတ်စုံလေးနဲ့လည်း မင်းနဲ့သိပ်လိုက်တာပဲ၊ ဒါပေမယ့်…"

ယမာ ဖျတ်ခနဲ မော့ကြည့်သည်။

"ဆက်ပြောလေ"

"မပြောသေးဘူး၊ နောက်ကျမှ…"

"မပြောလည်း ယမာသိတယ်၊ ခွန် ဒီအလုပ်ကို သဘောမကျဘူး မဟုတ်လား"

တံခွန် ယမာ့လက်မောင်းပေါ်တင်ထားသည့် ကုတ်အင်္ကျီအဖြူလေးကို ဆွဲယူ၍ သူ့ပခုံးပေါ်တင်လိုက်သည်။

"ဟုတ်တယ်၊ ဒီအလုပ်က မင်းခေါင်းထဲမှာ အချိန်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းနေမယ့်အလုပ်၊ ကိုယ့်အတွက် ဘာမှကျန်မှာမဟုတ်ဘူး၊ ဒီလောက်တွေးရ၊ ရေးရမှာတွေ ကိုယ့်ရင်ထဲကနေ ခွဲမပေးနိုင်ဘူး၊ မင်းနဲ့ကိုယ် လက်ထပ်ပြီးရင် အဲဒီကိစ္စ တော်တော်လေး ဆွေးနွေးရလိမ့်မယ် ထင်တယ်"

ကားနားရောက်လာတော့ ယမာက ပြုံးကြုံ့တုံ့လေးလုပ်ကာ တံခါးဖွင့်ဖို့ လက်လှမ်းလျှင် တံခွန်က ယမာ့လက်ကလေးကို လှမ်းဆွဲထား၏။

"ဘာလဲ ခွန်"

"ဟိုမှာ မင်းဒယ်ဒီ လာနေတယ်"

ယမာ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

ဦးသက်ထက်ပိုင်က အေးစက်စက်မျက်နှာနှင့် ယမာ့ဘေးမှာ ရပ်လိုက်သည်။

"လက်ဖွဲ့စစ်ဆေးချက် ထွက်ဖို့မလိုတော့ပါဘူး သမီး၊ သမီး ကြိုးစားပမ်းစား စုဆောင်းတင်ပြထားတဲ့အချက်တွေနဲ့ပဲ မိမိကို စီရင်ချက်ချလို့ရနေပါပြီ"

"အမှုတစ်ခုဖြစ်လာရင် လိုအပ်တဲ့သက်သေ အထောက်အထားစုံအောင် ရှာဖွေစုဆောင်းရတာ သမီးတို့ရှေ့နေတွေအလုပ်ပါ ဒယ်ဒီ၊ ဥပဒေဟာ မရှိတာကို အရှိလုပ်လို့မရပါဘူး၊ ရှိတာကိုလည်း မရှိဘူးဆိုပြီး ဖျောက်ဖျက်ပစ်လို့မရဘူး၊ သင်္ဘောက္က သမီးလုပ်စရာ





ရှိတာကို သမီးလုပ်တာပါ"

"ဟား ဟား"

ဦးသက်ထက်ပိုင်က ခြောက်ကပ်ကြေကွဲသံကြီးနှင့် ... ဖေါင်းမှောရယ်သည်။

"လုပ်ပါ၊ လုပ်ပါ၊ ပြီးတဲ့အထိလုပ်ပါ၊ သမီးရဲ့အောင်မြင်မှု လှေခါးထစ်တွေ မြင်ခွင့်ရလို့ ဒယ်ဒီက ဝမ်းသာပါတယ်၊ တစ်ခုပဲ ဒယ်ဒီသိချင်တယ်၊ သမီးဟာ စွဲချက်ပြင်းပြင်းနဲ့ အချုပ်ကျမယ့်သူ ထောင်ကျအောင်၊ ထောင်ကျမယ့်သူ သေဒဏ်ဖြစ်ရအောင် တရားခွင်မှာ မိမိဟာ အငြိုးအတေးကြောင့် သေစေလိုသောဆန္ဒနှင့် ရက်စက်စွာ ကြံစည်သတ်ဖြတ်ခဲ့တယ်ဆိုတဲ့ စွဲချက်တွေတင်သွားခဲ့တယ်၊ သမီး မိမိကို ဘာဖြစ်လို့ ဒီလောက်ထိမုန်းရတာလဲ၊ မိမိ သေဒဏ်အထိ ကျသွားခဲ့ရင် သမီးအတွက် ဘယ်လိုဝမ်းသာပျော်ရွှင်မှုမျိုး ဖြစ်လာနိုင်သလဲ၊ အဲဒါ ဒယ်ဒီ့ကို ရှင်းပြစမ်းပါ"

ယမာက ဦးသက်ထက်ပိုင်ကို တိတ်ဆိတ်စွာ ငေးကြည့်နေရာမှ ခပ်မဲ့မဲ့လေးပြုံး၍ မျက်နှာမော့လိုက်သည်။

"ဒယ်ဒီ မှားနေပြီ၊ သမီးတင်ပြခဲ့တဲ့ သက်သေပြချက်တွေဟာ လမ်းဘေးလက်ဖက်ရည်ဆိုင်ထဲမှာ တင်ပြခဲ့တာမဟုတ်ဘူး။ အရက်ဘားကစ်ခုရှေ့မှာ ကြေညာခဲ့တာလည်း မဟုတ်ဘူး၊ ကျူးလွန်ခဲ့တဲ့ အပြစ်အလိုက် တရားမျှတစွာ စီရင်ပေးနိုင်တဲ့ တိုင်းတရား



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနဲ့ နယကကြီးတွေရှေ့မှာ တင်ပြထားကာ၊ လူအများ လာရောက်ကြည့်ရှုနားထောင်နိုင်တဲ့ ပြည်သူ့ရုံးတော်ကြီးထဲက တရားခွင်ထဲမှာ တင်ပြခဲ့တာ၊ သမီးတင်ပြချက်တွေ မှားရင်မှားသလို၊ မှန်ရင်မှန်သလို သူတို့စီရင်သွားပါလိမ့်မယ်၊ ဒါဟာ အချစ်၊ အမုန်းတွေ ထုချေဖြေရှင်းတဲ့နေရာမဟုတ်ဘူးဆိုတာ ဒယ်ဒီ နားလည်ပေးပါ''

ယမာ ကားပေါ်တက်လျှင် တံခွန် စက်ဖွင့်သည်။

ဦးသက်ထက်ပိုင် မျက်ရည်ဝေ့ဝေ့နှင့် ကျန်ခဲ့လေသည်။

ဒီသမီးကို သူ ဘယ်တုန်းက စကားနိုင်အောင် ပြောလို့ ရဖူးခဲ့သလဲ···

ခုတော့···

သူက အမှန်တရားဘက်မှာ···

ပို၍ပင် ပြောနိုင်နေတဲ့အချိန်···

ဒေါ်မိမိအတွက် မျှော်လင့်ချက်မရှိနိုင်တော့တာ သိလိုက်သည်နှင့် ဦးသက်ထက်ပိုင် ဘယ်သူ့ကိုမှ အကောင်းမြင်လို့မရတော့တာ··· ရန်လိုနေမိတာမှန်းသိပေမယ့် မြင်လို့မရ။

အတူးသဖြင့် သမီး··· ကိုယ့်သမီးဖြစ်ပေမယ့် ကိုယ်က မပိုင်···

တရားခွင်မှာ မိတွေ့နဲ့ လင်ပါသမီး···





သမီးနဲ့ ဖအေ··· ရင်ဆိုင်ကြပြီဆိုသော သတင်းကြောင့် ဦးဆုံးရုံးတင်ခဲ့သည့်နေ့က သူ့မှာ ခေါင်းမဖော်ရဲခဲ့ပေ။

ခုတော့···

သူလွတ်ခဲ့ပေမယ့် ဇနီးသည်က လက်ထိပ်တန်းလန်းနှင့်။

သူ ဘယ်လိုဖြေသိမ့်နိုင်ပါမည်နည်း။

နောက်ပြီး အမှုက ဒေါ်သအလျောက်အမှုမဟုတ်ဘဲ ကြံစည်ကျူးလွန်ခြင်းကို ယမာက ပေါ်လွင်အောင် တင်ပြခဲ့သည်။

ပြစ်မှုပိုကြီးအောင် စွမ်းဆောင်ကြိုးစားနေသည်။

ဒါ ဖြစ်သင့်သလား···

ဒေါ်မိမိဆိုတာကို ဘယ်လောက်ပဲမုန်းခဲ့ မုန်းခဲ့··· ဘယ်လို ပဋိပက္ခမျိုးပဲရှိခဲ့ ရှိခဲ့··· ဖအေငုတ်တုတ်ကြီးရှိပါသေးသည်။

သူကိုယ်တိုင် အမျိုးမျိုး ဘယ်လောက်ထိတောင်းပန်ခဲ့ သလဲ···

သေတဲ့လူက သေပြီ။

ကျန်ခဲ့တဲ့ ဖအေမျက်နှာနဲ့ မိသားစု ပျက်စီးရမယ့်အလုပ် ကို မညှာသင့်ဘူးလား···

ဦးသက်ထက်ပိုင် ဘယ်လိုပဲလှည့်တွေးတွေး ယမာ့ရဲ့ ရက်စက်ခြင်းတို့သည်သာ တရိပ်ရိပ်ပေါ်လွင်လာသည်။

မိမိ···



www.burmeseclassic.com

www.burmeseclassic.com



မင်း သိပ်မိုက်တဲ့မိန်းမ…

ယမာဆိုတဲ့ ဒီမိန်းကလေးကိုမှ မင်းမို့ ထည့်မတွက်ခဲ့လေ တယ်။

သူ့မှာ ကရုဏာဒေါသများနှင့် ရင်ထုမနာဖြစ်လို့မဆုံး…။

※※※





"ယမာ"

"ဟင်…"

"ဘာလုပ်နေလဲ"

"အိပ်တော့မလို့လေ… ဆယ့်နှစ်နာရီထိုးတော့မယ်"

ဖုန်းထဲက သက်ပြင်းချသံသဲ့သဲ့ ထွက်လာသည်။

"ကိုယ်ထင်သားပဲ၊ မင်း… မင်းရဲ့စာအုပ်တွေကြားမှာ အလုပ်ရှုပ်နေတာမဟုတ်လား"

"မဟုတ်ပါဘူး ခွန်ရယ်… ဆယ်နာရီခွဲကတည်းက ယမာ အိပ်ရာထဲရောက်နေတာ"

"ဒါဖြင့် မအိပ်သေးဘဲ ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခွန့်အကြောင်း စဉ်းစားနေတာ"

"ဘာတွေလဲ"

"ဒီအချိန်ဆို ခွန်ဘာလုပ်နေသလဲလို့ပေါ့၊ ဒီအချိန်ကြီး ခွန်ရော ဘာလုပ်နေလဲ၊ အခု ဘယ်ကဆက်တာလဲ"

"ကိုယ် မြဝတီက ဆက်တာ"

"ဟင်… တကယ်"

ယမာ အိပ်ရာပေါ်မှာ ပက်လက်ကလေးလှဲနေရာကနေ တစောင်းလေး ပြောင်းမိသွားသည်။

"ခွန် တစ်နေ့ညနေကသွားကတည်းက ပြန်မလာတာ ပေါ့"

"အင်း…"

"ဒါဆို မနက်က ဖုန်းဆက်တာ ခွန် အဲဒီကဆက်တာ ပေါ့"

"ဟုတ်တယ်၊ အစကတော့ ရောက်ပြန်ဆိုပြီးထွက်ခဲ့တာ၊ ဒီရောက်မှ ကိစ္စမပြတ်လို့ နှစ်ရက်လောက်တော့ ကြာဦးမှာကွ၊ ကိုယ် မင်းကို လွမ်းတယ်ကွာ"

ယမာလည်း ရင်ထဲမှာ တကယ်ဆွေးသွားတာပါ။

သူရှိနေလျှင် ယမာ့ဆီ တစ်နေ့တစ်ခေါက်တော့ အမြဲလာ သည်သာ။ မြင်နေကျမျက်နှာ၊ ကြားနေကျ သူ့အသံ…





မမြင်ရ၊ မကြားရလျှင် ရင်ထဲမှာ ပူလောင်နေတတ်ပြီ။

"ဟိတ်"

"ဟင်…"

"ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ့်ကို လွမ်းတယ်လို့ ပြန်မပြောဘူးလား၊ လွမ်းရောမလွမ်းဘူးလားဟင်"

"ဘယ်လိုပြောလိုက်တာလဲ ခွန်ရယ်၊ မိန်းမတွေက ဗို အသည်းနုတတ်ကြတာပါ၊ ခွန့်ကို ယမာ အရမ်းလွမ်းတယ်"

"တကယ်လား… လွမ်းနိုင်းလို့လွမ်းတာ မဟုတ်ဘူး လား"

"ခွန်နော်… ယမာ ငိုချင်လာပြီ"

ဟက်ခနဲ ရယ်သံသဲ့သဲ့ ကြားရသည်။

"ချစ်လို့စတာပါကွာ၊ ကိုယ် ယုံပါတယ်၊ ညဉ့်နက်လှ ပြီ၊ ယမာ အိပ်တော့နော်"

"အင်း"

"ခေါင်းထဲမှာ ဥပဒေတွေ ရှုပ်မနေနဲ့ဦး"

"အင်းပါ"

"ကိုယ့်အကြောင်းလည်း တွေးမနေနဲ့"

"ဒါတော့ ဘယ်ပြောလို့ရမလဲ"

"ယမာ… မချွဲနဲ့ကွာ၊ ဒီမှာ ကိုယ့်လက်ထဲကဟန်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြေမွသွားလိမ့်မယ်”

ယမာ အသံလေးထွက်အောင်ရယ်သည်။

“ကောင်းတယ်၊ သူများကျတော့ သိပ်အနိုင်ကျင့်တာ”

“စိန်မခေါ်နဲ့နော်၊ ကိုယ် ညတွင်းချင်း ပြန်ချလာလို့ရတယ်”

ယမာ ပါးစပ်လေးပိတ်သွားမိသည်။

“ဟိတ်… မရယ်ရဲတော့ဘူးလား”

“သွား… လူဆိုး”

ယမာ သူ့ရှေ့မှာရှိနေသလိုပဲ မျက်စောင်းလေးထိုးလိုက်မိသွားပြီးမှ ရှက်သွားလေသည်။

“အိပ်တော့မယ် ခွန်”

“ဗွတ်ဒ်နိုက် ယမာ၊ ကိုယ် အမြန်ဆုံးပြန်ခဲ့မယ်”

“အင်း… ခွန်ကိုယ်တိုင် ကားမောင်းတာလားဟင်”

“ဒရိုင်ဘာ ပါပါတယ်”

“လမ်းမှာဂရုစိုက်နော် ခွန်၊ အဲဒီဘက်တွေက သိပ်မကောင်းဘူးတဲ့”

“စိုးရိမ်တယ်ပေါ့”

“ခွန် မနောက်နဲ့ကွာ၊ ဒီမှာ အတည်ပြောနေတာ”





“စိတ်ချ… ယမာဆိုတဲ့ ရှေ့နေမလေးကို မပိုင်ရသေးဘဲနဲ့ တံခွန်ဆိုတဲ့ကောင် ဘာမှမဖြစ်ဘူး”

“ပြောင်ချော်ချော်မပြောနဲ့၊ သတိဆိုတာ ပိုတယ်မရှိဘူး”

“ကောင်းပါပြီဗျာ”

“အိပ်ကြစို့ ခွန်”

“အတူတူလား”

“ခွန်နော်”

တစ်ယောက်တည်း မျက်နှာလေးနီနေကာ ယမာ ဖုန်းပိတ်ပစ်လိုက်သည်။

ဆက်ပြောနေလျှင် မိုးလင်းသွားတာတောင် စကားတွေကကုန်နိုင်မည်မထင်။

လွမ်းလိုက်တာ ခွန်ရယ်…

တံခွန် ဝယ်ပေးထားသည့် ဟမ်းဖုန်းလေးကို တယုတယပွတ်သပ်နေရင်း ယမာ တံခွန့်ကို သတိရသည့်စိတ်က ဖြေလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



"ယမာ"

ခေါ်လိုက်တဲ့အသံကြောင့် တထူးတဆန်းတော့ ဖြစ်သွားမိသည်။

လှည့်ကြည့်လိုက်တော့ မှုမှုသွင်တို့ညီအစ်မနှစ်ယောက်…

ဒီနေ့ အပြီးသတ်အမှုစစ်ဆေးပြီးသည့်နေ့…

လာမည့် လကုန်ပိုင်း နှစ်ဆယ့်ကိုးရက်မှာ စီရင်ချက်ချမှာမည်။

မှုမှုသွင်က ယမာ့ဆီ အပြေးတစ်ပိုင်း လိုက်လာကာ…

"တို့နဲ့ ခဏလောက်လိုက်ခဲ့ပါ ယမာ၊ ဆွေးနွေးစရာလေးရှိလို့ပါ"





ယမာ ခေါင်းခါသည်။

"ငါမလိုက်နိုင်ဘူး မှုမှု၊ အဲ့ဒီလောက်ထိ အချိန်မပေးလို့မရဘူး၊ ငါ့မှာ လုပ်စရာတွေရှိတယ်"

"ခဏလေးပါဟယ်၊ ဘာလဲ… နင့်ကို တစ်ခုခုလုပ်မှာစိုးလို့လား"

"ဘာ"

ယမာက ခပ်တည်တည်လေး စိုက်ကြည့်ကာ မဲ့ပြုံးလေးတစ်စကို ဖန်တီးသည်။

"မသမာသူတွေရန်မှုကိုသာ တွေးကြောက်နေရမယ်ဆိုရင် အမှန်တရားကို ဘယ်သူကိုးကွယ်ရဲပါ့မလဲ၊ နင်တို့ကိုကြောက်စရာ ငါ့ဘက်က ဘာမှမရှိဘူး၊ ဒါပေမယ့် မလိုအပ်ဘူးထင်လို့ ငါ မလိုက်နိုင်ဘူး"

"နေပါဦး ယမာ"

မှုမှုသွင်က ယမာ့လက်ကို ဆွဲထားသည်။

လီလီသွင်ပါ အနားရောက်လာလျက်…

"မလိုက်နိုင်ရင်လည်း ရုံးရှေ့က အအေးဆိုင်တစ်ခုခုမှာပဲ ပြောရအောင်ပါ၊ ဒီလောက်တော့ အချိန်ရတယ် မဟုတ်လား"

ယမာက သူတို့ကို တစ်ချက်စိုက်ကြည့်၍ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ…"

သူတို့သုံးယောက် အအေးဆိုင်မှာ ထိုင်မိကြတော့ ဘာမှ မပြောရသေးခင် မူမူသွင်က ဟီးခနဲ ငိုချလိုက်သည်။

မူမူသွင်က မျက်နှာငုံ့ချကာ မျက်ရည်သုတ်သည်။

ယမာက အအေးသုံးပုလင်းမှာ၍ ဘာမှမပြောဘဲ အသာစောင့်ကြည့်နေလိုက်သည်။

မူမူသွင်က ငိုလက်စမျက်နှာနှင့် မော့လာကာ…

"အမူက အားလုံးစစ်ပြီးသွားပြီ၊ နို့ဖျော်တဲ့ လက်ဖွဲရာ ရှင်ဟာ မာမီဖြစ်တယ်ဆိုတာလည်း ပေါ်သွားပြီးပြီ၊ အဲဒီတော့ နှစ်ဆယ့်ကိုးရက်မှာ စီရင်ချက်ချရင် မာမီ ဘယ်လိုအဖြစ်မျိုးခံရနိုင်သလဲ၊ ငါတို့ကို ပြောပြစမ်းပါ"

"ဟုတ်တယ်၊ အန်တီမေ့ကို မသေမချင်းသတ်ဖို့ ကြံစည်ထားတာပါဆိုတဲ့ သက်သေပြချက်တွေနဲ့ နင်က ရက်ရက်စက်စက် ချောက်တွန်းခဲ့တာ၊ မာမီ အပြစ်ပိုကြီးအောင် ကြိုးစားခဲ့တာ၊ နင်သိပ်ယုတ်မာတယ် ယမာ၊ အန်တီမေသေရတဲ့အဖြစ်တင်မကဘဲ အရင်က ငြိုးချက်တွေနဲ့ မာမီ့ကို နင် အလှည့်ရောက်တုန်း နင်နှိပ်ကွပ်ပစ်လိုက်တာ၊ နင် တော်ပါတယ်၊ ပညာရည်လည်း ပြည့်ဝပါတယ်၊ နင်ဖြစ်စေချင်သလို မာမီ့အပြစ် ကြီးသွားပြီပဲဆိုတာ ပြောပြစမ်းပါ"





ယမာ အံကြိတ်လျက် နှစ်ယောက်လုံးကို စိုက်ကြည့်နေသည်။

"စီရင်ချက်ချတာ ငါ့အလုပ်မဟုတ်ဘူး မူမူ၊ စီရင်ချက်ကို သိချင်ရင် စီရင်ချက်မယ့်နေ့မှာ လာနားထောင်"

"နင်သိမှာပါ၊ နင်သိလို့ပဲ တမင်ဆွဲချသွားတာ မဟုတ်ဘူးလား"

"ဒီမှာ လီလီ၊ ဥပဒေဟာ တိုင်းပြည်ရဲ့စည်းကမ်းပဲ၊ ဈေးထဲက ငါးစိမ်းသည်ချိန်ခွင်လို ပုစွန်လည်းတင်၊ ငါးလည်းတင်၊ လိုအပ်လာရင် မသိမသာခိုးချလိုက်တာမျိုး လုပ်လို့မရဘူး၊ ဥပဒေချိန်ခွင်ကတော့ အပြစ်ရှိသူကိုပဲချိန်တယ်၊ အမှန်တရားကို အလေးခိုးယူသလို ခိုးယူလို့မရဘူး၊ ငါတင်ပြခဲ့တဲ့ ကောက်နုတ်ချက်၊ တွေ့ရှိချက်တွေ မမှန်ကန်ရင် အမှန်တရားက ပယ်ချသွားမှာပဲ၊ ဒီအတွက် ငါ့ကို ဘယ်သူဘယ်လိုထင်ထင် ဂရုမစိုက်ဘူး"

ယမာက ခပ်မဲ့မဲ့ပြုံး၍ ကုလားထိုင်နောက်မှီမှာ ခါးမတ်မတ်မှီ၍

"ငါတို့ရှေ့နေတွေရဲ့အလုပ်က ဖြစ်လာတဲ့အမှုနဲ့ပတ်သက်သမျှ အမှန်တရားပေါ်လာအောင် သိနိုင်သမျှ၊ ရနိုင်သမျှ အကျိုးအကြောင်း၊ အချက်အလက်တွေ ရှာဖွေတင်ပြရမယ်၊ ဒါကို တရားသူကြီးက ဆုံးဖြတ်မယ်၊ စီရင်ချက်ချမယ်၊ ဒါပဲ… တရားရုံးတော်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရှိထားတဲ့ဥပဒေအတိုင်း တသမတ်တည်း ဆုံးဖြတ်မှာပဲ၊ ဥပဒေကို နားမလည်တဲ့ လူပိန်းတွေအဖို့တော့ ကျွဲပါးစောင်းတီးသလိုပေါ့၊ ရပ်ကွက်ထဲမှာ နဖန်းသတ်ကြသလို သူပါးကိုက်ရင် ငါနားပြန်ကိုက်တယ်ဆိုတာမျိုး၊ ဥပဒေက ဖက်ကိုက်လို့မရတော့ ရင်တဲ့ဘက်က ထိုးနှက်ကြတာ မဆန်းပါဘူး၊ ကဲ… နှမ်တို့ ပြောချင်တာဒါပဲမဟုတ်လား”

“နေဦး… မာမီ ဘယ်လိုအပြစ်မျိုးကျသွားနိုင်တယ်ဆိုတာ ငါတို့သိချင်တယ်”

ယမာက ရှေ့မှာရောက်နေသည့် အအေးပုလင်းကို ဆောင့်ခနဲ အားရှေ့ဖယ်ကာ ထရပ်လိုက်သည်။

ပြီးတော့ ပိုက်ဆံအိတ်ထဲက ငါးရာတန်တစ်ရွက်ထုတ်ယူ၍ စားပွဲပေါ် ခပ်ဆတ်ဆတ်ချကာ…

“ငါပြောပြီးသား… နင်တို့နားကောင်းတယ်ဆိုရင် ကြားလိုက်မှာပါ၊ နှစ်ခါပြန်ပြောဖို့ ငါ စိတ်မဝင်စားဘူး”

ယမာ ကုလားထိုင်ကို ခြေထောက်နှင့်တိုက်ဖယ်ကာ လှည့်ထွက်လာခဲ့သည်။

မူမူသွင်၏ တက်ခေါက်လိုက်သံက ကျယ်လောင်စွာ။

❀❀❀

သစ္စာမှန်စာပေ



တရားလိုပြရှေ့နေ၊ တရားခံရှေ့နေတို့၏ တင်ပြလျှောက်ထားချက်များ၊ စစ်ဆေးရရှိထားသော သက်သေတို့၏ ထွက်ဆိုချက်များနှင့် သက်သေခံပစ္စည်းတို့မှ ထုတ်ဖော်ရရှိခဲ့သော ဓါတုဗေဒတွေ့ရှိချက်တို့အားလုံးကို တရားသူကြီးက တစ်ခုချင်း ရှင်းလင်းပြတ်သားစွာ ဖတ်ကြားသွားသည်။

တရားခွင်သည် တိတ်ဆိတ်ခြင်းတို့သာ ကြီးစိုးလျက်…

စာရွက်လှန်သောအသံ၊ သက်ပြင်းချသံ၊ လှုပ်ရှားသံသဲ့သဲ့တို့သည် တရားသူကြီးထံမှ ထွက်ပေါ်လာမည့် စကားသံတို့အတွက် ရင်ခုန်လိုက်မောစွာ ရှိနေသည့်နှယ်…

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“တရားခံ ဒေါ်မိမိသည် သေဆုံးသည့် ဒေါ်ယဉ်မေပိုင်အား သေစေလိုသောဆန္ဒဖြင့် ကြိုးစားကြံစည်ကာ သတ်ဖြတ်ခဲ့ခြင်းဖြစ်၍ သေ နိုင်သောဆေးကို အားဆေးတောင့်အတွင်းမှာ ဆေးအစားလဲလှယ်၍ အပိုဆောင်ထားခြင်းသည် မသေမချင်း ကြံစည်သတ်ဖြတ်ရန် ကြံရွယ်ထားခြင်းဖြစ်ကြောင်းလည်း ထင်ရှားပေသည်”

တရားသူကြီးက အမှုဖတ်ကြားရင် ဒေါ်မိမိထံသို့ မျက်လုံးဝင့်ကြည့်သည်။

ဒေါ်မိမိမျက်လုံးတို့သည် ပုစွန်မျက်လုံးများကဲ့သို့ ပြူးကျယ်ဝိုင်းစက်ကာ ခြံတိုင်ကိုကိုင်ထားသည့် လက်တို့က ဖိဆုပ်ထားသည့်ကြားမှ တဆတ်ဆတ် လှုပ်ခါနေလေသည်။

သူတစ်ပါးကို သတ်ရဲခဲ့သော သတ္တိတို့ ဘယ်ပျောက်ကုန်ပြီနည်း။ သတ်ရဲသူတိုင်း မသေရဲကြတာကို ယမာ စေ့စေ့ကြည့်၍ မျက်နှာလွှဲလိုက်သည်။

ဒေါ်မိမိ ကျခံရမယ့်အပြစ်ကို ယမာ ခန့်မှန်းလိုက်မိပြီ။

တရားသူကြီးအသံက ကြည်လင်ပြတ်သားစွာ တစ်လုံးချင်းထွက်ပေါ်လာသည်။

“သို့ကြောင့် တရားခံ ဒေါ်မိမိ အား ဤရုံးတော်မှ ထိုက်တန်သော အပြစ်ဒဏ် ချမှတ်လိုက်သ ည်”

သစ္စာမှန်စာပေ



ဒေါ်မိမိကိုယ်လုံးကြီး ဆတ်ခနဲ တုန်သွားသည်။

တရားခွင်တစ်ခုလုံး ခြောက်ခြားဖွယ် တိတ်ဆိတ်သွားလေသည်။

“အမိန့်”

တရားသူကြီးအသံသည် မိုးထစ်ချုန်းလိုက်သည့်နှယ်...

တရားခံတိုင်းအတွက် သည်းခြေပျက်လောက်သည့် အသံ။

“အဘ ဦးလှိုင်တင်၊ အမိ ဒေါ်ထားထားမိတို့၏ သမီးဖြစ်သူ ဒေါ်မိမိသည် သေသူ ဒေါ်ယဉ်မေပိုင်အား မသေမချင်း သတ်ဖြတ်ရန် ကြိုတင်ကြံစည်ချက်ဖြင့် သတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် ပုဒ်မ ၃၀၂ (၁)(ခ) အရ သေစားသေစေရန် အမိန့်ချမှတ်လိုက်သည်”

“အား”

“မာမီ”

“မိမိ”

ရုံးတော်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

တရားသူကြီးနှင့် နာယကကြီးများ စင်မြင့်ထက်မှာ မရှိတော့ပါ။

“မာမီ”

“မိမိ”

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိတစ်ယောက် အုံ့ခဲနေသော လူများကြားမှာ ပြုံးတိ ပြုံးကြောင်…

ထိန်းချုပ်ထားသော ရဲတွေကြားမှာ အတင်းထရုန်း၏။

လက်နှစ်ဖက်ပူးယှက်၍ ခတ်ထားသော လက်ထိပ်မှာ တချွမ်းချွမ်းမြည်နေလေသည်။

ဒေါ်မိမိ မျက်လုံးကြီးပြူးနေသော်လည်း ဘာမှမမြင်တော့။ သူ့နားထဲမှာ ရှေ့နေဝတ်စုံလှလှပပလေးနှင့် ယမာ ပြောကြားသွားခဲ့သော စကားသံများသည်သာ…

"… ဒုတိယအကြိမ် ထပ်မံကြံစည်၍ မသေမချင်း သတ်ပစ်ရန် ရည်ရွယ်ထားတယ်ဆိုတာ ထင်ရှားနေပါတယ်…

… မသေမချင်း သတ်ပစ်ရန် ရည်ရွယ်ထားတယ်ဆိုတာ ထင်ရှားပါတယ်…

… မသေမချင်း သတ်ပစ်ရန် ရည်ရွယ်ထားတယ်ဆိုတာ ထင်ရှားပါတယ်…"

"ကောင်မ"

နားထဲမှာ အထပ်ထပ်ကြားကာ ဒေါ်မိမိ မခံမရပ်နိုင် ထခုန်သည်။

ဒင်းကြောင့်… ဒီကောင်မကြောင့်…

… မသေမချင်း သတ်ဖြတ်ရန် ကြိုတင်ကြံစည်ချက်ဖြင့်





သတ်ခဲ့ကြောင်း ထင်ရှားသဖြင့် သေစားသေရန် အမိန့်ချမှတ်လိုက်သည်…

… သေစားသေရန် အမိန့်ချမှတ်လိုက်သည်…

… သေစားသေရန် အမိန့်ချမှတ်လိုက်သည်…

တရားသူကြီးရဲ့အမိန့်သံက နားစည်ကို ထိုးဖောက်တိုးဝင်သွားသလို နှလုံးသွေးမှာ ပြင်းထန်စွာ ရိုက်ခတ်လျက်… တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"သတ်မယ်… ငါသေရမယ်ဆိုရင် နင်တို့ပါ မထားခဲ့ဘူး မိယမာ… ညည်းကို ငါသတ်မယ်၊ လူသတ်တဲ့ရှေ့နေမ… ညည်းက တကယ့်လူသတ်ကောင်၊ ခွေးမ… တိရစ္ဆာန်မ… လာစမ်း"

"မာမီရယ်… အဟင့်…"

"တောက်"

မူမူသွင်တို့ တစ်ယောက်ကိုတစ်ယောက် ဖက်ငိုကြလေသည်။

ချုပ်နှောင်ဆွဲခေါ်သွားသူတို့နောက်သို့ လက်ထိပ်တန်းလန်းနှင့် ခုန်ပေါက်အော်ဟစ်ပါသွားသော ဇနီးသည်ရဲ့အဖြစ်ဆိုးကို ရင်ထုမနာကြည့်ရင်း ဦးသက်ထက်ပိုင် မျက်ရည်ကျလေသည်။

ခုတော့ ဘယ်သူ ဘာတတ်နိုင်သေးလဲ…

လောဘနောက်မလိုက်ဖို့ သူ အတန်တန်တားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်တာမလုပ်ဖို့ တဖွဖွ သတိပေးခဲ့သည်။

မိဘမေတ္တာတို့ပဲ ဖြူစင်စွာ ရွေးပေးလိုက်ရမလား…

မိဘတိုင်းဟာ သားသမီးအတွက်နှင့် ပတ်သက်လာလျှင် တစ်စုံတစ်ယောက်အပေါ်ဖြစ်စေ၊ တစ်သင်းတစ်ဖွဲ့အပေါ်ဖြစ်စေ ဖြစ်မှုကျူးလွန်ဖို့ ဖောက်ပြန်ဖို့ဝန်မလေးတတ်ကြဘဲ လူဆိုးလူကြမ်းကြီး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သို့သော် သူတို့ရင်ထဲက နှလုံးသွေးတို့သည် သားသမီးအတွက် ထာဝရ ဖြူစင်နူးညံ့လျက်ရှိနေသည်သာ…

မိမိမှားခဲ့တာဟာ သမီးတွေကောင်းစားရေးအတွက် အမှောင်ဖုံးခဲ့တာဆိုပါလျှင်…

ဦးသက်ထက်မိုင် မျက်ရည်စက်တို့ အဆက်မပြတ် စီးကျလာကြသည်။

အားလုံးဟာ လူမိုက်တွေလား…

❀❀❀





ရွှေခြည်ထိုးတွေ တဖျတ်ဖျတ်လက်နေသော ပန်းနုရောင် ချိတ်ထမီကို တင်းပြည့်လှပသော ကိုယ်လုံးလေးမှာ ချပ်ချပ်ကပ်ကပ် ဝတ်လိုက်သည်။

ပါးလျပျော့အိကာ ပြောင်လက်နေသည့် ပန်းနုရောင် လက်ရှည်ရင်စေ့ အင်္ကျီလေးက အရိုက်အဝန်းတို့နှင့် ကောက်ကြောင်း ညီနေသော ကိုယ်လုံးလေးကို အနားသတ်ပုံဖော်ပေးထားသည့် အတိုင်း…

မေရီက ယမှာပခုံးလေးပေါ်ကို ပန်းရောင်လွှလွှ ပဝါပါး လေးကို လျော့ရဲရဲလေးတင်ပေး၍…

"သိပ်လှတာပဲ ယမာရယ်… မိန်းမချောင်းချောင်းတောင် ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ကိုမဝဘူး”

“လုပ်မနေနဲ့၊ ပြန်လာမှစားရမှာ”

“တကယ်ပြောတာ”

မေရီက ယမာ့လည်တိုင်မှ တစ်ရစ်စီဝတ်ထားသည့် လည်ဆွဲတွေကို ကျကျနန ထပ်၍ပြုပြင်ပေးသည်။

“ကြည့်ပါဦး၊ နင့်လူကြီးက မိန်းမနဲ့ကင်းတယ်သာ ပြောတယ်၊ လည်ဆွဲတွေက တစ်ရစ်စီ သူ့ဟာသူ စီစဉ်ပေးထားတာ၊ ဝတ်ထားတဲ့ပန်းရောင်လေးနဲ့ ဘယ်လောက်လိုက်သလဲ”

မနက်ပိုင်း ရုံးမှာလက်မှတ်ထိုးရုံပဲမို့ အလှပြင်ဆရာနဲ့ တခမ်းတနား ပြင်စေချင်တဲ့ တံခွန့်ဆန္ဒကို ယမာ မနည်းဘဲ ငြင်းခဲ့ရသည်။

ဒါပေမယ့် ညဘက်မှာကျင်းပမည့် မင်္ဂလာဧည့်ခံပွဲကတော့ အကြီးအကျယ်မို့ သူ့စိတ်တိုင်းကျ ဗျူတီပါလာမှာ ပြင်ဆင်ရမည် ဖြစ်သည်။

“မပြီးသေးဘူးလား မေရီ၊ တော်ကြာ သူလာခေါ်တော့မှာ”

“ပြီးပြီလေဟာ… ဒီမှာ ရင်ထိုးလေး ထိုးလိုက်ဦး”

အနီရောင်ရွှေဗူးလေးကိုဖွင့်၍ မေရီက ဂွမ်းစဖွေးဖွေးလေးတွေကြားမှာ တဖျတ်ဖျတ်လက်နေသည့် ရင်ထိုးလေးကို တယုတယ ထုတ်ယူလိုက်သည်။

သစ္စာမွန်စာပေ



ရင်ထိုးလေးက ရွှေပြားအသည်းပုံလေးပေါ်မှာ နေ့စွဲနှင့် မောင်တံခွန်နှင့် မယမာပိုင်စိုးဆိုတဲ့ နာမည်လေးတွေကို ဖောင်းကြွရေးထွင်းထားကာ အသည်းပုံရဲ့ အနားသတ်နှင့် မြားတံကလေးမှာ စိန်တွေစီထားသည်။

မေရီက ရင်ထိုးလေးကို ယမာ့ရဲ့ ဘယ်ဘက်ရင်အုံတည့်တည့်မှာ ထိုးပေးရင်း…

“ချစ်တာတွေနော်… ချစ်တာတွေ၊ ငါတော့ ဒီတစ်သက် လင်ရတော့မယ် မထင်ပါဘူး”

“ဘာဖြစ်လို့လဲ”

“နင့်လူကြီးက နင့်ကို ဒီလောက်သည်းနေတာ၊ ငါ့ကို အဲဒီတစ်ယောက်သောသူက နင့်လူကြီးချစ်သလို မချစ်နိုင်ရင် ဘယ်လိုလုပ်မလဲ၊ ငါ ခဏခဏ ပြဿနာရှာနေတာနဲ့ ကောင်းကောင်း အိမ်ရမှာမဟုတ်ဘူး”

ယမာက ရယ်၍ မေရီ့ပါးလေးကို လိမ်ဆွဲသည်။

“အဲဒီတော့လည်း မယူနဲ့ပေါ့ဟယ်၊ ငါက သားဦးလေး မွေးလိုက်မယ်လေ၊ ပြီးတော့ နင်နဲ့ပေးစားမယ်၊ ငါ့သားဆိုတော့ နင့်ကိုချစ်အောင် ငါက ပြောပေးမှာပေါ့”

“ကြည့်ရမ်း… ကောင်မစုတ်၊ ငါကပဲ သူ့သားကြီးမှ လင်ယူရတော့မယ့်အတိုင်း”

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မစောင့်နိုင်ဘူးလား"

"မစောင့်နိုင်ပါဘူး၊ နှစ်တို့ပဲ ငါ့ရှေ့မှာ ခဏခဏ သည်းပြနေတာ၊ ငါလည်း ယူမှာပေါ့"

"ဟား ဟား..."

နှစ်ယောက်သား ရယ်မောကာ အိမ်ရှေ့ဧည့်ခန်းဆီ ထွက်လာခဲ့ကြသည်။

"ဟော... ကွက်တိပဲ၊ ကားသံကြားတယ်၊ သတို့သားကြီး လာပြီထင်တယ်"

နှစ်ယောက်သား ပေါ်တီကိုအောက်ကို လှမ်းကြည့်နေမိကြလျှင် မြင်ကွင်းထဲဝင်လာသည့်ကားက တံခွန့်ကားမဟုတ်။

လီလီသွင်က ကားပေါ်မှ ခပ်သုတ်သုတ်ဆင်း၍ လာကာမှုမှုသွင် ကားစက်ကိုလည်းမသတ်။ စတီယာရင်ကိုင်ထားသောလက်တို့ကို မဖြေဘဲ လူသေကောင်မျက်လုံးမျိုးနှင့် မျက်တောင်မခတ် ခပ်ကြောင်ကြောင်နှင့် ငေးကြည့်နေတာ ကျောက်ရုပ်ကြီးလို...

"ယမာ"

လီလီသွင်က ယမာ့ကို ငေးခနဲစိုက်ကြည့်လိုက်ပြီးမှ လက်ကို ပြေးဆွဲသည်။

"ဒယ်ဒီ အခြေအနေမကောင်းဘူး ယမာ၊ မာမီ့စိတ်နဲ့





အိပ်ရာထဲလဲနေကတည်းက ဒီနေ့ထိ လုံးဝနလန်မထူတာ... ခု... ခု..."

လီလီသွင်က ပြောရင်း ငိုသည်။

"ဒယ်ဒီ နင့်ကိုခေါ်ခိုင်းတယ်၊ ဒယ်ဒီ့ရဲ့ နောက်ဆုံးအချိန်ကို နင် လိုက်တွေ့လိုက်ပါ ယမာရယ်၊ နင့်ကို စောင့်နေရှာတာ"

"အို..."

ယမာ ထူပူသွားသည်။

စိုးရိမ်စိတ်နှင့်အတူ တံခွန့်မျက်နှာကိုပါ ပြေးမြင်မိ၏။

တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်ရဲ့မင်္ဂလာအချိန်မှာ ဒယ်ဒီ့ရဲ့ အမင်္ဂလာသတင်းဆိုးကို ကြားရတဲ့အပြင်...

"ယမာ... နင် လက်မှတ်ထိုးသွားရမှာနော်"

ဒီစကားမျိုး ဝင်မပြောသင့်မှန်းသိသော်လည်း မေရီ ဘာကို စိုးရိမ်မှန်းမသိဘဲ အလိုမကျစွာ ပြောလိုက်မိသည်။

လီလီသွင့် ဒေါသမျက်လုံးတွေက မေရီ့ဆီ ဒိုင်းခနဲ ရောက်လာသည်။

"ဟိုမှာက မိဘရဲ့အသက်ပါ၊ ယောကျ်ားယူဖို့ လက်မှတ်ထိုးတာ ဘယ်နေ့ထိုးထိုးဖြစ်ပါတယ်"

ပြော၍ ယမာ့ဘက်ပြန်လှည့်ကာ လက်ကိုဆွဲသည်။

"အချိန်သိပ်မရှိဘူး၊ အသက်မီအောင်သွားမှဖြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပါ ယမာရယ်… လာပါ”

ယမာ မေရီ့လက်ကိုဆုပ်ကိုင်လိုက်သည်။

ဒယ်ဒီ့အတွက် သူ တွေဝေမနေသင့်ဘူးလို့ ထင်သည်လေ။

“ငါ ဒယ်ဒီဆီလိုက်သွားမှဖြစ်မယ် မေရီ၊ ခွန်လာရင် ဒီကပဲစောင့်ခိုင်းလိုက်တော့နော်”

“ယမာ… နင်…”

မေရီ့ကို ယမာ လှည့်မကြည့်တော့ဘဲ ကားပေါ်တက်သွားသည်။

မူမူသွင်မောင်းလာသော ကားလေး ပျောက်ကွယ်သွားပြီ။ သိပ်မကြာမီ အဖြူရောင် ပါဂျဲရိုးကားအသစ်ကလေး ထိုးရပ်လာသည်။

“ကိုတံခွန်”

မေရီ အူယားဖားယား ပြေးဆင်းသည်။

“ယမာရော”

“ပါသွားပြီ”

“ဘယ်ကိုပါသွားတာလဲ”

“ခုပဲ မူမူသွင်တို့ခေါ်သွားတာ၊ သူတို့ဒယ်ဒီ အသက်မီအောင်လို့တဲ့”

“ဟင်”





တံခွန် ကားပေါ်မှ ခြေတစ်ဖက်ချရုံရှိသေးသည်။ ဒက်ရှ်ဘုတ်ပေါ်က ဟမ်းဖုန်းလေးက မြည်လာ၏။

“ဟလို… တံခွန်ပြောနေပါတယ်”

“မောင်တံခွန်… ငါ သက်ထက်ပိုင်ပဲ၊ အဲဒီကို မူမူတို့ညီအစ်မရောက်လာသလား… ယမာရှိရဲ့လား… မြန်မြန်ပြောစမ်းပါ”

မပြောနိုင်တော့ပါ။

တံခွန် ဖုန်းပိတ်ဖို့ပင် သတိမရဘဲ ချထားသည့် ခြေတစ်ဖက်ကို ပြန်တင်… ကားတံခါးဆွဲပိတ်ကာ… တစ်ရှိန်ထိုးထွက်လာခဲ့သည်။

ယမာ့ကို ဟိုညီအစ်မ တစ်ခုခုကြံစည်ပြီဆိုသော အသိကြောင့် ခေါင်းတွေပူထူကာ လမ်းမကြီးပေါ် ကားရောက်လာမှ သတိထား၍ အရှိန်ကိုပြန်ထိန်းလိုက်ရသည်။

ယမာ ဘာမှမဖြစ်ပါစေနဲ့…



www.burmeseclassic.com

www.burmeseclassic.com



"သူများကိုသတ်ရင် ကိုယ်လည်းသေရမှာပဲဆိုတာ သိသားပဲ၊ သိလို့ ဒီလိုခံလိုက်တာလေ"

"ဟား ဟား ဟား..."

ဟားမောင်းနေရာမှ မူမူသွင်က အရူးတစ်ယောက်လို အော်ရယ်သည်။

လီလီသွင်က ဘေးတံခါးလော့စ်တွေ အပိုင်ချပြီးသားမို့ ယမာ ခြောက်ခြားနေပုံကို အေးစက်တင်းမာသော မျက်နှာနှင့် အရသာခံကြည့်နေသည်။

"ဘယ့်နှယ့်လဲ ရှေ့နေမကြီးရဲ့၊ နင် သူများကိုသတ်ဖို့ကျ တော့ လျှာစောင်းထက်ခဲ့တာပဲ၊ ကိုယ့်အလှည့်ကျတော့ စကားလုံး တွေ ပျောက်ဆုံးကုန်ပြီလား"





"နင်တို့ ဘာအရူးထကြတာလဲ၊ တစ်ယောက်[illegible] တာလုပ်လို့ သူ့အပြစ်သူခံသွားရပြီးပြီ၊ နင်တို့က ထပ်မံ[illegible]ကြဦး မလို့လား"

"အိုး... အိုး... ဘယ်နှယ့် သွေးရူးသွေးတန်းနဲ့ တရား လာချနေရတာလဲ၊ လူသတ်ပါတယ်ဆိုမှ ဥပုသ်စောင့်နိုင်ပါ့မလား၊ ဒီမှာ မိယမာ... ဘယ်သူတရားတရား မတရားတရား ငါ့မာမီ သေသလို ညည်းသေရမယ်၊ ငါ့မာမီ သေခါနီး သွေးပျက်ခဲ့သလို ညည်း သွေးပျက်ရမယ်၊ ဒါကြောင့် ညည်းကို ချက်ချင်းသတ်ပစ် လို့ရပေမယ့် သွေးပျက်ခြောက်ခြားမယ့် ညည်းမျက်နှာကို အားရ ပါးရ ကြည့်ချင်လို့ တမင်ခေါ်ထုတ်လာတာ"

ကားသည် ရန်ကုန်ရဲ့နယ်နိမိတ်ပြင်ပသို့ တရိပ်ရိပ် ပြေး ထွက်လာသည်။

"ဟား ဟား ဟား..."

မူမူသွင်တို့ ဘာလုပ်တော့မယ်ဆိုတာ ယမာသိလိုက်ရပြီး သွေးပျက်ခြောက်ခြားခြင်းမဟုတ်ပေမယ့် ဘာမှန်းညာမှန်းမသိဘဲ သူများလုပ်ကြံခံရလို့ သေလိုက်ရမှာမျိုးတော့ မခံစားနိုင်။

ညီအစ်မနှစ်ယောက်ကြားမှာ ပြေနေပေါက်လည်း ပိတ်နေ ပြီ။

"ဟင်း ဟင်း... ဘယ်နှယ့်လဲ၊ သေရတော့မယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရတဲ့ လူတစ်ယောက်ရဲ့ ခြောက်ခြားမှုကို ညည်း ကိုယ်ချင်းစာတတ်ပြီလား… ဟား ဟား…”

လူရှင်းတော့ ကားက အရှိန်ပိုမြင့်လာသည်။

ကားမောင်းရင်း ရယ်နေသော မူမူသွင့်မျက်နှာမှာ မျက်ရည်စီးကြောင်းတို့ထပ်လျက်…

“ညည်းကို ဟောဒီကားနဲ့အတူ ချောက်ထဲချပစ်မယ်၊ ညည်းကိုသတ်မိတဲ့အတွက် အပြစ်တစ်ခုလို ငါတို့က အဖမ်းမခံနိုင်ဘူး၊ ဒီတော့ ညည်းနဲ့အတူ ငါတို့ပါ ပါမှာလေ… မာမီဆိုတစ်ယောက်တည်း ခြောက်ခြောက်ခြားခြား နင်သတ်ရက်ခဲ့ပေမယ့်နင့်အလှည့်မှာ အဖော်ရှိနေမှာပါ”

လီလီသွင်က ယမှာလက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲထုကာ

“ဒီမှာ ကောင်မ… အဲဒါညည်းကိုချစ်လွန်းလို့ အဖော်လုပ်ပေးတယ်တော့ မထင်နဲ့နော်၊ နောက်ဘဝ ညည်းလူပြန်ဖြစ်ဖြစ် တိရစ္ဆာန်ပဲဖြစ်ဖြစ် ညည်းကို ညည်းကိုလိုက်သတ်မယ်၊ တိရစ္ဆာန်ဖြစ်ရင် နင့်အသားကိုစားနိုင်တဲ့ဘဝကို ငါတို့ဖြစ်မယ်၊ နင့်ကို အဲဒီလောက်မုန်းတယ် သိလား”

“အဓိပ္ပါယ်မရှိဘူး၊ မကောင်းတဲ့ မှု မကောင်းတဲ့လမ်းသွားတာ ငါနဲ့ဘာဆိုင်သလဲ၊ နင်တို့ မဲမဲမြင် ၂၁ ဖက်ကိုက်ချင်မနေ





နဲ့၊ ကားကို ခုရပ်စမ်း”

“ဘာ…”

မူမူသွင် ဆတ်ခနဲလှည့်ကြည့်ပြီးမှ တဟားဟား ရယ်ပြန်သည်။

“သေရမှာကြောက်တာတောင် ရှိခိုး မတောင်းပန်ဘဲလေသံကမာနေသေးတယ်၊ ဒီနေရာကျတော့ နင့်ဦးနှောက်က အလုပ်မလုပ်ဘူးထင်တယ်၊ ကိုယ့်အသက်ကိုတောင် အသေခံပြီးသတ်ချင်နေတဲ့လူကို အမိန့်ပေးရဲတယ်နော်၊ နင် အရှုံးပဲ၊ သေရမှာကြောက်လို့ ရှုံးနေတဲ့အရှုံး”

“မမ… နောက်ကကားအဖြူ ငါတို့နောက်လိုက်နေတယ်ထင်တယ်”

မူမူသွင်က ဘက်(ခ်)မှန်ထဲက လှမ်းကြည့်သည်။

ပါဂျဲရိုးကားအဖြူလေး…

ဒီနေ့ လက်မှတ်ထိုးမည့်နေ့မို့ အဖြူကို တမင်ရွေးချယ်ကာ အသစ်လဲပြီးလာသော တံခွန့်ကားကို သူတို့မသိ။

ကားရဲ့အပြေးနှုန်းဟာ မြန်ဆန်လှသဖြင့် တရိပ်ရိပ် ပြေးကပ်လာသည့်နှယ်…

“ဖြစ်နိုင်တယ်၊ ဒယ်ဒီ့ကားလည်း မဟုတ်ဘူး”

မူမူသွင်က ကားရဲ့အရှိန်ကို ထပ်မြှင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ… တစ်ယောက်ယောက် နောင့်ယှက်ရင် လီလီတို့ အစီအစဉ် ပျက်လိမ့်မယ်၊ ရှေ့ကလာတဲ့ အဝေးပြေးကားကြီးနဲ့ ပြေး ဆောင့်ပစ်လိုက်တော့"

လီလီသွင်က ပြတ်သားသလောက် တကယ်တမ်း ရင်ဆိုင် လာရတော့ မှုမှုသွင် ထိတ်ခနဲဖြစ်ကာ လက်က မရောက်…

"မမ… လုပ်လေ"

"မလုပ်နဲ့"

ယမှာ စတီယာရင်ကို အတင်းဝင်လုသည်။

ဘွားခနဲ ပြေးဝင်လာသည့်ကားကြီးနှင့် ဗိုခနဲ ပွတ်လွဲသွား၏။

နောက်က လီလီသွင်က ယမှာ့ဆံထုံးလှလှလေးကို တအား ဆောင့်ဆွဲချလိုက်လျှင် မင်္ဂလာဆံထုံးလေးပြေကာ ဆံနွယ်ရှည်များ ထွေးခနဲ လျှောကျလာသည်။

ကားက ယမ်းခါလျက် ဦးတည်ချက်များ ပြောင်းလဲ နေဆဲ…

လီလီသွင်က ပြေးကပ်လာသည့် နောက်ကကားကို လှည့် ကြည့်ကာ…

"မမ… ဘေးချောက်ထဲ ဆွဲချပစ်လိုက်"

သို့သော် သူတို့ကား ချောက်ဆီသို့ ဦးပြန်မလှည့်နိုင်မီ

သစ္စာမွန်စာပေ



ဘေးက ဖြတ်တက်ကာ ကန့်လန့်ပိတ်ခံပစ်လိုက်သော ကားတစ်စီး ကြောင့်…

ကျိမ်းခနဲ အသံကြီး ကျယ်လောင်စွာ မြည်ဟီးလျက်…

ကားနှစ်စီးလုံး တုန်ခါ၍ ပွတ်တိုက်ရွေ့ပါသွားကြလေ သည်။

စတီယာရင်နှင့် ရင်ဘတ်ဆောင့်မိကာ မှုမှုသွင် မျက်လုံး တွေ ပြာသွားပြီး သတိလစ်ချင်သလိုလို ဖြစ်သွားသည်။

လီလီသွင်တစ်ယောက် နဖူးမှာ သွေးတို့စီးလျက် ဒတ်စ် ဘုတ်ပေါ်မှာမှောက်လျက်သား ငြိမ်သက်သွားသည်။

"ဟင်… ခွန်"

ယမှာ ဝမ်းသာအားရ ခေါ်လိုက်မိသည်။

စိတ်ဇောကြောင့် သေလုမျောပါးဖြစ်သွားသည့် မှုမှုသွင် အတင်းခေါင်းထောင်ထကာ ယမှာ့ကို သွေးရူးသွေးတန်း ဖက်ချုပ် ထားလိုက်သည်။

"နင့်ကို ငါသတ်မှာ၊ ဘာကောင်မှလာကယ်လို့မရဘူး၊ နင် သေကိုသေရမယ်"

ယမှာ့ကို လော့ခ်မဖြုတ်နိုင်အောင်လည်း ချုပ်ထား၍ တစ်ဖက်ကလည်း တွေ့ရာပစ္စည်းကောက်ယူကာ ထုရိုက်နေလေ သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အသေခံထားပြီးသော လူတစ်ယောက်၏စိတ်ဓာတ်ကို ယမှာ မယှဉ်နိုင်။

မိမိရိုက်မိခံရသော နေရာများမှ နာကျင်မှုဝေလာတော့သည်။

ကားထဲမှာ လုံးထွေးနေတာကို တံခွန်မြင်နေရလျက် တံခါးလော့ခ်ချထားမှန်းလည်းသိကာ ရုတ်တရက် ဟိုတံခါးပြေးနေ ဒီဘက်တံခါးဆီ ပြေးကိုင်နှင့် တံခွန် ပျာယာခတ်နေသည်။

ယမှာ့အတွက်လည်း စိုးရိမ်စိတ်က အထွတ်အထိပ် တက်နေလျက် ကားဆီ ပြန်ပြေးလာကာ သံဂေါက်ကိုယူပြီး မှူမှူသွင်ထိုင်သည့်ဘက်က ကားမှန်ကို တအားလွှဲရိုက်ပစ်လိုက်၏။

မှန်ပြင်သည် ချွမ်းခနဲ မြည်သံနှင့် မွမွကြေကျသွား၏။

သံဂေါက်ကိုပစ်ချ တံခါးလော့ခ်ကိုဖြုတ်ကာ တံခွန် မှူမှူသွင့်လက်မောင်းတစ်ဖက်ကို ကိုင်၍ဆွဲထုတ်သည်။

မှူမှူသွင် တံခွန့်လက်ထဲမှာ လျော့ခနဲ ပါချလာ၏။

"လွှတ်... လွှတ်.. ခွေးတိရစ္ဆာန်တွေ၊ ဟိုကောင်မကို ငါသတ်မှာ..."

မှူမှူက ရုန်းကန်မရလျှင် တံခွန့်ကို ပြန်လှည့်၍ ကုတ်ဖဲ့ဖို့ ကြိုးစားသည်။

တံခွန် မှူမှူသွင့်လက်မောင်းကိုဆောင့်လွှတ်ကာ ပါးကို





လက်ပြန်လွှဲရိုက်ပစ်လိုက်၏။

ရိုက်ချက်ပြင်းပြင်းကြောင့် မှူမှူသွင် လမ်းပေါ် ခွေခနဲ ပစ်ကျသွားသည်။

ပြီး ချက်ချင်းထကာ တံခွန်လွှတ်ချထားသည့် သံဂေါက်ကို ပြေးကောက်၏။

ယမှာ့ခေါင်းဖို့ ကျော့ခိုင်းထားသည့် တံခွန့်မျက်ဝန်းထောင့်မှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသဖြင့် ချာခနဲ ပြန်လှည့်လိုက်လျှင် မှူမှူသွင်က သံဂေါက်ကို တအားကုန်လွှဲမြှောက်လျက်...

တံခွန် သံဂေါက်ကို ဖျတ်ခနဲ လှမ်းယူလိုက်သည်။

ဒေါသဖြစ်ဖြစ်နှင့် ရိုက်ချပစ်လိုက်မိတော့မည် ဖြစ်ပြီးမှ ဒေါသကိုပြန်ထိန်းကာ မှူမှူသွင့်ကို လက်လိမ်ထားလျက် ပုံစံနှင့် ကားဘွန်းနက်ပေါ် မှောက်ချလိုက်သည်။

အွန့်ခနဲမြည်လျက် မှူမှူသွင် ကားဘွန်းနက်ပေါ် ရင်ဘတ်နှင့် ပစ်ကျသွားသည်။

"လွှတ်... လွှတ်နော်"

"အား"

ဒေါသမုန်တိုင်းက ကြောက်စရာကောင်းလှပေသည်။

အလိမ်ခံထားရသည့်လက်က နာကျင်နေပါလျက်... အော်လည်းအော်... ရုန်းလည်းရုန်း၍ မှူမှူသွင် ဒေါသထွက်နေဆဲ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ထက်ပိုင် မြင်ရသောမြင်ကွင်းကြောင့် ရင်ထုမနာ ကရုဏာဒေါသတွေ ဖြစ်သွားမိသည်။

ကြည့်စမ်း… အိမ်နားက ခြံနီးချင်းအိမ်က ကားအဝါလေးကို ငှားစီးသွားသည်ဆို၍ သူတို့အကြံအစည်ကို ကြိုတင်ရိပ်မိနေသော ဦးသက်ထက်ပိုင် မှန်းဆ၍လိုက်လာခဲ့တာ အချိန်မီပါလား။

ဒီဘက်ကားထဲမှာ သမီးငယ်နှင့်ယမာ ရှိနေသည်ပင်။

နှစ်ယောက်စလုံး ဘာဖြစ်ကုန်ကြပြီလဲ။

မိန်းမနှင့်ယောက်ျားမို့ ထိန်းချုပ်ရခက်နေသော တံခွန့်လက်ထဲမှာ မူမူသွင်သည် ကျားနာတစ်ကောင်လို ရုန်းကန်မာန်ဖီနေလျက်…

ကားကို အနီးဆုံးမှာရပ်၍ ဦးသက်ထက်ပိုင် ပြေးဆင်းလိုက်သည်။

"သမီး"

ဖအေ့အသံကြားလျှင် မူမူသွင် ရုန်းကန်ခြင်းများ ချက်ချင်းရပ်ဆိုင်းသွား၏။

ဦးသက်ထက်ပိုင် တံခွန့်လက်ထဲက သမီးဖြစ်သူကို ဆွဲယူလိုက်သည်။

"သမီး"





"ဒယ်ဒီ"

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဦးသက်ထက်ပိုင် မျက်ရည်ဝဲလျက် မူမူသွင် မျက်ရည်ပေါက်တွေ တပေါက်ပေါက်ကျလာသည်။

"မိုက်လိုက်တာ သမီးရယ်"

"ဒယ်ဒီ"

မူမူသွင် ဦးသက်ထက်ပိုင်ကိုဖက်ကာ ဟီးခနဲ ငိုချလိုက်သည်။

"မယားတွေ၊ သမီးတွေနဲ့ သေကွဲကွဲကျန်ခဲ့မယ့် ဒယ်ဒီကို နည်းနည်းမှမငဲ့ကြတော့ဘူးလား သမီးတို့ရယ်… သမီးတို့ မိုက်လှချေလား"

သူတို့သားအဖကို တစ်ချက်ကြည့်ကာ တံခွန် ကားဆီ ပြေးသွားသည်။

"ယမာ"

ယမာသည် နဖူးမှာ သွေးစတို့ဖြင့် သတိမလစ်သေးပေ မယ့် မျက်လုံးမဖွင့်နိုင်ဘဲ လူးလွန့်နေသည်။

"ယမာ"

တံခွန် ယမာ့ကိုယ်လုံးလေးကို ပွေ့ထုတ်လိုက်သည်။

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



ယမာ လူးလွန့်၍ မျက်လုံးလေး ပွင့်လာသည်။

""ခွန်""

""ယမာ""

ယမာ့ကို လမ်းမပေါ် အသာချလိုက်၏။

""ခွန်ရယ်""

အားကိုးမြတ်နိုးထိုက်သော ရင်ခွင်ကျယ်မှာ မှီချကာ ယမာ ရှိုက်ငိုလိုက်မိသည်။

""မကြောက်နဲ့တော့ ယမာ၊ ဘာမှမဖြစ်တော့ဘူး""

ယမာ ခေါင်းလေးခါလျက် တံခွန့်ခါးကို တအားဖက်ထား၍ ငိုနေမြဲ။

တံခွန့်သာ စွန့်စားကယ်တင်ခြင်းမပြုခဲ့ပါလျှင် ခုလောက်ဆို ယမာ့ရဲ့ရှင်သန်ခြင်းတို့ ချုပ်ငြိမ်းနေမှာဖြစ်သည်။

ရင်ဆိုင်နေရစဉ်က ဒီလောက်ဆိုးမည်မထင်။

တံခွန့်ရင်ခွင်ထဲရောက်မှ ဒူးတွေညွတ်ချင်လျက် ကြောက်စိတ်ကမပြေ။

တံခွန်က ယမာ့ပခုံးလေးကို ခပ်တင်းတင်းဖက်ထား၍ အားပေးနေသည်။

""သမီး""

ယမာ လှည့်ကြည့်၍ ဖျတ်ခနဲ မျက်နှာပြန်လွှဲကာ မျက်နှာ





ကို ရင်ခွင်နှင့် ကွယ်ပစ်လိုက်သည်။

သွေးပျက်နေသူလို ပြူးကြောင်နေသည့် မူမူသွင့်ရဲ့မျက်လုံးကြီးတွေ သေမင်းကမ်းပါးက မရဏာစစ်သံလို ရယ်မောသံတွေ။

ယမာ လုံးဝမမြင်ရဲ၊ မကြားရဲတော့ပေ။

ဦးသက်ထက်ပိုင် မူမူသွင့်ကို ဖက်ထားလျက်မှ…

""နောက်ဆုံးအကြိမ်အဖြစ် ဒီကိစ္စကို ခွင့်လွှတ်ပေးကြဖို့ နှစ်ယောက်လုံးကို ဒယ်ဒီ တောင်းပန်ပါတယ်၊ နောက်ထပ် ဒီလို မဖြစ်ဖို့ ဒယ်ဒီအသက်နဲ့ထပ်ပြီး ဒယ်ဒီ ကတိပေးပါတယ်၊ မအေအတွက် နှလုံးကွဲမတတ် ခံစားနေကြရတဲ့ ညီအစ်မနှစ်ယောက်ကို နောက်ဆုံးနားလည်ခြင်းအနေနဲ့ ခွင့်လွှတ်ပေးကြပါ""

ဦးသက်ထက်ပိုင် ငိုသံပါကြီးနှင့် တောင်းပန်နေပြန်သည်။

ခုလိုကြံစည်မှုဖြင့် ယမာကသာ အမှုဖွင့်ဦးမည်ဆိုလျှင်…

တံခွန် ယမာ့လက်ကလေးကိုဆွဲ၍ ကားရှိရာ လျှောက်လာခဲ့သည်။

မူမူသွင့်လက်ကိုဆွဲကာ ဦးသက်ထက်ပိုင် ကားအဝါလေးထဲမှာ ဒဏ်ရာရထားသည့် လီလီသွင့်ဆီ သွား၏။

ပါဂျဲရိုးကားအဖြူလေးသည် တိုက်ပွဲပြန်စစ်သားတစ်ယောက်လို ဒဏ်ရာဗလပွနှင့်ရှိသော်လည်း ချစ်သူနှစ်ဦးကို တင်ဆောင်၍ တာဝန်ကျေစွာ ပြေးလွှားနေလျက်…



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေသော တဲခွန့်လက်မောင်းမှာ ပါးလေးဖေး တင်၍ ယမာ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေဆဲ…

တဲခွန် ယမာ့မျက်နှာလေးငုံ့ကြည့်၍ ပွေ့ပိုက်ကြင်နာချင်ပေမယ့်…

ဆက်လက်ကြိုးစားပါဦးမည်
သျှင်မ

❀❀❀

BURMESE CLASSIC .com

သစ္စာမွန်စာပေ

www.burmeseclassic.com